# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၃ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၁၈၆)


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ ယမန်နေ့က ပြည်သူလေးဦးနှင့် ဆွေးနွေးခဲ့သည်များနှင့် ပတ်သက်၍ ပြီးစီးဆောင်ရွက်နိုင်ခဲ့သည်များ အသိပေးဖော်ပြထား

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီ ၁ ရက်မှစတင်၍ ဖေ့စ်ဘွတ်ကို စတင်အသုံးပြုခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် “Facebook ကိုသုံးဖို့ ဆန္ဒလုံးဝမရှိခဲ့ပါ။ ဒီအချိန်မှာတော့ COVID-19 စိန်ခေါ်မှုတွေနဲ့ ပတ်သက်ပြီး ပြည်သူတွေနဲ့ မြန်မြန်ဆန်ဆန်ထိထိရောက်ရောက် ဆက်သွယ်နိုင်ဖို့ သုံးလိုက်ပါတယ်” ဟု ရေးသားထားသည်။

ယနေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာ၌ “မနေ့က ပြည်သူ (၄) ဦးနဲ့ ဆွေးနွေးခဲ့တာတွေနဲ့ ပတ်သက်လို့ ဒီနေ့ထိ ပြီးစီးဆောင်ရွက်နိုင်ခဲ့တာတွေကို အသိပေးချင်ပါတယ်။

ငပုတောမြို့နယ်မှ သူနာပြုဆရာမလေး ဒေါ်နန်းထက်ထက်ခိုင် တင်ပြချက်များနဲ့ ပတ်သက်လို့ကတော့ ရေရရှိရေးအတွက် လူ ကယ် ပြန်ဝန်ကြီးဌာနနဲ့ ကျေးလက်ဦးစီးဌာနတို့ တာဝန်ယူလုပ်ဆောင်ပါမယ်။ PPE (၁၀) စုံ၊ လက်အိပ် (၂၀၀)၊ mask (၂၀၀) နဲ့ thermometer (၅) ခု ပုသိမ်မှ ပို့လိုက်ပါပြီ။ လှိုင်သာယာမှ ဒေါက်တာခင်ရှုပါစိုး တင်ပြချက်များနဲ့ ပတ်သက်လို့ကတော့ ဒီနေ့PPE အစုံ (၅၀၀) ထုတ်ပေးပြီးပါပြီ။

We Love Yangon မှ ဦးဆန်းမောင်မောင် တင်ပြချက်များနဲ့ ပတ်သက်လို့ကတော့ ဖယ်ရီကား (၄) စီး တိုင်းဒေသကြီးအစိုးရက စီစဉ်ထားပြီး၊ အလှူရှင်များလည်း ဆက်သွယ်လှူဒါန်းနေပါတယ်။ ဘုန်းတော်ကြီးကျောင်းများ ဆွမ်းတာဝန်ကို ရန်ကုန်တိုင်းအစိုးရနဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တာဝန်ယူပါမယ်။

“အောင်” ပရဟိတမှ ဦးကောင်းမြတ်သူ တင်ပြချက်များနဲ့ ပတ်သက်လို့ကတော့ ဖယ်ရီကား (၂) စီးကို ရန်ကုန်တိုင်းအစိုးရက ပံ့ပိုးပါမယ်။ ကွန်ပျူတာ (၁၀) လုံး၊ အလှူရှင်မရှိပါက ရန်ကုန်တိုင်းအစိုးရ ပံ့ပိုးပါမယ်။

ပြည်သူတွေအတွက် လိုအပ်ချက်တွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနေပါတယ်။ ပြည်သူတွေနဲ့ ဆက်သွယ်ခွင့်ရတာဝမ်းသာ ကျေးဇူးတင်ပါတယ်။ ဘုန်းတော်ကြီးကျောင်းထွက်၊ အညာသားလေး ဖေဖေက မိန့်ခွန်းပြောရင် တစ်ခါတလေ ပါဠိစကားလေးတွေနဲ့ အဆုံးသတ်ပါတယ်။ ဖေဖေတစ်ခါက ပြောခဲ့သလို - “မြန်မာတွေအားလုံး အဝေရာဟောန္တု” ထပ်ဆင့်ပြီး - ကမ္ဘာသူ ကမ္ဘာသားတွေအားလုံး အဝေရာဟောန္တု။” ဟု ရေးသားထားသည်။

သတင်းစဉ်

## မြိတ်မြို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ပင်လယ်ပြင်မှ ပြန်လည်ဝင်ရောက်လာမည့် ငါးဖမ်းလှေ၊ ငါးသယ်လှေများမှ ရေလုပ်သားများအား ကျန်းမာရေးစစ်ဆေးမည်



မြိတ်ကျွန်းစုဒေသရှိ ငါးဖမ်းလှေများကို တွေ့ရစဉ်။

**မြိတ် ဧပြီ ၂**

မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသော ငါးဖမ်းလှေများ၊ ငါးသယ်လှေများသည် ဧပြီလ ပထမပတ်တွင် ပင်လယ်ပြင်မှ ပြန်လည်ဝင်ရောက်လာကြမည်ဖြစ်ရာ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ရောက်ရှိလာကြမည့် နေရပ်ပြန် ငါးဖမ်းလှေများရှိ ရေလုပ်သားများအား ကျန်းမာရေးစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငါးဖမ်းလှေများနှင့် ငါးသယ်လှေများသည် လုပ်ငန်းသဘောသဘာဝအရ မြန်မာလ လပြည့်နေ့ရက်မတိုင်မီ လုပ်ငန်းခွင်မှ ပြန်လည်ဝင်ရောက်လေ့ရှိသဖြင့် ဧပြီ ၄ ရက်မှ ၈ ရက်အထိ *စာမျက်နှာ ၃ ကော်လံ ၁* ❖

**တာချီလိတ် ဘုရင့်နောင်ဈေး ဆိုင်ခန်းငှားရမ်းခများ လျှော့ချကောက်ခံပေးသွားမည်**

စာ ၅




**ဩစတြေးလျ၌ ဒေသတွင်းသတင်းစာပေါင်း ၆၀ ပုံနှိပ်ထုတ်ဝေမှု ရပ်ဆိုင်းမည်**

စာ ၁၃

**အမေရိကန်လေယာဉ်တင်သင်္ဘောပေါ်က ကိုရိုနာဗိုင်းရပ်စ်တိုက်ပွဲ**

စာ ၁၄




# ကောင်းသောအမှုပြု

ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ၏ ဂယက်က ကမ္ဘာတစ်ခွင်မှာ ရိုက်ခတ်မှုပြင်းထန်သည်။ ကမ္ဘာ့နိုင်ငံတိုင်းက မိမိတို့နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေသည့် နည်းလမ်းများဖြင့် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြရသည်။ ကူးစက်မြန်လွန်းသည့် ကိုဗစ်-၁၉ ကို ထိန်းချုပ်ရန်ဆိုသည်မှာ လူများကို ထိန်းချုပ်ရန်ကသာ အဓိကဖြစ်သည်။ မကြာမကြာ လက်ဆေးကြရန်၊ အသွားအလာများကို ကန့်သတ်တားဆီးရန်၊ လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်ဟူသော အချက်သုံးချက်မှာ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် အရေးပါသည့်အချက်များဖြစ်သည်။ သို့ရာတွင် လူတိုင်းက မလိုက်နာနိုင်ကြ။

သို့ဖြင့် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးအတွက် ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်း လုပ်အားပေးသူများကို အနှောင့်အယှက်ပြုသူများ၊ တိုက်ခိုက်သူများ ပေါ်လာသည်။ ရောဂါကာကွယ်တားဆီးရေးအတွက် ရည်ရွယ်ပြုလုပ်သည့် အတားအဆီးများ၊ ကန့်သတ်ချက်များကို တိမ်းရှောင်သူ၊ ဆန့်ကျင်သူ၊ ချိုးဖောက်သူများ ပေါ်လာသည်။ ရောဂါနောက်ကြောင်းရာဇဝင်ကို လိမ်ညာပြောကြားသူများ ပေါ်လာသည်။ ရောဂါအစပျိုးကာလ စောင့်ကြည့်နေရသည့် နေရာဌာနများမှ ထွက်ပြေးသူများ ပေါ်လာသည်။ ထိုအခါ သက်ဆိုင်ရာအာဏာပိုင်တို့ကလည်း တာဝန်ရှိသည့်အလျောက် အရေးယူတားဆီး၊ အပြစ်ပေးမှုများ ပြုလုပ်လာကြရသည်။ ရောဂါပိုးမွှား ကူးစက်ပျံ့နှံ့နေချိန်လမ်းပေါ်ထွက်လာသူများ၊ လူစုလူဝေးပြုလုပ်သူများကို တုတ်နဲ့ရိုက်တန်ရိုက်၊ ဖမ်းတန်ဖမ်း ပြုလုပ်လာကြရသည်တို့ကို နိုင်ငံတကာသတင်းများတွင် တွေ့မြင်ရသည်။ ရောဂါကူးစက်မှု ကာကွယ်တားဆီးရေးပြုလုပ်နေသည့် တာဝန်ရှိသူတို့အား အနှောင့်အယှက်ပြုသူတို့ကို သေနတ်ဖြင့် ပစ်သတ်ပြီး မြေမြှုပ်သင်္ဂြိုဟ်ပစ်ရန်ဟူ၍ပင် ခပ်ကြမ်းကြမ်း ပြောလာရသည်တို့ကိုလည်း တွေ့ရသည်။

မိမိတို့နိုင်ငံတွင်လည်း ကိုဗစ်-၁၉ အတည်ပြုလူနာစာရင်းက တိုးလာခဲ့ပြီဖြစ်သည်။ ကနဦးတွင် ရောဂါပိုးက နိုင်ငံပြင်ပမှ ကူးစက်ဝင်ရောက်လာခြင်းဖြစ်သော်လည်း နောက်ပိုင်းတွင် ပြည်တွင်း၌ပင် ကူးစက်လာနေခြင်းဖြစ်သည်။ နိုင်ငံအတွင်း ကပ်ရောဂါကြီးအသွင်ဖြစ်မလာအောင် တားဆီးထိန်းချုပ်နိုင်ရန်အတွက် အထက်တွင် ဖော်ပြခဲ့သကဲ့သို့ လူတိုင်းလူတိုင်းက လက်ဆေးရန်၊ အသွားအလာကန့်သတ်ချက်များကို လိုက်နာရန်၊ လူချင်းခပ်ခွာခွာနေရန် ဂရုပြုကျင့်သုံးနေထိုင်ကြရမည်ဖြစ်သည်။ ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုမရှိစေရေး၊ ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ကြရန် လူတိုင်းတွင် တာဝန်ရှိပြီး မလိုက်နာပါက ၁၉၉၅ ခုနှစ် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေနှင့် ငြိစွန်းပြီး အရေးယူခံရနိုင်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်သည့် ကူးစက်ရောဂါကြိုတင်ကာကွယ်သည့် လုပ်ငန်းများ၊ တုံ့ပြန်ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေးအရာရှိများ၏ ကူးစက်ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကူးစက်ရောဂါဖြစ်ပွားကြောင်းကို သတင်းပို့တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များတွင် အသွားအလာ ပိတ်ပင်တားမြစ်၊ ကန့်သတ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း လိုက်နာဆောင်ရွက်မှု မရှိခြင်း၊ ပျက်ကွက်ခြင်း စသည့်အပြုအမူများပြုလုပ်ခဲ့ကြောင်း ထင်ရှားပါက ငွေဒဏ်၊ ထောင်ဒဏ်၊ ပြစ်ဒဏ်နှစ်ရပ်ပေါင်း စသည်ဖြင့် ပြစ်ဒဏ်များ ချမှတ်ခံရနိုင်သည်။

ကိုဗစ်-၁၉ ကဲ့သို့သော ကမ္ဘာ့ကပ်ရောဂါကို တားဆီးထိန်းချုပ်ရန် ကြိုးပမ်းဆောင်ရွက်နေကြခြင်းသည် လူသားတို့၏ အသက်ပေါင်းများစွာကို ကယ်ဆယ်နိုင်ရန် အားထုတ်နေသည့် ကြီးမားလှသော ကောင်းမှုကုသိုလ်အဖြစ် လူတိုင်းပါဝင်ကြရမှာ ဖြစ်သည်။ အကြောင်းကြောင်းကြောင့် လူအား၊ ငွေအား၊ စိတ်ဓာတ်ခွန်အားတစ်ခုခု မပါဝင်နိုင်ကြသည့်တိုင်အောင် မိမိကိုယ်မိမိ တာဝန်ယူခြင်းဖြင့် ကုသိုလ်ပြုကြရမှာဖြစ်သည်။ အနည်းဆုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ အသိပညာပေးထားသည့် လမ်းညွှန်အကြံပြုချက်များနှင့်အညီ နေထိုင်ခြင်း၊ အသွားအလာကန့်သတ်မှုများ ခံယူရပါကလည်း ရောဂါအစပျိုးကာလ ၁၄ ရက်ကင်းလွတ်သည့်အထိ လိုက်နာနေထိုင်ခြင်းအားဖြင့် ကောင်းသောအမှုပြုကြစေလိုပါကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရောဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19)နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် မတ်လ ၂၆ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့၊ (၁၆:၃၀)နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်-

**COVID–19 ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၆.၃.၂၀၂၀)ရက်နေ့မှ (၂.၄.၂၀၂၀)ရက်နေ့ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ် (သိန်းပေါင်း) |
|---|---|---|
| ၁ | သမဝါယမဘဏ်လီမိတက်(CB Bank) | ၃၀၀.၀၀ |
| ၂ | ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း | ၁၅၀.၀၀ |
| ၃ | ပြည်ပရောက်မြန်မာများနှင့် ပြည်တွင်းမှ စေတနာရှင်များ | ၁၃၂.၀၀ |
| ၄ | ဗဟိုသမဝါယမအသင်းနှင့် သမဝါယမအသင်းစုချုပ်များ | ၁၃၀.၈၀ |
| ၅ | SWEETY HOME မိသားစု | ၁၀၀.၀၀ |
| ၆ | ဦးစိုးသိန်းနှင့်မိသားစု (Shwe Baho BRC Factory & Nyein Chan Thu Company) | ၁၀၀.၀၀ |
| ၇ | Luoyang Northern Ek motorcycle Co.Ltd (Dayang motorcycle China) | ၆၀.၀၀ |
| ၈ | ပြည်သူ့ပါတီ၊ ဦးကိုကိုကြီးနှင့်အဖွဲ့ | ၅၀.၀၀ |
| ၉ | ဦးကျော်ဇင်ထွန်း (Autumn Flower Co.Ltd) | ၂၅.၀၀ |
| ၁၀ | (၂၆-၃-၂၀၂၀)ရက်နေ့မှ (၃၁-၃-၂၀၂၀)ရက်နေ့ အများပြည်သူလှူဒါန်းငွေ | ၁၂၈၃.၅၀ |
| | စုစုပေါင်း | ၂၃၃၁.၃၀ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ**

## ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေမှုကို အကြောင်းပြု၍ ကုန်ဈေးနှုန်းမြင့်တက်မှုမရှိစေရေး ကုန်သည်လုပ်ငန်းရှင်များနှင့် ဆွေးနွေး

**ထားဝယ် ဧပြီ ၂**

ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေမှုကို အကြောင်းပြု၍ ကုန်ဈေးနှုန်းမြင့်တက်မှု မရှိစေရေး ကုန်သည်လုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေများအကြောင်း၊ တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကို အကြောင်းပြု၍ ကုန်ဈေးနှုန်းမြင့်တက်မှု မရှိစေရေး၊ ဒေသခံပြည်သူများအတွက် ဆန်နှင့် အခြေခံစားသောက်ကုန်များ လုံလောက်စွာ ရရှိနိုင်ရေးနှင့် ကုန်သွယ်မှုများ ပြတ်တောက်မှု မရှိစေရေးတို့ ကုန်သည်လုပ်ငန်းရှင်များက ဆွေးနွေးညှိနှိုင်း ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း၊ တက်ရောက်လာသူများက ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ကုန်သည်လုပ်ငန်းရှင်များက လက်ရှိကုန်ဈေးနှုန်းအခြေအနေများအကြောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေး၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ထားဝယ်(ခရိုင် ပြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၇၇ / ၂၀၂၀ )
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက် )

**‘ဝ’ အမျိုးသားပါတီ (WA NATIONAL PARTY) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့၊ ပန်လုံလမ်းရပ်ကွက်၊ ပန်လုံလမ်း၊ အမှတ်(၃၉)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **‘ဝ’ အမျိုးသားပါတီ (WA NATIONAL PARTY)** ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**‘ဝ’ အမျိုးသားပါတီ (WA NATIONAL PARTY)** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၈) ဖြစ်ပါသည်။

(လုသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၇၈ / ၂၀၂၀ )
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက် )

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **‘ဝ’ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ**ကို မှတ်ပုံတင်အမှတ် (၁၀)၊ ၂၁-၅-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၄၇/၂၀၁၀) ဖြင့် လည်းကောင်း၊ **‘ဝ’ ဒီမိုကရက်တစ်ပါတီ**ကို မှတ်ပုံတင်အမှတ် (၂၉)၊ ၂-၆-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆၉/၂၀၁၀) ဖြင့် လည်းကောင်း၊ **‘ဝ’ လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ**ကို မှတ်ပုံတင်အမှတ် (၁၀၁)၊ ၁၈-၁၁-၂၀၁၆ ရက်စွဲပါ ကြေညာချက်အမှတ် (၃၁/၂၀၁၆) ဖြင့် လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **‘ဝ’ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊ ‘ဝ’ ဒီမိုကရက်တစ်ပါတီ**နှင့် **‘ဝ’ လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ**တို့ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် **‘ဝ’ အမျိုးသားပါတီ (WA NATIONAL PARTY)** အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်က လိုအပ်သလို စိစစ်ပြီး **‘ဝ’ အမျိုးသားပါတီ (WA NATIONAL PARTY)**ကို မှတ်ပုံတင်အမှတ် (၁၂၈)၊ ၂-၄-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၇၇/၂၀၂၀)ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင်ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၂၅ အရ **‘ဝ’ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊ ‘ဝ’ ဒီမိုကရက်တစ်ပါတီ**နှင့် **‘ဝ’ လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ**တို့ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းရမည် ဖြစ်ပါသည်။ ထိုသို့ ဖျက်သိမ်းလိုက်သော ပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို **‘ဝ’ အမျိုးသားပါတီ (WA NATIONAL PARTY)** ပိုင်ပစ္စည်းများအဖြစ် စာရင်းပြောင်း လက်ခံရယူဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **‘ဝ’ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊ ‘ဝ’ ဒီမိုကရက်တစ်ပါတီ**နှင့် **‘ဝ’ လစ်ဘရယ်ဒီမိုကရက်တစ်တိုးတက်ဖွံ့ဖြိုးရေးပါတီ**တို့ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းအား ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာလိုက်သည်။

(လုသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ စေတနာရှင် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၂**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ စေတနာရှင်ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်း အလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ အတွင်းရေးမှူး(၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ပြည်သူ့ပါတီ ဥက္ကဋ္ဌ ဦးကိုကိုကြီးက မိမိတို့အနေဖြင့် ကမ္ဘာ့ကပ်ရောဂါ COVID–19 ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေမှုများကို သိရှိရပြီး ယခုအထိ မြန်မာနိုင်ငံတွင် COVID–19 လူနာ (၁၆) ဦးတွေ့ရှိခဲ့သည်ကို သိရှိရပါကြောင်း၊ COVID–19 ကပ်ရောဂါကို ကျော်လွှားနိုင်ရေးအတွက် ပြည်သူ့အကျိုးကို ရည်မျှော်ပြီး ဌာနဆိုင်ရာများ၊ ပါတီများ၊ လူထုလူတန်းစားအသီးသီး အားလုံးမှ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း တတ်စွမ်းသမျှ လှူဒါန်းခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့ လှူဒါန်းမှုအပေါ် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ပြည်သူများမှ လှူဒါန်းငွေများကို Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ အသုံးချဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ဖြစ်ပေါ်လာသည့် အခြေအနေ အရပ်ရပ်နှင့်အညီ ပြင်ဆင်ဆောင်ရွက်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ ယခုလှူဒါန်းမှုများသည် COVID–19 လူနာများ ကုသမှုပေးနိုင်ရန် ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များ အဆင့်မြှင့်တင်ရေးလုပ်ငန်းများအတွက်လည်း အသုံးချသွားမည်ဖြစ်သဖြင့် COVID–19 ဖြစ်စဉ် တွင်သာမက ရေရှည်အတွက်ပါ အကျိုးရှိစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလှူရှင်များ၏ ပေးအပ်လှူဒါန်းမှုများကို လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် သမဝါယမဘဏ်လီမီတက် (CB Bank)က ငွေကျပ် သိန်း ၃၀၀၊ ဦးစိုးသိန်းနှင့် မိသားစု (Shwe Baho BRC Factory and Nyein Chan Thu company) က ငွေကျပ်သိန်း ၁၀၀၊ ဗဟိုသမဝါယမအသင်းနှင့် သမဝါယမအသင်းစုချုပ်များက ငွေကျပ် ၁၃၀ ဒသမ ၈ သိန်း၊ ပြည်ပရောက် မြန်မာများနှင့် ပြည်တွင်းမှ စေတနာရှင်များက ငွေကျပ် ၁၃၂ သိန်း၊ Luoyang Northern Ek Motorcycle Co.,Ltd (Dayang Motorcycle China )က ငွေကျပ် သိန်း ၆၀၊ ဦးကျော်ဇင်ထွန်း (Autumn Flower Co.,Ltd) က ငွေကျပ် ၂၅ သိန်း၊ ပြည်သူ့ပါတီက ငွေကျပ်သိန်း ၅၀ နှင့် တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ (PPE) ၁၀၀ တို့ကို လှူဒါန်းခဲ့ကြသည်။



**သတင်းစဉ်**

❖ *ရွှေဖုံးမှ*

နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီတို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးမှုများကို တိုးမြှင့်ကာ ရောက်ရှိလာကြမည့် ငါးသယ်လှေများရှိ ရေလုပ်သားများအား ဆိပ်ငယ်ဗောတံတား အရှေ့ရေပြင်တွင် လည်းကောင်း၊ ငါးဖမ်းလှေများရှိ ရေလုပ်သားများကို ထူးထူးတိုးတံတားမှ ငါးလေလံဈေးအထိ အရှေ့ရေပြင်တွင် လည်းကောင်း ကျန်းမာရေး စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရောက်ရှိလာကြမည့် ငါးဖမ်းလှေများရှိ ရေလုပ်သားများအား ကျန်းမာရေးစစ်ဆေးနိုင်ရန်အတွက် ကျွန်းစုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း၊ မြိတ်ခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဦးစီးကော်မတီနှင့် ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ နေရပ်ပြန် ငါးဖမ်း/သယ် လုပ်ငန်းလုပ်ကိုင်နေကြသော ဒေသခံရေလုပ်သားများအား ပြန်လည်ရောက်ရှိလာပါက စစ်ဆေးဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးပွဲတွင် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ငါးဖမ်းကွက်များအတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသော ငါးဖမ်းလှေ၊ ငါးသယ်လှေ အစင်းရေ ၁၀၀ ကျော်၊ ရေလုပ်သား နှစ်သောင်းခန့် ပြန်လည်ရောက်ရှိလာပါက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ ပင်လယ်ပြင်မှ ပြန်လည်ဝင်ရောက်လာကြမည့် ငါးဖမ်း/သယ်လှေများရှိ ရေလုပ်သားများအားလုံး ကျန်းမာရေးစစ်ဆေးခံရန် ကုမ္ပဏီများ၊ ရေလုပ်ငန်းရှင်များ၊ လှေအေးဂျင့်များကို သိရှိလိုက်နာပူးပေါင်းဆောင်ရွက်ရန် ငါးလုပ်ငန်းဦးစီးဌာနမှ အကြောင်းကြားထားကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ကြိုတင်ကာကွယ်ခြင်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန် မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ မတ် ၂၅ ရက်မှစတင်ကာ မြိတ်စစ်ဆေးရေးစခန်း၌ စစ်ဆေးခံသော ငါးဖမ်း/ငါးသယ်လှေများရှိ ရေလုပ်သားများအား ပုံမှန်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

# နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးတွေ့ဆုံပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၂

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီက ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ ဗိမာန်တော်၌ ကျင်းပသည်။**

တွေ့ဆုံပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ကိုဗစ်-၁၉ ရောဂါသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ယခုလို ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံရသည်မှာ အုပ်ချုပ်ရေးမှူးများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ဆောင်ရသည့် နေရာတွင် အဓိကကျသည့် လူများဖြစ်သောကြောင့် တခြားလူကို မကူးစက်အောင် ကာကွယ်ပေးရမည့် နည်းလမ်းများကို ပြောကြားပေးရမည်ဖြစ်ကြောင်း၊ ရောဂါသည်သာမန်မဟုတ်ဘဲ မိမိတို့နိုင်ငံအတွက် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ကြောင်း၊ အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် မဆောင်ရွက်လျှင် တခြားဥရောပတိုက်က ဒုက္ခရောက်သည့် နိုင်ငံများလိုဖြစ်လာနိုင်ကြောင်းနှင့် အကောင်းဆုံးနည်းလမ်းမှာ ကြိုတင်ကာကွယ်ခြင်းဖြစ်ကြောင်း၊ ကာကွယ်ရာတွင်လည်း လူတစ်ဦးနှင့်တစ်ဦးသုံးပေအကွာနေခြင်း၊ လူစုလူဝေးကိုရှောင်ခြင်း၊ မကြာခဏလက်ကို ဆပ်ပြာဖြင့် ဆေးခြင်းနှင့် ပါးစပ်ကို နှာခေါင်းစည်းဖြင့် ကာကွယ်ထားခြင်းတို့ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးများအနေဖြင့် မိမိအုပ်ချုပ်ရာနယ်နိမိတ်အတွင်းရှိ အိမ်ထောင်စုတိုင်းကို ကိုဗစ်-၁၉ ရောဂါ မကူးစက်အောင်ကာကွယ်ပေးရမည့် နည်းလမ်းများကို နားလည်သဘောပေါက်အောင် စည်းရုံးရှင်းလင်း ပြောကြားပေးရမည်ဖြစ်ပြီး နိုင်ငံခြားမှ ပြန်လာသူများကိုလည်း စည်းရုံး၍ ၁၄ ရက်ကြာ စောင့်ကြည့်လူနာများ ထားရှိရာ နေရာများသို့ ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးပြောကြားပြီး နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြတ်ဝဏ္ဏစိုးက ကိုဗစ်-၁၉ ရောဂါဖြစ်ရသည့် အကြောင်းရင်းများ၊ နည်းပညာဆိုင်ရာ အချက်အလက်များနှင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်မှုအတွက် ဆောင်ရွက်ရမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးနေလင်းက နေပြည်တော်ကောင်စီ နယ်မြေအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာများနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။



ပျဉ်းမနားမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေး တွေ့ဆုံပွဲ ကျင်းပစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု စစ်တွေမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကန့်သတ်ထားရှိနိုင်မည့်နေရာများနှင့် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး

**စစ်တွေ ဧပြီ ၂**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသန်း၊ ပြည်နယ်လွှတ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က စစ်တွေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် သွားလာမှုကန့်သတ်ထားရှိနိုင်မည့်နေရာများနှင့် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေနည်းပညာတက္ကသိုလ်၌ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော နေရပ်ပြန်ဒေသခံများအား သွားလာမှုကန့်သတ်ထားရှိနိုင်မည့်အခြေအနေ ပြင်ဆင်ထားရှိသည့် နေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ရေချမ်းပြင်ဆိပ်ကမ်းတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး ပူးပေါင်းအဖွဲ့၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေလေဆိပ်သို့ သွားရောက်ပြီး စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသူများအား ကျန်းမာရေးဌာနနှင့် ပူးပေါင်းအဖွဲ့များမှ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် နိုင်ငံခြားသား ခရီးသည်များကို စစ်ဆေးပေးရသူများ ဖြစ်သည့်အတွက် အထူးဂရုပြုစစ်ဆေးပေးကြရန် မှာကြားခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ကျောင်းတိုက်အတွင်း၌ ယာယီခိုလှုံရန် ရောက်ရှိနေသော တိုက်ပွဲရှောင် ဒေသခံပြည်သူများ၏ စားဝတ်နေရေးအခြေအနေ၊ ကျန်းမာရေးအခြေအနေနှင့် လိုအပ်ချက်များအား ဆရာတော်အား လျှောက်ထားရာ ကျောင်းထိုင်ဆရာတော်က တိုက်ပွဲရှောင် ဒေသခံပြည်သူများအား တစ်နေ့နှစ်ကြိမ် ကျန်းမာရေးစစ်ဆေးနေမှု၊ တိုက်ပွဲရှောင်ဒေသခံပြည်သူများအတွက် လိုအပ်ချက်များကို မိန့်ကြားရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တိုက်ပွဲရှောင် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိလာသူများ မိမိနေရပ်ပြန်ချိန်မမီပါက ၎င်းတို့ကို တစ်ရက်တာ ခေတ္တတည်းခိုနိုင်ရန်နှင့် တစ်စုတစ်စည်းတည်း နေထိုင်နိုင်ရန်အတွက် စစ်တွေမြို့ရှိ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းနှင့် ခိုင်သဇင်ခန်းမတို့၌ စီစဉ်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် Coronavirus Disease 2019 (COVID – 19) ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၂၀)သို့ တက်ရောက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် သွားလာမှုကန့်သတ်ထားရှိနိုင်မည့်နေရာ၊ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့များ၏ လိုအပ်ချက်၊ ရပ်ကွက်/ကျေးရွာနေ ပြည်သူများအထိ အသိပညာပေး လှုံ့ဆော်ပေးရန် လိုအပ်ချက်၊ ကျန်းမာရေးဝန်ထမ်းများ၊ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် လိုအပ်သည့်ပစ္စည်းများ၊ အလှူရှင်များ၏ လှူဒါန်းမှုနှင့် ပြည်သူများအနေဖြင့် မိမိတို့အသိဖြင့် ပူးပေါင်းပါဝင်လာအောင် ပညာပေး စည်းရုံးဆောင်ရွက်ပေးရေး စသည့်ကဏ္ဍများကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မြန်မာ့စီးပွားရေးဘဏ်(စစ်တွေမြို့) ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**စစ်တွေ ဧပြီ ၂**

မြန်မာ့စီးပွားရေးဘဏ်(စစ်တွေမြို့)သို့ လာရောက်ကြသည့် ပြည်သူများ၊ ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရန်အတွက် ရည်ရွယ်၍ ပိုးသတ်ဆေးဖျန်းခြင်းကို ယမန်နေ့က ဆောင်ရွက်ကြသည်။

ထိုသို့ ပိုးသတ်ဆေးဖျန်းရာတွင် စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ် (စစ်တွေမြို့)နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး ထိုင်ခုံနေရာများနှင့် အဓိကနေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်ကြသည်။

ထို့ပြင် ပြည်သူများ၊ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေး လက်ဆေးရန်အတွက် လက်ဆေးကန်များ၊ ဆပ်ပြာများ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## မန္တလေးမြို့ ရောင်းဝယ်ရေး သမဝါယမအရောင်းဆိုင်များ ကုန်ပစ္စည်းမပြတ်လပ်ရေး၊ ပုံမှန်စျေးနှုန်းဖြင့် ရောင်းချရေးမှာကြား



**မန္တလေး ဧပြီ ၂**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်တို့ရှိ ရောင်းဝယ်ရေး သမဝါယမအသင်းအရောင်းဆိုင်များ၌ ဈေးရောင်းချမှုကို ဧပြီ ၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ထို့နောက် အသင်းအမှုဆောင်များ၊ အရောင်းဆိုင်ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် တာဝန်ရှိသူက စားသောက်ကုန်များ ရောင်းချရာတွင် အန္တရာယ်ဖြစ်စေမည့် စားသောက်ကုန်များ မဖြစ်စေရေး၊ လူသုံး၊ အိမ်သုံးနှင့် စားသောက်ကုန်များ ရောင်းချရာတွင်လည်း ဈေးနှုန်းကို ပုံမှန်ဈေးနှုန်းဖြင့်သာ ရောင်းချရေး၊ အခြေခံစားကုန်များ ပြတ်လပ်မှုမရှိဘဲ လုံလောက်စွာရောင်းချနိုင်ရေး၊ ဆန်နှင့်ဆီကို အိမ်တိုင်ရာရောက်ပို့ပေးသောစနစ်ဖြင့် ရောင်းချခြင်း၊ ဈေးရောင်းသူနှင့် ဈေးဝယ်သူအကြား ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးစနစ်များ၊ သတ်မှတ်ထားသော အကွာအဝေးများဖြင့် ရောင်းချရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**ကျော်လေး**

# တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်

ကျွန်မတို့သွေးချင်းလို့ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ တကယ်တော့ ကျွန်မတို့ သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့ သွေးတွေကိုပြောတာ မဟုတ်ပါဘူး။ ကျွန်မတို့စိတ်ထဲကနေ စီးဆင်းနေတဲ့သွေးကို ပြောတာပါ။ ဆိုလိုချင်တာဟာ စိတ်ထဲက သဘောချင်းဟာ တူညီမှ၊ ကျွန်မတို့ဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်မှာပါ။ အကြောထဲမှာ စီးဆင်းနေတဲ့ သွေးက ဘယ်လိုပဲတူတူ တစ်စိတ်တည်းတစ်ဝမ်းတည်းမဟုတ်ဘူးဆိုရင် ကျွန်မတို့ကို ကျွန်မတို့ သွေးချင်းလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဟံသာဝတီမြို့ဟောင်း ကျုံးတူးဖော်မှုနှင့် ကျုံးပတ်လမ်းတူးဖော်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဧပြီ ၁ ရက် ညနေ ၅ နာရီက ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့၌ ဟံသာဝတီမြို့ဟောင်း ကျုံးတူးဖော်မှုနှင့် ကျုံးပတ်လမ်းအတွင်း/အပြင် တူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အဖွဲ့အား တိုင်းဒေသကြီးရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် လုပ်ငန်းတာဝန်ယူ ဆောင်ရွက်နေသည့် Maung San KS Co.,Ltd ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဇော်တို့က ကျုံးတူးဖော်မှုနှင့် ကျုံးပတ်လမ်းအတွင်း/အပြင် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြသရာ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့သည်။

ကျုံးတူးဖော်ခြင်း လုပ်ငန်းအား ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တင်ဒါအောင်မြင်ခဲ့သည့် Maung San KS Co.,Ltd ကုမ္ပဏီမှ တာဝန်ယူကာ ဟံသာဝတီမြို့ဟောင်း အနောက်မြောက်ထောင့် မြို့ရိုး တူးဖော်မှု အမှတ် BGO-2 မှ မုတ္တမတံခါး (ကျောက်တွင်းကုန်းလမ်းဆုံ) အထိ ကျုံးအတွင်းရှိ အမှိုက်များ၊ ဒိုက်များအား ဆယ်ယူခြင်း၊ အကျယ် ပေ ၂၀၀၊ အနက် ၁၀ ပေဖြစ်အောင် ကျုံးအား ပြန်လည်တူးဖော်ခြင်း အပြင် အရှည် ပေ ၃၂၅၀ ရှိ ကျုံးအတွင်း ပတ်လမ်းနှင့် အပြင်ကျုံးပတ်လမ်းတို့အား မြေသားလမ်းအဖြစ် ဖော်ဆောင်ကာအတွင်း ကျုံးပတ်လမ်းအား ဂဝံလမ်းအဖြစ် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်သည့်အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဟံသာဝတီမြို့ရိုး တူးဖော်မှုကုန်းအမှတ် BGO-1 (သိန္နီတံခါးပေါက်အနီး)၊ BGO-2 ဟံသာဝတီမြို့ရိုး အနောက်မြောက်ထောင့်၊ BGO-3 လင်းဇင်းတံခါးပေါက်တို့ကို တူးဖော်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည့်အပြင် တူးဖော်မှု ကုန်းအမှတ် BGO-1မှ BGO-2အထိ ကျုံးတူးဖော်ခြင်း၊ ကျုံးအတွင်း/အပြင်ကျုံးပတ်လမ်းအား ဂဝံလမ်းကြမ်း ဖောက်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တူးဖော်မှုကုန်းအမှတ် BGO-1 နှင့် BGO-2 အကြားရှိ မြို့ရိုးအား တူးဖော်ထိန်းသိမ်းခြင်း လုပ်ငန်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ စေလွှတ်သည့် တူးဖော်မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်း လက်တွေ့ ဆောင်ရွက်ခဲ့ဖူးသော အတွေ့အကြုံရှိသည့်ဝန်ထမ်းများနှင့်အတူ တင်ဒါအောင် Victor Wealth ကုမ္ပဏီတို့မှ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဆိုပါ BGO-1 နှင့် BGO-2 အတွင်းရှိ ဟံသာဝတီမြို့ဟောင်း ကျုံးကို အဆင့်မြှင့်တင် ထိန်းသိမ်းခြင်း အတွင်း/အပြင် ကျုံးပတ်လမ်းကို အများပြည်သူအပန်းဖြေရန်နေရာ အပါအဝင် ထိန်းသိမ်းခြင်းလုပ်ငန်းကို Emerald Lake ကုမ္ပဏီမှရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အငြိမ်းစားယူထားကြသည့် အရာရှိကြီးများနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## တာချီလိတ် ဘုရင့်နောင်ဈေး ဆိုင်ခန်းငှားရမ်းခများ လျှော့ချကောက်ခံပေးသွားမည်

**တာချီလိတ် ဧပြီ ၂**

ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူများ စီးပွားရေးကျပ်တည်းပြီး ထိခိုက်မှုများစွာ ရှိနေချိန်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဘုရင့်နောင်ဈေးအတွင်းမှ ဆိုင်ခန်းခများကို ဈေးနှုန်းလျှော့ချ ကောက်ခံသွားမည်ဖြစ်ကြောင်း ဘုရင့်နောင်ဈေး တာဝန်ခံရုံးက ဧပြီ ၂ ရက် နံနက်ပိုင်းတွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဧပြီလအတွက် အခန်းခများ ကောက်ခံရာတွင် တစ်လလျှင် ထိုင်းဘတ်ငွေ ၄၀၀၀ ကျသင့်သည့် အခန်းများကို ဘတ် ၅၀၀ လျှော့ပေးမည်ဖြစ်ပြီး တစ်လလျှင် ဘတ် ၂၀၀၀ ကျသင့်သည့်အခန်းများကို ဘတ် ၂၀၀ လျှော့ချပေးသွားမည်ဖြစ်ကြောင်း ဈေးတာဝန်ခံရုံးက ထုတ်ပြန်ခဲ့သည်။ ကိုဗစ်-၁၉ ဂယက်ကြောင့် စီးပွားရေးလုပ်ငန်းများ ရပ်တန့်လုနီးနီးဖြစ်ပြီး ဝင်ငွေလျော့နည်းချိန်ဖြစ်သည့်အတွက် အခန်းငှားသူများ အဆင်ပြေစေရန် ယခုကဲ့သို့ လျှော့ချပေးခြင်းဖြစ်ကြောင်း ဘုရင့်နောင်ဈေးပိုင်ရှင် ဦးထွန်းနေဦးက ပြောကြားသည်။

ဆက်လက်၍ အခန်းခလျှော့ချပေးခြင်းကို ကိုဗစ်-၁၉ အကျပ်အတည်းကာလ ပြီးဆုံးသွားသည့်အထိ လျှော့ချကောက်ခံသွားရန် ရည်ရွယ်ထားပြီး အကျပ်အတည်းကာလတွင် အခြေခံလူတန်းစားများအနေဖြင့် အိမ်ခန်းလခများ လျှော့ချပေးရန် ပိုင်ရှင်များထံမှ မျှော်လင့်နေကာ မိမိအနေဖြင့် အတတ်နိုင်ဆုံး လျှော့ချကောက်ခံသွားရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။

ဆက်လက်၍ ဈေးပိုင်ရှင် ဦးထွန်းနေဦးက တာချီလိတ်မြို့၌ ဖြစ်ပေါ်လာသည့် အခက်အခဲမှန်သမျှကို မိမိတို့လုပ်ငန်းရှင်များက မျှဝေခံစားကြပြီး အစဉ်သဖြင့် ဝိုင်းဝန်းကူညီဖြေရှင်းပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ အကျပ်အတည်းကာလတွင်လည်း မိမိအနေဖြင့် အခြေခံလူတန်းစားများအတွက် စာနာစိတ်ဖြင့် အကျပ်အတည်းကာလတစ်လျှောက် ဈေးနှုန်းကို လျှော့ချကောက်ခံသွားရန် ရည်ရွယ်ထားပါကြောင်း၊ နိုင်ငံတော်အစိုးရမှလည်း ယခုကဲ့သို့ ပြည်သူများ အကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တွင် ကျသင့်သောအမြတ်ခွန်များကို လျှော့ပေါ့ပေးနိုင်ပါရန် မျှော်လင့်မိပါကြောင်း ပြောကြားခဲ့သည်။

**ယာဆေး(ပြန်/ဆက်)**

## တောင်သူလယ်သမား ဦးကြီးများသို့ အသိပေးကြေညာချက်

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်အရင်း အနှီးများအတွက် နှစ်စဉ်ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေနှင့် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ၂ ဆင့်ချေးငွေ (JICA , Two Step Loan)၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ၂ ဆင့် ချေးငွေ (MEB, Two Step Loan) တို့ကို ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူဦးကြီးများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ရရှိစေရေးအတွက် လက်ရှိထုတ်ချေးပေးလျက်ရှိသော စိုက်ပျိုးစရိတ်ချေးငွေနှင့် JICA, Two Step Loan ချေးငွေ၊ MEB, Two Step Loan ချေးငွေများအပေါ် ကောက်ခံသည့် အတိုးနှုန်းများကို အောက်ဖော်ပြပါအတိုင်း လျှော့ချပြင်ဆင် ကောက်ခံသွားမည်ဖြစ်ပါသည်-

| စဉ် | ချေးငွေအမျိုးအစား | လက်ရှိ အတိုးနှုန်း (၁ နှစ်) | ပြင်ဆင်သည့် အတိုးနှုန်း (၁ နှစ်) |
|---|---|---|---|
| (က) | စိုက်ပျိုးစရိတ်ချေးငွေ | ၈ % | ၇ % |
| ( ခ ) | JICA , Two Step Loan | ၈ % | ၆.၅ % |
| ( ဂ ) | MEB, Two Step Loan | ၉ % | ၈ % |

၃။ တောင်သူများ၏ စုဆောင်းအပ်နှံငွေအပေါ် ပေးမည့် အတိုးနှုန်းကိုလည်း ထုတ်ချေးငွေ အပေါ် အတိုးနှုန်းနှင့် လိုက်လျောညီထွေ ဖြစ်စေရန် လက်ရှိအတိုးနှုန်း ၁ နှစ် ၈% မှ ၆.၅% သို့ ပြင်ဆင်မည်ဖြစ်ပါသည်။

၄။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးငွေနှင့် စုဆောင်းအပ်ငွေတို့အပေါ် ပြင်ဆင်သည့် အတိုးနှုန်းသည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ(၁)ရက်နေ့မှ စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ သောက်သုံးရေဖူလုံစေရေးအတွက် ကျေးရွာများသို့ ရေလှူဒါန်း

**နေပြည်တော် ဧပြီ ၂**

နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကံဦးရပ်ကွက်၊ တောင်သာနှင့် မဲကုန်းကျေးရွာများသို့ သောက်သုံးရေ ဖူလုံစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အုပ်ချုပ်ရေးမှူးများမှ ဦးဆောင်၍ ကံဦးရပ်ကွက်သို့ ရေဂါလန် ၂၀၀၀၊ တောင်သာ ကျေးရွာသို့ ရေဂါလန် ၂၀၀၀ နှင့် မဲကုန်းကျေးရွာသို့ ရေဂါလန် ၂၀၀၀ စုစုပေါင်း ရေဂါလန် ၆၀၀၀ ကို အိမ်ထောင်စုအလိုက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်ဖြင့် သယ်ဆောင်၍ စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့သည်။ **(ယာပုံ)**



ဆက်လက်၍ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်ရှိ ကျေးရွာများသို့လည်း သောက်သုံးရေ ဖူလုံစေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အလှည့်ကျရေများ ပေးဝေလှူဒါန်းသွားမည်ဖြစ်ပြီး ယမန်နှစ်ကလည်း ကျေးရွာခြောက်ရွာသို့ ရေဂါလန် ၆၀၀၀၀ လှူဒါန်းပြီး မိုးမကျမီ ကာလအထိ သောက်သုံးရေများ ဆက်လက်လှူဒါန်းပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်မောင် ရေဖြူမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေ ကြည့်ရှုစစ်ဆေး



ဝန်ကြီးချုပ်ဦးမြင့်မောင်နှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစဉ်။

**ထားဝယ် မတ် ၂**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့ညနေ ၄ နာရီက ထားဝယ်ခရိုင် ရေဖြူမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှု အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် ဝန်ကြီးများက ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့၊ အခြေခံပညာမူလတန်းကျောင်း၌ သတ်မှတ် ထားသောနေရာတွင် အသွားအလာ ကန့်သတ်ခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ကလိန်အောင်မြို့ ပြည်သူ့ဆေးရုံ၌ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ပါက ကလိန်အောင်မြို့၊ လမ်းဦးစီးဌာန၊ ရှင်းလင်းဆောင်ကို သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် သွားရောက်ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထားဝယ်အထူးစီးပွားရေးဇုန်-ထီးခီးလမ်း(၁၈ မိုင်)၌ လုံခြုံရေးဂိတ် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရေဖြူမြို့နယ် မီးသတ်ဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာ၌ သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ခြင်း ဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

**(ထားဝယ် ခရိုင်ပြန်/ဆက်)**

# ချင်းပြည်နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး ပြည်နယ်အဆင့် တာဝန်ရှိသူများ ဆွေးနွေး

**ဟားခါး မေ ၂**

ချင်းပြည်နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်နယ်အတွင်း ကိုဗစ်-၁၉နှင့်ပတ်သက်၍ ပြည်သူများအား သတင်းအချက်အလက်များထုတ်ပြန် ပေးနိုင်ရေး၊ ကိုဗစ်-၁၉ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး လုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာနိုင်စေရန် ဒေသတွင်း သတင်းမီဒီယာများက တစ်ဆင့် နှိုးဆော်ပေးနိုင်ရေး၊ ချင်းပြည်နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးလုပ်ငန်းကော်မတီဝင်များနှင့် ဒေသတွင်းသတင်းမီဒီယာများတွေ့ဆုံပွဲကို မတ် ၃၁ ရက် ညနေ ၆ နာရီက ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး ပြည်နယ်လူမှုရေးဝန်ကြီးရုံးခန်း၌ ပြုလုပ်သည်။

ရှေးဦးစွာ ကိုဗစ်-၁၉ ကာကွယ်၊ထိန်းချုပ်၊ကုသနိုင်ရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင့်ထန်က ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ချင်းပြည်နယ်အတွင်း လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေများနှင့် ပြည်နယ်အစိုးရအဖွဲ့က ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို ဆွေးနွေးပြောကြားပြီးနောက် ကိုဗစ်-၁၉ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက ကမ္ဘာတစ်ဝန်းတွင် လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ နှင့်ပတ်သက်၍ သိကောင်းစရာများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ချင်းပြည်နယ် အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုနှင့်အတူ မြို့နယ်များအားလုံးကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး စမ်းသပ်ကိရိယာများ၊ ကာကွယ်ရေးပစ္စည်းများ၊ ကုသရေးဆေးဝါးများ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ချင်းပြည်နယ် ဟားခါးမြို့အခြေစိုက် သတင်းမီဒီယာဌာနများ ဖြစ်သော HakhaPost, Chin world နှင့်The Chin Journal တို့မှသတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြပြီး သတင်း မီဒီယာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ပြည်နယ်ပြည်သူ့ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးတို့က ရှင်းလင်းပြောကြားသည်။ ထို့နောက် ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး အရေးပေါ်သုံးစွဲနိုင်ရန် ရန်ပုံငွေကျပ်သိန်း ၂၀ နှုန်းဖြင့် မြို့နယ်(၉)မြို့နယ်ကို ချင်းပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေမှ ခွဲဝေထောက်ပံ့ပေးသွားမည်ဟု ပြည်နယ်လူမှုရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ နမ့်စန်ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေး ပစ္စည်းများပေးအပ်

**နမ့်စန် မေ ၂**

ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသနိုင်ရေးအတွက် မေ ၁ ရက် နံနက် ၁၀ နာရီက လွိုင်လင်ခရိုင် နမ့်စန်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးထောက်ပံ့ပစ္စည်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လာရောက်ပေးအပ်လှူဒါန်းကြောင်း သိရသည်။

လှူဒါန်းခြင်းအခမ်းအနားတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်တို့က ကိုဗစ်-၁၉ ကာကွယ်ရေးတွင် အသုံးပြုနိုင်ရန် PPE ဝတ်စုံ၊ Mask နှင့် လည်ရှည်ဖိနပ်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်နိုင်ဦးက လက်ခံရယူသည်။



နမ့်စန်ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးပစ္စည်းများ လှူဒါန်းစဉ်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဦးအောင်နိုင်ဦးက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ် ကုသရေးနှင့် ပတ်သက်၍ရှင်းလင်းရာ O2 Concentrater လက်ကျန်မရှိလိုအပ်မှု၊ puls e Oxymeter လက်ကျန် လိုအပ်မှု၊ Noncontect Thermometer လိုအပ်မှု၊ PPE လိုအပ်မှု ၅၀၀၊ N95 mask လိုအပ်မှု ၂၀၀၊ Surgical mask လိုအပ်မှု ၁၀၀၀၀၊ Surgical glove လိုအပ်မှု ၁၀၀၀၊ Exam glove ၁၀၀ လိုအပ်မှု ၁၀၀၀၀၊ Aprom လိုအပ်မှု ၂၀၀၀ တင်ပြရာပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ လိုအပ်သည်များမှာကြားပြီး ကိုဗစ်-၁၉ ကန့်သတ် သံဃာ့ဆေးရုံနှင့် ကြိုတင်ပြင်ဆင်ထားသောဆေးရုံလေးထပ်ဆောင်တို့အား သွားရောက်ကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် လွိုင်လင်ခရိုင် ပန်ခေါက်ဝိုး ဘုန်းတော်ကြီးကျောင်း၌ ခရီးသွားပြည်သူ့များအား ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးဆေးစစ်နေမှုကို ဝင်ရောက်ကြည့်ရှုပြီး၊ လွိုင်လင်တက္ကသိုလ်တွင် ထိုင်းမှပြန်လာသည့် ကျား ၁၅ ဦး၊ မ ၁၁ ဦး၊ ပင်လုံတက္ကသိုလ်တွင် မြဝတီမှဝင်ရောက်သူ ၁၅ ယောက် ထားရှိရန် ဖွင့်လှစ်ထားသောပြည်ပပြန် ကိုဗစ်-၁၉ ကာကွယ်ရန်အတွက် သတ်မှတ်ထားသောနေရာတွင် အသွားအလာ ကန့်သတ်ခြင်းကို ဝင်ရောက်ကြည့်ရှုပြီး၊ လွိုင်လင်တက္ကသိုလ်တွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းကာ လွိုင်လင်အထကကျောင်း၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရန် ကျန်းမာရေးဆေးစစ်ပြင်ဆင်ထားရှိမှုတို့ကို ဝင်ရောက်ကြည့်ရှု၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပဲခူးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများလှူဒါန်း

**ပဲခူး မေ ၂**

ပဲခူးမြို့ဗုဒ္ဓအသံဓမ္မဗိမာန်တွင် ဖွင့်လှစ်ထားရှိသည့် ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ကာကွယ်၊ ကုသထိန်းချုပ်ရေး ဆောင်ရွက်မှုအတွက် မတ် ၃၁ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများမှ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်းသိရသည်။

ကိုဗစ်-၁၉ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများလှူဒါန်းကြရာတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ငွေကျပ် ငါးသိန်း တန်ဖိုးရှိ ကိုဗစ်-၁၉ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးမိသားစုများမှ အလှူငွေကျပ် သုံးသိန်း တန်ဖိုးရှိကိုဗစ်-၁၉ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများဦးစီးဌာန ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးမိသားစုမှ အလှူငွေကျပ် နှစ်သိန်းတန်ဖိုးရှိ ကိုဗစ်-၁၉ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကိုလည်းကောင်း၊ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှမိသားစုများမှ အလှူငွေကျပ် ငါးသိန်းတန်ဖိုးရှိ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကိုလည်းကောင်း တိုင်းဒေသကြီး ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ကုသထိန်းချုပ်ရေး အထောက်အကူပြုကော်မတီရုံးအဖွဲ့ခေါင်းဆောင်ထံ အသီးသီးလှူဒါန်းပေးကြရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးညွန့်ရွှေမှ ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကျောက်ကြီးမြို့နယ် ကြောင်းပြာကျေးရွာအား တရားဝင် အမည်ပေါက်ဆောင်ရွက်နိုင်ရေး မြို့နယ်တာဝန်ရှိသူများကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကျောက်ကြီး မေ ၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ညွှန်ကြားချက်အရ တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ကြောင်းပြာကျေးရွာအား တရားဝင်အမည်ပေါက် ဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ရေးအတွက် မေ ၁ ရက်က မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်မိ ရပ်ဖများနှင့် ကျေးရွာအလယ်တန်းကျောင်း(ခွဲ)၌ ဆွေးနွေးညှိနှိုင်းရာ ကျောက်ကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ဝန်ကြီးချုပ်၏ ညွှန်ကြားချက်အား အကောင်ထည်ဖော်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးဦးစိုးတင့်က ကြောင်းပြာကျေးရွာအား တရားဝင် အမည်ပေါက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များချပြ ဆွေးနွေးခြင်း၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ဦးသိန်းဇော်က သစ်တောဦးစီးဌာနအနေနှင့် ယခု အကောင်အထည်ဖော်ဆောင်ရွက်မည့်နေရာသည် သစ်တော ကြိုးဝိုင်းနှင့် လွတ်ကင်းနယ်မြေဖြစ်သည့်အတွက် မိမိတို့ လုပ်ဆောင်လိုသည်များအား မိမိတို့ကျေးရွာပြည်သူများ အနေဖြင့် ဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

အဆိုပါ ကြောင်းပြာကျေးရွာသည် မဲဘုတ်ကျေးရွာအုပ်စု အတွင်းရှိပြီး ကြောင်းပြာကျေးရွာအဖြစ် တရားဝင်အမည်ပေါက်ရရှိစေရန်အတွက် ယခုကဲ့သို့ မြို့နယ်တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်မှုအား ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**



ကြောင်းပြာကျေးရွာတရားဝင်အမည်ပေါက်ရေး တာဝန်ရှိသူများ ဆွေးနွေးစဉ်။

# ပုသိမ်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

**ပုသိမ် ဧပြီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းအတွက် (၁၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်အတွက် အလှူငွေပေးအပ်ပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အတွက် အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် အလှူရှင်များဖြစ်ကြသော တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဇနီးဒေါ်ခင်နှင်းညို တို့က ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်နှင့်ဇနီး ဒေါ်တင်ဇာနွေ့ခင်းတို့က ငွေကျပ် တစ်သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့်ဇနီး ဒေါ်စိုးပပတို့က ငွေကျပ်တစ်သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ် တစ်သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးက ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှသန်းက ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ရွှေသောင်း မိသားစုက ငွေကျပ် တစ်သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးက ငွေကျပ် ငါးသိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး လမ်းဦးစီးဌာနက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး တံတားဦးစီးဌာနက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး ရသုံးမှန်းခြေဦးစီးဌာနက ငွေကျပ် တစ်သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**




# နေပြည်တော်ကောင်စီနယ်မြေ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့်ချေးငွေကို ကူးသန်းရောင်းဝယ်ရေးဘဏ် ရွှေ့ပြေးစီမံကိန်း စတင်ထုတ်ချေး

**နေပြည်တော် ဧပြီ ၂**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသများရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေး အခြေခံစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သည့် အရင်းအနှီးအတွက် လွယ်ကူလျင်မြန်စွာဖြင့် ချေးငွေစိစစ်ထုတ်ချေးရန် စမ်းသပ်စီမံကိန်းတစ်ခုကို ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါ စမ်းသပ်စီမံကိန်းကို ဝန်ကြီးဌာနက ကြီးကြပ်၍ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့က ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်။

သို့ဖြစ်ရာ စီမံကိန်းတွင် ပါဝင်သောချေးငွေများ စတင်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက နေပြည်တော် မြန်မာ့စီးပွားရေးဘဏ် မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်တို့ ဦးဆောင်၍ ဘဏ်မှတာဝန်ရှိသူများနှင့် ချေးငွေရယူမည့် တောင်သူ ၁၃ ဦး တက်ရောက်ကြသည်။ အဆိုပါ စီမံကိန်းအရ နေပြည်တော် ပျဉ်းမနားမြို့နယ်မှ စိုက်ပျိုးမွေးမြူရေးချေးငွေ လျှောက်ထားသူ ၁၃ ဦးသို့ ချေးငွေကျပ် ၁၂၆ သန်း ထုတ်ချေးခဲ့ကြောင်း သိရသည်။




ရွှေ့ပြေးစီမံကိန်းမှ ထုတ်ချေးသည့် ချေးငွေမှာ ပုံမှန်ထုတ်ချေးနေသည့် ကာလတို စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသည့်ပုံစံဖြင့် မဟုတ်ဘဲ စီးပွားရေးလုပ်ငန်း ဆောင်ရွက်လိုသည့် စိုက်ပျိုးမွေးမြူရေး တောင်သူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းသဘာဝနှင့် ဆောင်ရွက်မည့် စီးပွားရေးပုံစံများအပေါ် အခြေခံ၍ ချေးငွေသက်တမ်း တစ်နှစ်မှ သုံးနှစ်အထိ ခွင့်ပြုပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် အတိုးနှုန်းများနှင့်အညီ သတ်မှတ်မည်ဖြစ်သည်။

အဆိုပါ ရွှေ့ပြေးစီမံကိန်းကို နေပြည်တော်တွင်သာမက ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ပြီး ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ တိုးတက်မြင့်မားစေရန်အတွက် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် ပါဝင်လုပ်ကိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ထုတ်ချေးသွားမည် ဖြစ်သည်။ ယခင်နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များမှ ချေးငွေရယူသည့်အခါ အဓိကအားဖြင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၊ မြေ နှင့် အဆောက်အအုံတို့ ရှိမှသာ ရယူနိုင်သည့်အခြေအနေမှ ဤစီမံကိန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက ကျေးလက်နေပြည်သူများ၏ အိမ်ဂရန်၊ မြေဂရန် မရှိမှု အခက်အခဲ၊ ပုံစံ(၇)ကို အာမခံအဖြစ် ထားရှိ၍ မရသည့်အခြေအနေ၊ ချေးငွေကို ရာသီအလိုက်သာ ရရှိသည့် အခက်အခဲ၊ ပြင်ပမှ အတိုးကြီးမားစွာဖြင့် ချေးငွေရယူရသည့် ကိစ္စရပ်များကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “မောင်တို့ချယ်ရီမြေ” ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ ဒုတိယပိုင်း MRTV တွင် ဆက်လက်ရိုက်ကူး

**ရန်ကုန် ဧပြီ ၂**

“သင်္ကြန်ရင်ခုန်သံ” အစီအစဉ်အဖြစ် “မောင်တို့ချယ်ရီမြေ” ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ ဒုတိယပိုင်းကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို၌ ဆက်လက်ရိုက်ကူးသည်။

သင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရုပ်ဆိုင်းထားချိန်တွင် မြန်မာ့ရိုးရာသင်္ကြန်၏ ပုံရိပ်ကို ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများကို ရုပ်မြင်သံကြားနှင့် အင်တာနက်တို့မှတစ်ဆင့် ထုတ်လွှင့်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (FDC)မှ တာဝန်ရှိသူများ ပူးပေါင်း၍ ထိုသို့စီစဉ်ရိုက်ကူးခြင်း ဖြစ်သည်။

ထိုသို့ ရိုက်ကူးရာတွင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က အစီအစဉ်မှူးအဖြစ် ပါဝင်ဆောင်ရွက်ပြီး “မောင်တို့ချယ်ရီမြေ” ရုပ်ရှင်ဇာတ်ကားတည်းဖြတ်သူ အကယ်ဒမီ အောင်လွင်၊ သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ခင်သန်းနုနှင့် ဒေါ်မေမြင့်ရီတို့က ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးရာတွင် “မန္တလေး” ရုပ်ရှင်ထုတ်လုပ်ရေး၏ “မောင်တို့ချယ်ရီမြေ” ဇာတ်ကားကို ဒါရိုက်တာ ဦးတင်ယုမှ ရိုက်ကူးနိုင်ရန်အတွက် ဦးဝင်းဦးက ဇာတ်ညွှန်းရေးသားမှုတွင် ပညာသားပါပုံ၊ စကားလုံး အချိတ်အဆက်မိပုံ၊ အကယ်ဒမီ ခင်သန်းနုက ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့ပုံ၊ ဦးဝင်းဦးနှင့် အပေးအယူမျှစွာ သရုပ်ဆောင်ပုံ၊ ဇာတ်ကားရိုက်ကူးနေစဉ် သင်္ကြန်ရေကစားကြပုံနှင့် ထိုခေတ်အခါက ဝတ်စားဆင်ယင်မှုများ ယခုအခါ ပြန်လည်ဆန်းသစ်လာပုံတို့ကို ဆွေးနွေးကြသည်။




အဆိုပါ သင်္ကြန်ရင်ခုန်သံ စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို သင်္ကြန်ကာလအတွင်း MRTV မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**နီနီမျိုး (FDC)**

## မိုးနဲမြို့အဝင်ဂိတ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်

**မိုးနဲ ဧပြီ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကြိုတင်ကာကွယ်ရန် မြို့အဝင် ပြည်ထောင်စုလမ်းမ၊ စိန်တောင် ဘုန်းတော်ကြီးကျောင်းရှေ့၌ ကျန်းမာရေး စစ်ဆေးခြင်းကို မွန်းလွဲ ၁ နာရီမှ ညနေအထိ နေ့စဉ် အရှိန်အဟုန်မြှင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ မိုးနဲမြို့တွင်းဖြတ်သန်းသွားလာမည့် ခရီးသွားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်သောအနေဖြင့် စနစ်တကျ စာရင်းကောက်ယူခြင်း၊ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များ လိုက်နာကျင့်သုံးရန်အချက်များကို တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဖြတ်သန်းသွားသော ခရီးသွားပြည်သူများသည် မိုးနဲ၊ လင်းခေး၊ မိုင်းပန်၊ မိုင်းဆတ်နှင့်မောက်မယ်ဒေသများသို့လည်းကောင်း သွားလာနေကြသည့် ခရီးသွားများဖြစ်ကြပြီး ကျန်းမာရေးကောင်းမွန်စွာ ခရီးဆက်နိုင်ရန်အတွက် စစ်ဆေးခြင်းနှင့်လိုအပ်သော ကျန်းမာရေးပြုစုစောင့်ရှောက်မှုများပါ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# သန်လျင်၌ ရန်ကုန်-သန်လျင်တံတားနှင့် မြို့မဈေးကြီး ပိတ်မည်ဆိုသည့်သတင်း ကောလာဟလသတင်း ဖြစ်ကြောင်း သိရှိရ

ရန်ကုန် မေ ၂

**ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင် ရန်ကုန်-သန်လျင်တံတားနှင့် မြို့မဈေးကြီးတို့ကို ပိတ်မည်ဆိုသည့် သတင်းမှာ ကောလာဟလသတင်းဖြစ်ကြောင်းကို မေ ၂ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်ထံက သိရသည်။**

သန်လျင်မြို့နယ်တွင် ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများအား နေအိမ်များ၌သာနေရန်နှင့် စားသောက်ကုန်များ ဝယ်ယူရာတွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များကပူးပေါင်းပြီး အိမ်အရောက် အခမဲ့ပို့ဆောင်စနစ်ဖြင့် ကူညီပေးလျက်ရှိကြောင်း သိရသည်။

သန်လျင်မြို့နယ်တွင် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကိုလည်း သတ်မှတ်နေရာများတွင် ၁၄ ရက် စောင့်ကြည့်မှုများကို ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအဖွဲ့များ၊ ရောဂါထိန်းချုပ်ကုသရေး အထောက်အကူပြုကော်မတီများက လိုအပ်သော ကုသရေး၊ စားသောက်ရေး၊ နေထိုင်ရေးတို့ကို ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်က သန်လျင်မြို့နယ်ရှိ သဘာဝတရားရိပ်သာတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် ကျန်းမာရေးဌာနနှင့် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများပါဝင်သော အဖွဲ့များဖွဲ့စည်းကာ ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် သန်လျင်မြို့နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ထိရောက်စွာ လက်တွေ့အကောင်အထည်ဖော်ဆောင်နေသော အထောက်အကူပြု အဖွဲ့များအား ဖွဲ့စည်းလုပ်ဆောင်နေပြီး ပြည်သူများကလည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော ကာကွယ်ရေး ပစ္စည်းများနှင့် ထောက်ပံ့ရေး လုပ်ငန်းများအတွက် အလှူငွေများကိုလည်း ပါဝင်လှူဒါန်းပေးသကဲ့သို့ ဌာနဆိုင်ရာ၊ လူမှုရေးအသင်းအဖွဲ့၊ ပရဟိတအဖွဲ့များကလည်း ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အစွမ်းကုန်ကြိုးစား ဆောင်ရွက်နေကြောင်း ပြောသည်။

သန်လျင်မြို့နယ်တွင် ကူးစက်မြန်ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားမှု အတည်ပြုလူနာ ယနေ့အထိ မရှိသေးကြောင်းနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ပညာပေးရေး လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

❂ *ကျောဖုံးမှ*

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်၌ ဧပြီလ(၁)ရက်နေ့မှ(၃၀)ရက်နေ့အထိ နေ့စဉ် နံနက် ၁၀ နာရီခွဲတွင် ပျော်ရွှင်ကြည်နူးစရာ ဇာတ်လမ်းများကို အခြေခံထားသည့် Forever Group ၏ "Flowers and Butterflies" မြန်မာရုပ်သံဇာတ်လမ်းတွဲကို ကြည့်ရှုခံစားကြရမည် ဖြစ်သည်။

**သတင်းစဉ်**




နတ်ဆိုးမလေးရဲ့
ကိုယ်ရံတော်
(ထိုင်းဇာတ်လမ်းတွဲ)
(၁၀-၄-၂၀၂၀) မှ
(၁၉-၄-၂၀၂၀)ထိ
ညနေ (၄:၃၀)




Flowers & Butterflies
(မြန်မာရုပ်သံ
ဇာတ်လမ်းတွဲ)
(၁-၄-၂၀၂၀) မှ
(၃၀-၄-၂၀၂၀)ထိ
နံနက်(၁၀:၃၀)မှ
(၁၁:၃၀)ထိ

❒ *ကျောဖုံးမှ*

ရှိတယ်။ ဟိုတယ်တွေ၊ ကျွမ်းကျင်ဝန်ထမ်းတွေ၊ ယာဉ်တွေ၊ စားသောက်ဆိုင်တွေ အပါအဝင် အမှတ်တရပစ္စည်း ရောင်းတဲ့ဆိုင်ကအစ ထိခိုက်မှု ရှိပါတယ်။ ငြိမ်သက်သွားရင် အချိန်မီပြန်ကုစားဖို့ ကြိုးစားကြရမှာပေါ့။ အဲဒီလိုဖြစ်သွားတဲ့အပေါ် ရပ်တည်နိုင်အောင် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးမှုကို ဝမ်းသာကြိုဆိုပါတယ်။ အားလုံးပူးပေါင်းပြီး ကြံ့ကြံ့ခံရမယ့်သဘောတော့ ရှိတယ်"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမြင့်က ပြောသည်။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)တွင် ချေးငွေလျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက covid-19 @umfcci.com.mm တွင် ကြည့်ရှုနိုင်ပြီး 01-2301562 သို့ မေးမြန်းနိုင်ကြောင်းနှင့် ချေးငွေစတင်လက်ခံသည့် အချိန်မှ ယနေ့ထိ လျှောက်လွှာထုတ်ယူခြင်းနှင့် စုံစမ်းမေးမြန်းသူ ၁၆၀ ကျော်ရှိကာ အချက်အလက် ပြည့်စုံစွာလျှောက်လွှာတင်သူ ၅၁ ဦး ရှိသည်။

အတိုးနှုန်းသက်သာသော ချေးငွေအတွက် လျှောက်ထားရာ၌ ဦးစားပေးကုစားမည့် ကဏ္ဍတွင် ပါဝင်သော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း၊ SME ကုန်ထုတ်လုပ်ငန်းနှင့် CMP လုပ်ငန်းများလည်း လျှောက်ထားကြောင်း သိရသည်။

**သတင်း-သန်းထိုက်**
**ဓာတ်ပုံ- UMFCCI**

❁ *ကျောဖုံးမှ*

တာဝန်ရှိသူများထံ ငွေကျပ်ငါးသိန်းနှင့် ပြည်ရွှေသိဃ်ဟိုတယ်ကို လိုအပ်ပါက ဆေးရုံအဖြစ် အသုံးပြုခွင့်ကို လှူဒါန်းခဲ့ကြောင်း ပြည့်ကုဋေ ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ကြီးက ပြောသည်။

အဆိုပါအလှူရှင်များ၏ လှူဒါန်းမှုများကို ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစောသက်လျာအောင်နှင့် ဘဏ္ဍာရှာဖွေ/ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဆရာကြီး ဦးတင်ဝင်း (TWS)တို့က လက်ခံခဲ့ပြီး အလှူရှင် ဦးအောင်ကြီး (ဇနီး) ဒေါ်မူမူသွင်(သား)ပြည့်ကုဋေအောင် (ပြည့်ကုဋေအောင် ဆောက်လုပ်ရေးကုမ္ပဏီ) မိသားစုအား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဆရာကြီး ဦးတင်ဝင်း (TWS)က ပြောသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား စောင့်ကြည့်ရေးစခန်းအသီးသီး၌ လိုအပ်သောကူညီမှုများ ဆောင်ရွက်ပေးနေ

**ရေတာရှည် မေ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ပြည်ပနိုင်ငံများမှ ပြန်လည် ရောက်ရှိလာသူများအား သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစခန်း၌ထားရှိပြီး လိုအပ်သည့် ကူညီမှုများ ဆောင်ရွက်ပေးလျက် ရှိကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်ကျော်က ပြောသည်။

မေ ၁ ရက် ညနေပိုင်းအထိ ရေတာရှည်မြို့ အထကတွင် ၁၄၄ ဦး၊ ဒေါင်းနန်းကျကျေးရွာ မူလွန်ကျောင်းတွင် နှစ်ဦး၊ ရေနီမြို့ အလကတွင် ခြောက်ဦး၊ ဇေယျာသိမ်ကျေးရွာ အလက(ခွဲ)တွင် ၄၄ ဦး၊ အေးကြီးကျေးရွာ အလကတွင် ၂၈ ဦး၊ မြို့လှမြို့ အထကတွင် ၃၅ ဦး၊ ဆွာမြို့ အထကတွင် ၆၅ ဦး၊ သာဂရမြို့ အထကတွင် ၂၃ ဦး စုစုပေါင်း ၃၄၇ ဦးအား ကျန်းမာရေးစောင့်ကြည့်ပေးလျက်ရှိကြောင်း သိရသည်။



"စားသောက်ရေး ကတော့ အလှူရှင်တွေကလည်း လာရောက်လှူဒါန်းတာ ရှိတယ်။ ရွာတွေက လာပို့ပေးတာလည်း ရှိပါတယ်။ စောင့်ကြည့်ရေးစခန်းတွေမှာ နေတဲ့သူတွေကို သောက်သုံးရေ၊ လက်သန့်စင်ဆေးရည်၊ နှာခေါင်းစည်းတွေကအစ အကုန်လုံး ဖြန့်ဝေပေးထားတယ်"ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်ကျော်က ဆက်လက်ပြောကြားသည်။

**သန်းလွင်(ဆွာ)**

# ကိုဗစ်-၁၉ ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများ လာရောက်လှူဒါန်း

**လေးမျက်နှာ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အခြေခံပညာဦးစီးဌာန ပညာရေးမိသားစုက ကိုဗစ်-၁၉ ထိန်းချုပ်ကုသရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန်အတွက် PPEဝတ်စုံ ၅၀ ဝယ်ယူရန် အလှူငွေကျပ် ကိုးသိန်းကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံရှိ ရန်ပုံငွေရှာဖွေရေး ဆပ်ကော်မတီသို့ လာရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

လေးမျက်နှာမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှု ထိန်းချုပ်ကုသနိုင်ရေးနှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ဆပ်ကော်မတီအလိုက် ပါဝင်သည့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူငယ်ကော်မတီဝင်များ၊ လူမှုရေး ပရဟိတအသင်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များ အရှိန်မပျက် ဆောင်ရွက်နိုင်စေရန်နှင့် လိုအပ်ပါက ကျန်းမာရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် အတွက် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ ပူးပေါင်းပါဝင်သော ရန်ပုံငွေရှာဖွေရေးအဖွဲ့အား ဖွဲ့စည်းထားကြောင်း သိရသည်။

**ရွှေမိုး(ပြန်ဆက်)**

# ကျောက်တလုံးကြီးမြို့တွင် ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်

**ကျောက်တလုံးကြီး မေ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်က ကျောက်တလုံးကြီးမြို့ နောင်ယာဆိုင်းကျေးရွာ စစ်ဆေးရေးဂိတ်တွင် ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ စီးနင်းလာသည့် ယာဉ်များကို ပိုးသတ်ဆေးဖျန်းပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ကျောက်တလုံးကြီးမြို့အုပ်ချုပ်ရေးမှူး ဦးစောချမ်းနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် ကြက်ခြေနီဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းမှတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပြီး ဆိုင်ကယ်၊ မော်တော်ယာဉ် ၂၃၈ စီးတို့ကို ပိုးသတ်ဆေးဖျန်းခြင်း၊ စီးနင်းလာသူ ၅၉၄ ဦးတို့အား အပူချိန်တိုင်းတာပေးခြင်းနှင့် ကိုရိုနာဗိုင်းရပ်စ်မဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဆောင်ရန်/ရှောင်ရန်အချက်များကို ကျောက်တလုံးကြီးမြို့ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများတို့က အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် နောင်ယာဆိုင်းဂိတ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေး/ကြက်ခြေနီအဖွဲ့တို့အား လမ်းဦးစီးမှူး ဦးဇော်မင်းသန်းနှင့် ရှမ်းတောင်ပရဟိတညီနောင်များကွန်ရက်တို့မှ အပူချိန်တိုင်းကိရိယာ၊ လက်ဆေးဆပ်ပြာရည်နှင့် ရိက္ခာများလှူဒါန်းခဲ့ကြောင်းနှင့် ကျောက်တလုံးကြီးဌာနဆိုင်ရာများနှင့်အလှူရှင်များကလည်း အပူချိန်တိုင်းကိရိယာနှစ်ခု လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှိုင်သာယာနှင့် ရွှေပြည်သာစက်မှုဇုန်တွင် နှာခေါင်းစည်းများထုတ်လုပ်ရန် ပြင်ဆင်နေ

**ရန်ကုန် မေ ၂**

ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသော ကိုဗစ်-၁၉ ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေချိန်၌ လတ်တလော ကြိုတင်ကာကွယ်မှုဖြစ်သော လူထုကြား သွားလာမှုတွင် နှာခေါင်းစည်းများဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရန် လှိုင်သာယာနှင့် ရွှေပြည်သာ စက်မှုဇုန်တို့တွင် ထုတ်လုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း အဆိုပါစက်မှုဇုန်များမှ သိရသည်။

ယခင်က ရွှေပြည်သာစက်မှုဇုန်မှ နှာခေါင်းစည်းများကို ထုတ်လုပ်ခဲ့ပြီး ဝူဟန်တွင် ကိုဗစ်-၁၉ ဖြစ်ပွားချိန် ကုန်စည်စီးဆင်းမှုပြတ်တောက်ချိန်မှစ၍ ကုန်ကြမ်းပြတ်လပ်မှုကြောင့် ဆက်လက်ထုတ်လုပ်ခြင်းမရှိ၍ နယ်စပ်မှ ဝင်ရောက်သော အသင့်အသုံးပြုနိုင်သည့်နှာခေါင်းစည်းနှင့် PPE ဝတ်စုံကို ဈေးကြီးပေးဝယ်ယူ အသုံးပြုရလျက်ရှိသည်။ PPE ဝတ်စုံကို ပဲခူးစက်မှုဇုန်တွင် ထုတ်လုပ်လျက်ရှိသော်လည်း ဂျပန်နိုင်ငံသို့သာ တင်ပို့သောကြောင့် မြန်မာနိုင်ငံရှိ ဆေးရုံများတွင် အသုံးပြုရန် တရုတ်နိုင်ငံမှ မှာယူရရာ ယင်းကဲ့သို့ရောဂါကာကွယ်ရေးပစ္စည်းများ လိုအပ်ချိန်တွင် အခြေခံ လိုအပ်ချက်ဖြစ်သော နှာခေါင်းစည်းများကို လှိုင်သာယာစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်တို့မှ ထုတ်လုပ်နိုင်ရန် ပြင်ဆင်ခြင်းဖြစ်သည်။

"ကုန်ကြမ်းကို တရုတ်နိုင်ငံကနေ မှာရတာ။ စက်ပစ္စည်းက ခက်ခဲမှုမရှိဘူး။ ပြည်ပကို မှာတဲ့အခါမှာ ရိုးရိုးနေရာမှာသုံးမှာလား၊ ခွဲစိတ်ခန်းမှာ သုံးမှာလားဆိုတဲ့ အချက်ပေါ်မှာ မူတည်ပြီး မှာရတာ။ အသင့်သုံးပေါ့။ ပြည်တွင်းမှာ ထုတ်လုပ်နိုင်ဖို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ရုံပိုင်ရှင်တွေကို နှာခေါင်းစည်းတွေ ထုတ်လုပ်ဖို့ ပြောကြားထားတာရှိတယ်။ ပြင်ဆင်နေကြပါပြီ" ဟု ရွှေလင်ပန်းစက်မှုဇုန်ဥက္ကဋ္ဌ ဦးအေးသောင်းက ပြောသည်။

နှာခေါင်းစည်း တစ်ခုလျှင် လက်ရင်းဈေး ၁၅ ကျပ်ဖြင့် ဖြန့်ချိရာတွင် လက်ကားဈေး၌ ကျပ် ၅၀ မှ ကျပ် ၁၀၀ ထိ ရန်ကုန်မြို့ရှိ မြို့နယ်တို့တွင် ရောင်းချခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ချိန်မှ ယနေ့၌ နှာခေါင်းစည်းတစ်ခုလျှင် ကျပ် ၆၀၀ မှ ကျပ် ၇၅၀ အထိ ရောင်းချလျက်ရှိရာ ဆေးဆိုင်တိုင်းတွင် ဝယ်ယူ၍မရကြောင်း သိရသည်။ မူဆယ်နယ်စပ်ဂိတ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများ ယခုရက်ပိုင်းအတွင်း ပိုမိုဝင်ရောက်လာပြီဖြစ်ရာ PPE ဝတ်စုံနှင့် နှာခေါင်းစည်းအမျိုးမျိုးလည်း ပါဝင်ကြောင်း သိရသည်။

နှာခေါင်းစည်းများကို ပြုလုပ်ရာတွင် ပြည်ပမှပိုးသတ်ပြီးပိတ်လိပ်များကို ထုပ်ပိုး၍ ပို့ဆောင်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် နှာခေါင်းစည်းများအဖြစ် တပ်ဆင်ချုပ်လုပ်ရောင်းချခြင်းဖြစ်ရာ အဓိကမှာ ကုန်ကြမ်းပစ္စည်းဖြစ်သည်။

" ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလမှာ အထည်ချုပ်စက်ရုံတွေပိတ်ခဲ့ရင်အလုပ်သမားတွေ မနစ်နာအောင် နှာခေါင်းစည်းတွေ ထုတ်ဖို့ လုပ်ငန်းရှင်တစ်ဦးပြောတာရှိတယ်။ ကုန်ကြမ်းပေးပြီး ကုန်ချောပြန်ယူမယ်လို့ ပြောတယ်။ PPE ဝတ်စုံထုတ်မယ်ဆိုတာ မကြားပေမယ့် နှာခေါင်းစည်းထုတ်ဖို့တော့ ပြင်ဆင်နေတယ်။ ရွှေပြည်သာ စက်မှုဇုန်(၁)မှာ ဖြစ်ဖို့များတယ်။ အခုချိန်မှာ ရောင်းချသူတွေအနေနဲ့ အမြတ်နည်းနည်းယူပြီး ရောင်းချပေးမယ်ဆိုရင် အမျိုးသားကျန်းမာရေးကို စောင့်ရှောက်ရာလည်း ရောက်ပါတယ်။ တရုတ်နိုင်ငံကသွင်းတာ ဈေးမကြီးဘူး။ အခုကြားနေရတာ တစ်ခု ငွေကျပ် ၇၀၀ ကျော်ဆိုတော့ ပြည်သူလည်း နစ်နာတယ်"ဟု ရွှေပြည်သာစက်မှုဇုန်(၁)ဥက္ကဋ္ဌ ဦးမျိုးသိန်းက ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးတွင် အများပြည်သူ နှာခေါင်းစည်းများ တပ်ဆင်ခြင်းသည် ရောဂါကူးစက်နိုင်မှုကို ကာကွယ်နိုင်ပြီး အများပြည်သူဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် နှာခေါင်းစည်းများကို ထုတ်လုပ်နိုင်ရန် စက်မှုဇုန်နှစ်ခု၌ ပြင်ဆင်နေကြောင်း သိရသည်။ **၁၆၄**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မလှိုင်မြို့မဈေးမှ ဟင်းသီးဟင်းရွက်၊ သားငါးဆိုင်များကို နံနက်ခင်းပျံကျဈေးသို့ ခွဲထုတ်မည်

**မလှိုင် မေ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့ရှိ မြို့မစည်ပင်သာယာ ဈေးအတွင်း ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအဖြစ် လူကျပ်တည်းမှု ဖြေလျှော့စေရန် ဈေးရောင်းချနေမှုများကို နံနက်ခင်းပျံကျဈေးသို့ ခွဲထုတ်သွားမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မလှိုင်မြို့ရှိ မြို့မစည်ပင်သာယာဈေးမှာ ဧရိယာအကျယ်အဝန်း ၅ ဒသမ ၄ ဧကကျယ်ဝန်းကာ ဈေးဆိုင်ခန်းပေါင်း ၈၂၀ ကျော်ရှိပြီး ဈေးရောင်းသည့် ဈေးသည်ပေါင်း ၁၀၀၀ ကျော်ရှိသည်။

အဆိုပါဈေးမှာ မလှိုင်မြို့ရှိ ကျေးရွာပေါင်း ၂၄၇ ရွာမှ ဒေသခံတို့၏ အဓိကအားကိုးရာ ဈေးကြီးဖြစ်ပြီး ငါးရက်တစ်ဈေးခင်းသည့် ဈေးနေ့များနှင့် ဥပုသ်ပြီး တစ်ရက်နေ့များတွင် ပိုမိုစည်ကားသည့် ဈေးဖြစ်သည်။

ဈေးအတွင်း ဈေးသည် ဈေးဝယ်များ ပြည့်နှက်နေ၍ မလှိုင်မြို့ရှိ ပြည်သူ့ဆေးရုံး ဆရာဝန် ဒေါက်တာကောင်းလျှံနှင့် စည်ပင်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများက ဈေးဝင်ပေါက်များတွင် အသံချဲ့စက်ဖြင့် အသိပညာပေးခြင်း၊ ဈေးအတွင်း အသံချဲ့စက်ဖြင့် လိုက်လံအသိပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများလည်း ဆောင်ရွက်ခဲ့သည်။

ယင်းနောက် သက်ဆိုင်ရာ တာဝန်ရှိသူများ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် ဈေးအတွင်း လူကျပ်တည်းမှု ဖြေလျှော့စေရန် ၂၀၁၉ အောက်တိုဘာ ၁၀ ရက်တွင် စမ်းသပ်ဖွင့်လှစ်ခဲ့သည့် မြို့ဦးကွက်သစ်ရှိ ပျံကျဈေးသို့ ဈေးရောင်းချသူများအား ခွဲထုတ်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။

အဆိုပါဈေးသို့ မလှိုင်မြို့မ စည်ပင်သာယာဈေးအတွင်းမှ ဟင်းသီးဟင်းရွက်နှင့် အသားငါး ရောင်းချသူများအား မြို့ဦးကွက်သစ်ရှိ ပျံကျဈေးတွင် ရောင်းချရမည်ဖြစ်ပြီး အဆိုပါဈေးမှာ မြေကေ နှစ်ကေခန့် ကျယ်ဝန်းကာ ဈေးသည်များ ရောင်းချနိုင်ရေးအတွက် မြို့မစည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည်။

ဟင်းသီးဟင်းရွက် ရောင်းချသူများနှင့် အသား/ငါးရောင်းချသူများမှာ မြို့ဦးကွက်သစ် ပျံကျဈေးသို့ ၂၀၂၀ မေ ၄ ရက် ညနေ အပြီးရွှေ့ရမည်ဖြစ်ပြီး (မလှိုင်ဈေးနေ့) မေ ၅ ရက်တွင် အရောက် စတင်ရောင်းချရမည်ဖြစ်ကာ လိုက်နာမှုမရှိသူများအား စည်ပင်သာယာရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် လိုအပ်ပါက ကူးစက်ရောဂါတိုက်ဖျက်ရေးဥပဒေ/ ဒေသန္တရဥပဒေများဖြင့်ပါ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**





ဇဟန်းမြို့နယ်ကြက်ခြေနီအသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးတင်သိန်းနှင့်အဖွဲ့ မြန်မာ့အလင်းသတင်းစာတိုက် အဆောက်အအုံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ပက်ဖျန်းနေစဉ်။ ဓာတ်ပုံ- မင်းထက်

# ဇဟန်းမြို့နယ် ကြက်ခြေနီအသင်း ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေးပက်ဖျန်း

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဇဟန်းမြို့နယ် ကြက်ခြေနီအသင်းခွဲ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့သည် ဇဟန်းမြို့နယ်အတွင်း ရုံး၌ာနများ၊ ဘုရားကျောင်းကန်များနှင့် ပြည်သူများ သွားလာလှုပ်ရှားမှုများရာ နေရာများ၌ ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ပြည်သူ့အကျိုးပြု ဆောင်ရွက်ခဲ့ကြောင်း အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော့်တို့ အသင်းအနေနဲ့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ဆေးဖျန်းခြင်း လုပ်ငန်းတွေကို ပြီးခဲ့တဲ့ မတ်လ နောက်ဆုံးပတ်ကတည်းက စတင်လုပ်ဆောင်ခဲ့တာပါ။ ခုဆိုရင် ငါးရက်မြောက်ရှိပါပြီ။ အထူးသဖြင့် လူအများ သွားလာလှုပ်ရှားမှုများတဲ့ ရုံး၌ာနတွေ၊ အဖွဲ့အစည်းတွေ၊ ရပ်ကွက်အတွင်း ပြည်သူတွေ သွားလာလှုပ်ရှားမှုများတဲ့ နေရာတွေကို အထူးအလေးပေး ဆောင်ရွက်ခဲ့ပါတယ်။ ဘယ်သူ၊ ဘယ်အဖွဲ့အစည်းပဲ ကျွန်တော်တို့ကို ကမ်းလှမ်းကမ်းလှမ်း အဖွဲ့အနေနဲ့ အားလုံးကိုညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ အဲဒီအတွက် ဘာအကျိုးအမြတ်မှ မယူပါဘူး။ ပြည်သူအကျိုးပြု ဝန်ဆောင်မှုအနေနဲ့ လုပ်ဆောင်ပေးတာပါ" ဟု ဇဟန်းမြို့နယ် ကြက်ခြေနီအသင်းခွဲ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးတင်သိန်းက ပြောသည်။

အဆိုပါ ဇဟန်းမြို့နယ် ကြက်ခြေနီအသင်းအဖွဲ့သည် မတ် ၂၈ ရက်မှ စတင်ကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖျန်းခြင်း လုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့ရာ ယနေ့ဆိုရင် ငါးရက်မြောက်ပြီဖြစ်ပြီး ဇဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ သာသနာ့ရိပ်သာ စသည့် ပြည်သူများထိတွေ့မှုများရာ နေရာများတွင် ကာကွယ်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်း ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးဖျန်းအဖွဲ့တွင် ဇဟန်းမြို့နယ် ကြက်ခြေနီအသင်းခွဲ ကြက်ခြေနီသူ နာပြုတပ်ဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်သိန်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအောင်ကိုဦးတို့ ဦးဆောင်ပြီး စုစုပေါင်း အဖွဲ့ဝင် ခြောက်ဦးလိုက်ပါကာ ယနေ့ညနေပိုင်းတွင်လည်း ဇဟန်းမြို့နယ် နတ်မောက်လမ်းသွယ်-၁ ရှိ မြန်မာ့အလင်းသတင်းစာတိုက်၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ စင်ကာပူ- မြန်မာ သက်မွေးသင်တန်းကျောင်း စသည့် နေရာများသို့ ပက်ဖျန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# မိုင်းစံမြို့၌ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**မိုင်းစံ မေ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းစံမြို့ အဝင်အထွက် ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့များက နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုင်းစံမြို့၏စစ်ဆေးရေးဂိတ်တွင် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့တို့ပါဝင်သော ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က မြို့ဝင်/ထွက်သွားလာနေသော ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးစာစောင်၊ ကျန်းမာရေးကိုယ်အပူချိန်တိုင်းတာစစ်ဆေးရေး၊ ကျန်းမာရေးလက်ကမ်းစာစောင်များကို ရှမ်း၊ မြန်မာဘာသာဖြင့် ဖြန့်ဝေပေးခြင်း၊ နေရပ်ပြန်ပြည်သူများရှိပါက စာရင်းကောက်ယူ၍ စောင့်ကြည့်စစ်ဆေးခြင်းများကို နေ့စဉ် နံနက် ၈ နာရီမှစ၍ ညနေ ၅ နာရီအထိ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ချို (ပြန် /ဆက်)**

# ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လှျပ်စစ်မြစ်ရေတင်၌ အခြားသီးနှံ ဧက ၅၀၀ ပြည့်မီရေးနှင့် စိုက်ပျိုးရေ ပြည့်ဝစွာရရှိရေးဆောင်ရွက်



**ဆိပ်ဖြူ ဧပြီ ၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အောက်ဆိပ်လှျပ်စစ်မြစ်ရေတင် စီမံကိန်းတွင် နွေရာသီ အခြားသီးနှံ စိုက်ပျိုးသည့် တောင်သူများ စိုက်ပျိုးရေပြည့်ဝစွာရရှိရေးနှင့် စိုက်ဧက ပြည့်မီရေးအတွက် ဧရာဝတီမြစ်မှ ရေခေါ်မြောင်းတူး၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဧရာဝတီမြစ်မှ အောက်ဆိပ်လှျပ်စစ်မြစ်ရေတင်ရေခေါ် မြောင်းဖောက်လုပ်ခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၅ ဒသမ ၇ သန်းနှင့် ဒီဇယ်ဆီ ဂါလန် ၇၀၀၀ ခွင့်ပြုထောက်ပံ့ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန(ရေအရင်းအမြစ်)၊ အောက်ဆိပ်လှျပ်စစ်မြစ်ရေတင်စီမံကိန်းမှ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက ဇန်နဝါရီ ၂၇ ရက်မှ မတ် ၁၀ ရက်အထိ ရေခေါ်မြောင်း အရှည်ပေ ၂၆၀၀၊ မြောင်းအကျယ် ပေ ၄၀၊ အမြင့်ပေ ၉၀ ရှိသော ရေခေါ်မြောင်းနှင့် ပွန်တွန်းရေဝပ်ကျင်းတို့ကို ယန္တရားယာဉ်နှစ်စီးနှင့် သောင်တူးပန့်စက်လှေနှစ်စင်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။

အောက်ဆိပ်လှျပ်စစ်မြစ်ရေတင် စီမံကိန်းတွင် ၂၀၂၀ နွေရာသီတွင် အခြားသီးနှံဧက ၅၀၀ စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်ထားရှိပြီး လက်ရှိ အခြားသီးနှံစိုက်ပျိုးမည့် တောင်သူများအတွက် ထပ်ဆင့်ရေတင်(၃)နှင့် လက်တံမြောင်း ၁၀ ခုမှ စိုက်ပျိုးရေကို ရေကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးပြီးစီးမှုမှာ ဧက ၁၀၀ ကျော်သွားပြီဖြစ်ကြောင်း၊ ရေခေါ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ရာတွင် ယခင်နှစ်ထက် ဧရာဝတီမြစ်ရေလျော့ကျမှုများ ရှိသည့်အတွက် ယခင်နှစ် ရေခေါ်မြောင်းတူးခြင်းထက် သုံးပေခွဲခန့် ထပ်မံတူးဖော်ခဲ့ရပြီး နွေသီးနှံအတွက် တောင်သူများက ယခင်နှစ် ရေခေါ်မြောင်း တူးဖော်ပေးမှုကြောင့် ပဲတီစိမ်းနှင့် အခြားသီးနှံ စိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းရရှိမှုအပေါ် အကျိုးအမြတ်များရှိခဲ့သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံ တောင်သူများ၏ဆန္ဒများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါ ရေခေါ်မြောင်းကို တူးဖော်ပေးခြင်းဖြင့် နွေရာသီ အခြားသီးနှံစိုက်ပျိုးသည့် တောင်သူများအပြင် မိုးရာသီတွင် မိုးစပါးနှင့် အခြားသီးနှံစိုက်ပျိုးမည့် တောင်သူများအတွက်ပါ စိုက်ပျိုးရေကို ဆောလျင်ပြည့်ဝစွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း အောက်ဆိပ်လှျပ်စစ်မြစ်ရေတင်စီမံကိန်း တာဝန်ရှိသူထံမှ သိရသည်။

**စိုးလင်းနိုင်**
**(မြန်/ဆက်)**

# ခရီးသည် ထက်ဝက်ထက် ပိုမိုတင်ဆောင် ပြေးဆွဲခဲ့သည့် ပန်တော်ဦးယာဉ်လိုင်းအား ပိတ်သိမ်းအရေးယူ

**မန္တလေး ဧပြီ ၂**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်ထိန်းချုပ်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိဘဲ ခရီးသည် ထက်ဝက်ထက် ပိုမိုတင်ဆောင်ပြေးဆွဲခဲ့သည့် ပန်တော်ဦးယာဉ်လိုင်းကို ဧပြီ ၂ ရက်မှစ၍ ပိတ်သိမ်းအရေးယူဆောင်ရွက်ခဲ့ကြောင်း လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှ သိရသည်။




''မတ် ၃၁ ရက်က ထွက်ခွာတဲ့ ခရီးစဉ်မှာ စစ်ဆေးတဲ့အချိန် ခရီးသည်တွေ ပိုမိုတင်ဆောင်လာတာ တွေ့ရတယ်။ အဲဒီမှာ ခရီးသည်တွေကို လျှော့ချခိုင်းပြီး ထွက်သွားတယ်။ ထွက်သွားတဲ့ အချိန်ခရီးသည်တွေ ဘယ်လိုနည်းနဲ့ ပြန်ရောက်လာတယ်မသိဘူး၊ သတ်မှတ်ခရီးသည် အရေအတွက် ပိုမိုတင်ဆောင်တာကို တွေ့ရတယ်။ သက်ဆိုင်ရာအဖွဲ့တွေနဲ့ ဖြစ်စဉ်အစအဆုံး စစ်လိုက်တဲ့အခါ ခရီးသည် ၃၁ ဦး တင်ဆောင်လာတာတွေ့ရတယ်။ ချမှတ်ထားတဲ့ စည်းကမ်းတွေကို မလိုက်နာတဲ့အတွက် မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ရဲ့ စီစဉ်တဲ့အတိုင်း ဒီနေ့ပဲ ယာဉ်လိုင်းကို စပြီးပိတ်လိုက်တယ်'' ဟု မန္တလေးတိုင်းဒေသကြီး လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန ဒုတိယဦးစီးမှူး ဦးမောင်မောင်အေးက ပြောသည်။

အဆိုပါယာဉ်လိုင်းသည် မန္တလေး၊ မကွေး၊ မင်းဘူး၊ စလင်း၊ ဆင်ဖြူကျွန်းများသို့ ပြေးဆွဲပေးနေသောယာဉ်လိုင်းဖြစ်ပြီး မတ် ၃၁ ရက် ည ၇ နာရီတွင် မန္တလေးမှ ထွက်ခွာရာ ယာဉ်စီးခ နှုန်းထား နှစ်ဆ ကောက်ခံခဲ့သော်လည်း တင်ဆောင်ရမည့် ခရီးသည်အရေအတွက် ထက်ဝက်ထက် ပိုမိုတင်ဆောင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

''ပန်တော်ဦးယာဉ်လိုင်းကို ပိတ်သိမ်းလိုက်တယ်။ ပန်တော်ဦးယာဉ်လိုင်းမှာ ရောင်းချထားတဲ့ ခရီးသည်ယာဉ်လက်မှတ်တွေအားလုံးကို ကော်မတီကနေ ကူညီပြီး ဆောင်ရွက်သွားမှာပါ။ ခရီးသည်တွေ အဆင်ပြေစွာနဲ့ သက်ဆိုင်ရာ ဒေသအသီးသီးကို သွားနိုင်အောင် ဆောင်ရွက် ပေးသွားမှာပါ၊ လိုအပ်လာရင် ရုံးကားတွေနဲ့ ခရီးသည်တွေကို ပို့ဆောင်ပေးသွားမှာ ဖြစ်ပါတယ်''ဟု မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းကြီးကြပ်မှု ကော်မတီ(အဝေးပြေး)ဥက္ကဋ္ဌ ဦးအောင်ကျော်လင်းက ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု၊ ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးနှင့် မန္တလေးမြို့မှ ထွက်ခွာသည့် ခရီးသည်ယာဉ်အသင်းများ၊ ဝင်ရောက်လာသည့် ယာဉ်အသင်းများ အားလုံးအနေဖြင့် ယာဉ်တစ်စီးမူလတင်ဆောင်နိုင်သည့် ခရီးသည်အရေအတွက် ၅၀ ရာခိုင်နှုန်း (ထက်ဝက်)ကိုသာ လက်မှတ်ရောင်းချသယ်ယူပို့ဆောင်ရန်၊ သယ်ယူပို့ဆောင်သည့် ခရီးသည်များ နေရာချထားမှုကိုလည်း တစ်ဦးနှင့်တစ်ဦး နီးကပ်မှုမရှိအောင် နေရာချထား သယ်ယူပို့ဆောင်ရန်၊ ယာဉ်တစ်စီးလျှင် သယ်ယူပို့ဆောင်ရမည့် ခရီးသည် အရေအတွက် ၅၀ ရာခိုင်နှုန်း (ထက်ဝက်) လျှော့ချတင်ဆောင်၍ သယ်ယူပို့ဆောင်ရမည် ဖြစ်သည့်အတွက် ယာဉ်အသင်းအဖွဲ့များ နစ်နာမှုမရှိစေရန် လက်မှတ်ခကို လက်ရှိသတ်မှတ်ဈေး၏ နှစ်ဆနှုန်းဖြင့် ရောင်းချသွားရန်၊ အဓိကရည်ရွယ်သည်မှာ ခရီးသည်အရေအတွက် လျှော့ချရေးဖြစ်သည်ကို နားလည်သဘောပေါက်ရန်နှင့် မိမိမြို့နှင့် အများပြည်သူအကျိုးအတွက် မဖြစ်မနေ အလေးထားလိုက်နာဆောင်ရွက်ကြရန် မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီ (အဝေးပြေး)မှ တစ်ဆင့် ယာဉ်အသင်းများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း သိရသည်။

**ထိပ်ထားနိုင်**




# ရန်ကုန်-ကိုကိုးကျွန်းသင်္ဘောခရီးစဉ် ခေတ္တဆိုင်းငံ့ထားမည်

**ရန်ကုန် ဧပြီ ၂**

ကိုကိုးကျွန်းမြို့နယ် ပြည်သူများသွားလာမှုအဆင်ပြေစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း ဆောင်ရွက်သည့်အခါ အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏စီမံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ ( YRTA )က ရန်ကုန်-ကိုကိုးကျွန်းသင်္ဘောခရီးစဉ်ကို ပြေးဆွဲလျက်ရှိသည်။

ခေတ္တဆိုင်းငံ့ထား

ပထမအကြိမ် ရန်ကုန်-ကိုကိုးကျွန်းသင်္ဘောခရီးစဉ်ကို ဇန်နဝါရီ ၂၁ ရက်က ပြေးဆွဲခဲ့သည်။ ဒုတိယအကြိမ် သင်္ဘောခရီးစဉ်ကို မတ် ၄ ရက်တွင် ပြေးဆွဲရန်စီစဉ်ထားသော်လည်း ကိုကိုးကျွန်းတွင် သင်္ဘောကပ်ရန် အခက်အခဲကြောင့် မတ် ၇ ရက်သို့ ပြောင်းလဲပြေးဆွဲပေးခဲ့သည်။ ဧပြီ ၃ ရက်တွင် တတိယအကြိမ် သင်္ဘောခရီးစဉ်ကို ပြေးဆွဲရန်စီစဉ်ထားသော်လည်း ခေတ္တဆိုင်းငံ့ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ ( YRTA ) မှ ရန်ကုန်-ကိုကိုးကျွန်း သင်္ဘောခရီးစဉ်ပြေးဆွဲမှုကို တစ်လတစ်ကြိမ် ပြေးဆွဲနိုင်ရန်ဆောင်ရွက်သွားမည်ဟု သိရသည်။ သယ်ယူပို့ဆောင်မှုအပိုင်းတွင် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို တင်ဆောင်ပြေးဆွဲပေးလျက်ရှိသည်။ အလည်အပတ်ခရီးသွားမည့်သူများ မပါဝင်ကြောင်း သိရသည်။

တတိယမြောက် ရန်ကုန်-ကိုကိုးကျွန်းခရီးစဉ်ကို ခေတ္တဆိုင်းငံ့ထားပြီး ပြေးဆွဲသည့်ကာလရောက်လျှင် ကုန်စည်အနေအထားပေါ်မူတည်ကာ ညီညွတ်မျှတသည့် ပို့ဆောင်ခကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၉ ရက်အထိ ကလေးဝမြို့နယ် ပလ္လင်ကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းသစ်ခွဲသား ၅ ဒသမ ၂၆၆၂ တန်၊ ထီးချိုင့်မြို့နယ် ခြောက်မျက်နှာရွာအနီးမှ တရားမဝင် ကညင်၊ ထောက်ကြံ့၊ ကြက်တောစာ၊ အိပ်ခွေ့၊ အင်ကြင်း၊ သပြေ ၂၇ ဒသမ ၅၈၀၄ တန်၊ အင်ဂျင်(ပျက်) တစ်လုံး၊ လွှဝိုင်း နှစ်ခုနှင့် ဆက်စပ်ပစ္စည်းတို့ကို လည်းကောင်း။

သာပေါင်းမြို့နယ် ရှောက်ချောင်းဝအနီး ငဝန်မြစ်ကမ်းဘေးမှ တရားမဝင်တောင်သရက် ခွဲသား ၉ ဒသမ ၁၃၅၂ တန်၊ ကျောက်ဆည်မြို့နယ် ရဲရမန်းကြိုးဝိုင်း အကွက်အမှတ်(၂၀၊ ၂၆) လှောင်ချောင်းအတွင်း တရားမဝင် ကျွန်းသစ်ခွဲသား ၁၆ ဒသမ ၉၁၁၄ တန်၊ အင်ဂျင် တစ်လုံးကိုလည်းကောင်း၊ ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းအနီးမှ တရားမဝင် ပျဉ်းကတိုးခွဲသား ၁၆ ဒသမ ၁၉၁၀ တန်၊ ရေတာရှည်မြို့နယ် အုတ်ဖိုရွာမြောက်ဘက် (၂)မိုင်ခန့်အကွာ ရိုးမကြိုးပြင်ကာကွယ်တောအတွင်းမှ တရားမဝင် ကျွန်းသစ်ခွဲသား ၇ ဒသမ ၉၄၉၆ တန်၊ အနောက်ဆွာကြိုးဝိုင်း အကွက်အမှတ်(၄၅၊ ၄၆၊ ၆၁၊ ၇၉) အတွင်းမှ တရားမဝင် ကျွန်းခွဲသား ၃၅၂ ချောင်း(၄၀ ဒသမ ၆၂၄၆ တန်) ကို လည်းကောင်း။

အုတ်တွင်းမြို့နယ် အုတ်တွင်း-ပေါက်ခေါင်းလမ်းမိုင်တိုင် (၅၉/၃) ဒေသအခေါ် (တံခွန်တိုင်) ပေါက် ဖြူးကွန်းကြိုးဝိုင်း အကွက်အမှတ် (၄၅၊ ၄၄၊ ၄၃၊ ၆၁)နေရာများမှ တရားမဝင်ကျွန်းသစ်ခွဲသား၊ ခွဲခြမ်း၊ စိတ် ၁၆ ဒသမ ၃၂၃၀ တန်၊ မင်းလှမြို့နယ် ကုလားကုန်းကျေးရွာ အရှေ့တောင် သုံးဖာလုံခန့်အကွာမှ တရားမဝင် ပျဉ်းကတိုး၊ သဒီ၊ သပြေ၊ တောင်သရက်၊ ဖောင်းပုလွေးသစ် ၇ ဒသမ ၄၆၄၀ တန်၊ ပဲခူးမြို့နယ် ကိုယ်တူကွဲဆည်အတွင်း ဖျံချောင်းဖျားမှ တရားမဝင် ကျွန်းခွဲသား ၃၂ ဒသမ ၇၃၈၈ တန်ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပတ်သက်သူများအား စုံစမ်းရှာဖွေ ဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# အင်းတော်မြို့နယ်တွင် လင်မယားချင်းစကားများ ရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**စစ်ကိုင်း မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်ရုံကျေးရွာတွင် မတ် ၃၁ ရက် ည ၁၁ နာရီခွဲခန့်က မော်လူးမြို့မရဲစခန်းမှ ရဲအုပ် လင်းအောင် ဦးစီးသောအဖွဲ့သည် လူသတ်မှုတစ်ခုဖြစ်ကြောင်း သတင်းအရ သွားရောက်ကြည့်ရှုစစ်ဆေးရာ အင်းတော်မြို့နယ် နန့်ရုံကျေးရွာနေ ကိုထွန်းအေးနှင့် မရီရီထွန့်တို့လင်မယားချင်း စကားများရန်ဖြစ်ရာမှ ကိုထွန်းအေးက မရီရီထွန်း၏ ဆံပင်ကိုဆွဲရမ်းရာမှ တိုင်နှင့်ရိုက်မိပြီး ရရှိသောဒဏ်ရာဖြင့် ၎င်း၏နေအိမ်တွင် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကိုထွန်းအေးအား မော်လူးမြို့ ရဲစခန်းက ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ကျိုင်းလပ်၌ အမျိုးသားတစ်ဦး ယာဉ်ကြိတ်မိ၍ သေဆုံး

**ကျိုင်းလပ် မေ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် မေ ၁ ရက် ည ၁၀ နာရီ မိနစ် ၂၀ ခန့်က ဦးမြင့်ကျော် မောင်းနှင်၍ ဦးစောဝင်းကြည်နှင့် သူရကျော်စွာတို့ လိုက်ပါစီးနင်းလာသော လိုက်ထရပ်ယာဉ်သည် ကျိုင်းလပ်-တာလေသွား လမ်းမပေါ် ကျိုင်းလပ်မြို့ အမှတ်(၂)ရပ်ကွက်(ဝမ်နတ်) အရောက်တွင် ဦးစောဝင်းကြည်၏ ဦးထုပ်ပြုတ်ကျသဖြင့် ယာဉ်ရပ်ပြီး ဦးထုပ်ဆင်းကောက်နေစဉ် ယာဉ်နောက်ပြန်ဆုတ်ရာမှ ဦးစောဝင်းကြည်အား တိုက်မိကာ ယာဉ်ယာဘက်နောက်ဘီးဖြင့် ကြိတ်မိသေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်အား မဆင်မခြင် မောင်းနှင်သူ ဦးမြင့်ကျော်(၄၆ နှစ်)အား ကျိုင်းလပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြူဖြူဝင်း(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၃-၄-၂၀၂၀ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
- ၇:၀၀ - Breakfast News
- ၈:၃၀ - **နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ဆောက်လုပ်ရေးဝန်ကြီးဌာန)**
- ၉:၀၀ - "မြန်မာနိုင်ငံသူနိုင်ငံသားများ ကပ်ရောဂါဘေးအန္တရာယ်ကင်းဝေးစေရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော ဆရာတော်သံဃာတော်များ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံတစ်ဝန်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူခြင်း"
- ၁၀:၃၀ - "Flowers and Butterflies" (Season- 2) (အပိုင်း- ၆၅+၆၆)
- ၁၁:၄၅ - လူမှုဘဝနှင့်မျက်မှောက်ရေးရာ
- ၁၂:၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း- ၂၆)

**ညပိုင်း**

- ၁၆:၅၀ - "မြိတ်ဒေသ၏ရေထွက်ကုန် ကဏန်းပျော့မွေးမြူရေး"
- ၁၇:၀၅ - ကျန်းမာရေးမဂ္ဂဇင်း (အရက်သောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အသည်းအဆီဖုံးရောဂါအကြောင်း သိကောင်းစရာ)
- ၁၇:၃၀ - လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၃၀ - BBC Click
- ၁၈:၄၀ - ထင်ရှားထူးခြားမြန်မာ့ပုံရိပ်များ "မြန်မာ့သနပ်ခါး"
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - **နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**
- - မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုအစီအစဉ် "လိပ်ပြာကူးထူးခြားသူများ"(အကယ်ဒမီရဲအောင်)
- - မြန်မာဗီဒီယိုဇာတ်လမ်း "အပျိုတို့၏မှတ်စုများ"
- - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

# ဖားကန့်မြို့နယ်၌ ဝိုင်ယာရှော့ဖြစ်၍ နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံး

**ဖားကန့် မေ ၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာအုပ်စု တာမခံကျေးရွာရှိကြက်တောင်အားကစားရုံ၌ မေ ၁ ရက် ညနေ ၃ နာရီခန့်က မီးစက်အပူလွန်ကဲရာမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ခဲ့ရာ နေအိမ်ငါးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖုန်ဂရိန်ထံမှ သိရသည်။

အဆိုပါမီးလောင်ရာသို့ ကျေးရွာအရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် ပြည်သူများစုပေါင်းကာ မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၄ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**



၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပွဲစဉ် ကျင်းပစဉ်။ ဓာတ်ပုံ - စိုးညွန့်

● *ကျောဖုံးမှ*

ရပ်ဆိုင်းထားရပြီး အမျိုးသမီး လိဂ်ပြိုင်ပွဲ ကျင်းပရန်စီစဉ်ထားမှုကိုလည်း ရပ်ဆိုင်းထားရသည်။ လက်ရှိအနေအထားအရ ယခင် ကျင်းပရန် စီစဉ်ထားသည့် နှစ်လယ်ပိုင်းတွင်ကျင်းပနိုင်ဖွယ်မရှိဘဲ နှစ်ကုန်ပိုင်းမှသာ အစောဆုံးကျင်းပနိုင်ဖွယ်ရှိနေသည်။ နောက်ဆုံးကျင်းပသည့် ၂၀၁၈-၂၀၁၉ ရာသီတွင် အသင်းပေါင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အသင်းအချို့ နုတ်ထွက်ရန်ရှိသလို အသင်းသစ်များလည်း ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိသောကြောင့် ပြိုင်ပွဲဝင်မည့်အသင်းများကို ပြန်လည်အတည်ပြုရမည်ဖြစ်သည်။

ပြီးခဲ့သည့်ရာသီတွင် အား/ကာသိပ္ပံအသင်း၊ မြဝတီအသင်း၊ သစ္စာအားမာန်အသင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း၊ဖွဲကပင်အသင်း၊ YREO အသင်း၊ ဂန္ဓမာအသင်းနှင့် တက္ကသိုလ်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ကာ သုံးရာသီ ကျင်းပပြီးစီးထားပြီးဖြစ်သည်။ ၂၀၁၆-၂၀၁၇ ရာသီနှင့်၂၀၁၇-၂၀၁၈ ရာသီတွင် မြဝတီအသင်းက ဗိုလ်စွဲခဲ့ပြီး ၂၀၁၈-၂၀၁၉ ရာသီတွင် အား/ကာသိပ္ပံအသင်း ဗိုလ်စွဲခဲ့သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းများများဖြင့် ကျင်းပနိုင်ရန် ဆောင်ရွက်နေသလို မြန်မာ့အမျိုးသမီးဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် လူငယ်မျိုးဆက်သစ်ကစားသမားများ ထွက်ပေါ်လာရန်အတွက်ပါ ရည်ရွယ်ကျင်းပသွားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# နေမာကို ပြန်လည်ခေါ်ယူနိုင်ရန်အတွက် ဂရစ်မန်းကို အလိုက်ပေးကမ်းလှမ်းဖွယ်ရှိနေသည့် ဘာစီလိုနာ

ဘာစီလိုနာအသင်းသည် နေမာကို ပြန်လည်ခေါ်ယူနိုင်ရန် အတွက် ပီအက်စ်ဂျီအသင်းသို့ ငွေသားအပြင် ဂရစ်မန်းကို အလိုက်ပေးကမ်းလှမ်းသွားဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘာစီလိုနာအသင်းသည် ဂရစ်မန်းကို ပြောင်းရွှေ့ကြေးပေါင် ၈၈ သန်း သတ်မှတ်ထားပြီး ပီအက်စ်ဂျီအသင်းက နေမာကို ပေါင် ၁၃၅ သန်း သတ်မှတ်ထားသည်။ ဘာစီလိုနာအသင်းသည် ယခုနှစ် နွေရာသီအပြောင်းအရွှေ့ ကာလတွင် အသက် ၂၈ နှစ် အရွယ်ရှိ နေမာကို ပြန်လည် ခေါ်ယူနိုင်ရန်အတွက် အသင်းမှ အသက် ၂၉ နှစ်အရွယ် ပြင်သစ်ကစားသမား ဂရစ်မန်းကို အပြောင်းအရွှေ့ တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးချပြီး ပီအက်စ်ဂျီအသင်းကို ကမ်းလှမ်းသွားဖွယ်ရှိနေသည်။ ဘာစီလိုနာအသင်းသည် ဦးစားပေးခေါ်ယူမည့် ကစားသမားစာရင်းမှာ ပီအက်စ်ဂျီအသင်းမှ နေမာနှင့် အင်တာမီလန်အသင်းမှ မာတီနက်ဇ်တို့ ဖြစ်ခြင်းကြောင့် တစ်ရာသီသာ ကစားရသေးသည့် ဂရစ်မန်းကို ရောင်းထုတ်လိုနေခြင်း ဖြစ်သည်။

ဂရစ်မန်းသည် ယခုနှစ် ဘာစီလိုနာအသင်းတွင် ခြေစွမ်းပြသရန် ရုန်းကန်နေရသူလည်း ဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ ကာလတွင် အက်သလက်တီကို မက်ဒရစ်အသင်းမှ ပေါင် ၁၀၈ သန်းဖြင့် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ သို့သော်လည်း ဘာစီလိုနာအသင်းအနေဖြင့် နေမာကို ခေါ်ယူနိုင်ရန် ရန်ပုံငွေအင်အားတောင့်တင်းစေရန်အတွက် အဆိုပါကစားသမားကို ရောင်းထုတ်လိုနေခြင်းလည်း ဖြစ်သည်။

ဂရစ်မန်းက ဘာစီလိုနာအသင်းတွင် ၎င်း၏ အနာဂတ်ရှိနေသေးသည်ဟု ယုံကြည်နေသည်။ သို့သော်လည်း ဘာစီလိုနာအသင်း အနေဖြင့် ၎င်းကို ရောင်းမထုတ်ဘဲ နေမာနှင့် မာတီနက်ဇ်တို့ကို ခေါ်ယူနိုင်ခဲ့မည်ဆိုပါက မက်ဆီ၊ ဆွာရက်ဇ်တို့ပြီးနောက် လေးဦးမြောက် သို့မဟုတ် ငါးဦးမြောက် ဦးစားပေး တိုက်စစ်ကစားသမားအဖြစ် ရှိနေမည်ဖြစ်သည်။ ဘာစီလိုနာအသင်းသည် အသင်းမှ ဒမ်ဘီလီနှင့်ကော်တင်ဟို တို့ကိုလည်း ရောင်းထုတ်သွားဖွယ်ရှိနေသည်။

ဂရစ်မန်းသည် ယခုနှစ်ရာသီ လာလီဂါ၌ ၂၆ ပွဲ ကစားထားပြီး ရှစ်ဂိုးသွင်းယူပေးထားနိုင်သည်။ နေမာသည် ၂၀၁၇ ခုနှစ်တွင် ဘာစီလိုနာအသင်းမှ ထွက်ခွာပြီး ပီအက်စ်ဂျီအသင်းသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ ဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး ပီအက်စ်ဂျီအသင်းနှင့် ၂၀၂၂ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားခြင်းလည်း ဖြစ်ပါတယ်။ **အောင်ဇော်**

# ဒီလစ်ကို ခေါ်ယူရန် မန်ယူပြင်ဆင်

မန်ယူအသင်းသည် အသက် ၂၇ နှစ်အရွယ် ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ အသင်းမှထွက်ခွာဖွယ်ရှိနေသောကြောင့် ဂျူဗင်တပ်စ်အသင်းမှ အသက် ၂၀ အရွယ် နယ်သာလန်ဗဟိုခံစစ်ကစားသမား ဒီလစ်ကို ကမ်းလှမ်းသွားရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဒီလစ်သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် နယ်သာလန်ကလပ် အိုင်းယက်စ်အသင်းမှ အီတလီ ချန်ပီယံ ဂျူဗင်တပ်စ်အသင်းသို့ ပေါင် ၆၇ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့သူဖြစ်ပြီး တုရင်၌ ခြေစွမ်းပြရန် ရုန်းကန်နေရသူဖြစ်သည်။ ၎င်းသည် သမိုင်းတစ်လျှောက် ဈေးအကြီးဆုံး ဆယ်ကျော်သက် ခံစစ်ကစားသမားတစ်ဦးလည်း ဖြစ်သည်။ မန်ယူအသင်းသည် အဆိုပါ နယ်သာလန် ဗဟိုခံစစ်ကစားသမားကို အိုးထရက်ဖို့ဒ်သို့ ခေါ်ယူနိုင်ရေးအတွက် အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် ပေါ့ဂ်ဘာကို အသုံးပြုသွားဖွယ်ရှိနေသည်။

ဒီလစ်သည် တုရင်တွင် အခက်အခဲများနှင့် ရုန်းကန်နေရပြီး ယခုနှစ်ရာသီတွင် ဂျူဗင်တပ်စ်အသင်းအတွက် ၁၅ ပွဲ သာ ပါဝင်ကစားထားသည်။ ဂျူဗင်တပ်စ်ဂန္ထဝင်ကစားသမား ချီလီနီ၏ အစားထိုးဝင်ရောက်လာသော ဒီလစ်သည် ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရသည့်အတွက် ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသူဖြစ်သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကတည်းက ဒီလစ်ကို ခေါ်ယူရန် စိတ်ဝင်စားခဲ့သည်။ ပေါ့ဂ်ဘာသည် မန်ယူအသင်းမှ ထွက်ခွာဖွယ်ရှိနေသည့်အတွက် အဆိုပါကစားသမားကို ခေါ်ယူမည့်အသင်းများတွင် ရီးရဲမက်ဒရစ်နှင့် ဂျူဗင်တပ်စ်အသင်းတို့က ဦးဆောင်နေသည်။

မန်ယူအသင်းသည် ဒီလစ်ကို ခေါ်ယူမည်ဆိုပါက ၂၀၂၂ ခုနှစ် နွေရာသီအထိ စောင့်ဆိုင်းရဖွယ်ရှိနေသော်လည်း နည်းပြ ဆိုးလ်ရှားက အဆိုပါ ထိပ်တန်း ဗဟိုခံစစ်ကစားသမားကို ခေါ်ယူပြီး အသင်းမှ ခံစစ်ကစားသမား မက်ဂွိုင်းယားနှင့် တွဲဖက်ကစားစေလိုနေသည်။ ဒီလစ်သည် တုရင်တွင် တစ်ပတ် ပေါင် ၁၈၀၀၀၀ ရရှိနေသူဖြစ်သည်။ မန်ယူအသင်းက ဒီလစ်၏ လက်ရှိလုပ်ခလစာအတိုင်း ပေးချေလိုသည့် ဆန္ဒရှိနေသည်။ **အောင်ဇော်**

# ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်သန်းနီးပါးမြင့်တက်

ဝါရှင်တန် ဧပြီ ၂

**ရက်သတ္တပတ်ခြောက်ပတ်သား ကလေးတစ်ဦး ကိုဗစ် -၁၉ ရောဂါကြောင့် သေဆုံးခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း တစ်သန်းနီးပါးမြင့်တက်လာပြီဖြစ်ကြောင်း ဧပြီ ၂ ရက်က နိုင်ငံတကာသတင်းများတွင် ဖော်ပြလိုက်သည်။**

ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့် အသွားအလာ ကန့်သတ်သည့် ပုံစံတစ်မျိုးမျိုးဖြင့် နေထိုင်လျက် ရှိသလို အစိုးရများကလည်း ကိုဗစ်-၁၉ ကို ထိန်းချုပ်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းလျက် ရှိသည်။ ကိုဗစ်-၁၉ ကြောင့် လူပေါင်း ထောင်ပေါင်းများစွာ သေဆုံးခဲ့ပြီ ဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်သည့်အနေဖြင့် အသွားအလာကန့်သတ်မှုများ ပြုလုပ်လျက်ရှိရာ ကမ္ဘာ့စားနပ်ရိက္ခာပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးပြောကြားထားသည်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ဦးရေမှာ ဆက်လက်မြင့်တက်လာနိုင်ကြောင်းနှင့် ယခုလက်ရှိတွင် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူလူပေါင်း ၄၆၀၀၀ ခန့် ရှိကြောင်း သိရသည်။

ယခုအခါတွင် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကူးစက်မှုသည် ကမ္ဘာ့ကိုဗစ်-၁၉ ဖြစ်ပွားသည့် အရေအတွက် လေးပုံပုံ တစ်ပုံနီးပါး ရှိလာပြီဖြစ်သည်။ အမေရိကန်တွင် ကိုဗစ်-၁၉ ကြောင့် ၅၀၀၀ ဦးကျော် သေဆုံးခဲ့ပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်၏ စာရင်းဇယားများအရ သိရသည်။

ထို့အပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အခြေအနေများ ယခုထက် ပိုမိုဆိုးရွားလာနိုင်ကြောင်း သတိပေးထားသည်။

**အေအက်ဖ်ပီ**



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အင်ချွန်နိုင်ငံတကာလေဆိပ်တွင် ဆေးဝန်ထမ်းများ နိုင်ငံခြားသားခရီးသွားများထံမှ ကိုဗစ်-၁၉ ကူးစက်မှု ရှိ မရှိ စမ်းသပ်စစ်ဆေးနေစဉ်။


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

# ကိုဗစ်-၁၉ ဖြစ်ပွားနေချိန် အမေရိကန်နှင့် အီရန်တို့ တစ်ဦးနှင့် တစ်ဦး စကားစစ်ထိုး

**ဝါရှင်တန် ဧပြီ ၂**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုနှင့်ပတ်သက်၍ သတိပေးလိုက်ပြီးနောက် အီရန်က ဧပြီ ၂ ရက်တွင် မိမိကိုယ်ကိုယ် ကာကွယ်ခြင်းသာ ဖြစ်သည်ဟု ပြန်လည် ပြောကြားလိုက်သည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေချိန်တွင် အမေရိကန်နှင့် အီရန်တို့သည် တစ်ဦးနှင့်တစ်ဦး စကားဖြင့် စစ်ထိုးနေကြသည်။

အဓိကရန်သူတော်များဖြစ်သည့် အမေရိကန်နှင့် အီရန်နှစ်နိုင်ငံကြား တင်းမာမှုသည် အီရတ်နိုင်ငံကို အကြောင်းပြုပြီး ဖြစ်ပေါ်လာခဲ့သည်။ အီရန်၏ ရန်ကိုတွန်းလှန်ရန် အီရတ်နိုင်ငံတွင် အမေရိကန်နိုင်ငံက ပက်ထရီရော့ဒုံးခွင်းဒုံးစနစ် ဖြန့်ကြက်ထားသည်။ ထို့အတူ အီရန်ကလည်း အမေရိကန်တပ်များ ဆုတ်ခွာပေးရန် တောင်းဆိုလျက်ရှိသည်။

အီရန်နှင့် အမေရိကန်နှစ်နိုင်ငံလုံးသည် ယခုအခါတွင် ကိုဗစ်-၁၉ ကပ်ရောဂါ၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်အန်တုနေရကြောင်း သိရသည်။ ကိုဗစ်-၁၉ ကြောင့် အမေရိကန်နိုင်ငံတွင် လူပေါင်း ၅၀၀၀ ထက်မနည်း သေဆုံးခဲ့ပြီး အီရန်နိုင်ငံတွင် လူပေါင်း ၃၀၀၀ ကျော်သေဆုံးခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်ဖ်က အမေရိကန်လို မဟုတ်ဘဲ အီရန်နိုင်ငံသည် မိမိကိုယ်မိမိကာကွယ်ရန်အတွက် အခုလို လုပ်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ အီရန်နိုင်ငံက စစ်ကို ဘယ်တော့မှ မစကြောင်း၊ သို့သော်လည်း လာစပါက သင်ခန်းစာပေးတတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

အကယ်၍ အမေရိကန်တပ်ဖွဲ့ဝင်များကို ထပ်မံတိုက်ခိုက်ပါက တန်ဖိုးကြီးကြီး ပြန်လည်ပေးဆပ်ရမည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်ကို ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ကမ္ဘာတစ်ဝန်း ဈေးဝယ်ကုန်တိုက်များ ကိုဗစ်-၁၉နှင့် အများဆုံး ထိတွေ့နိုင်သည့် ရှေ့တန်းနေရာသို့ ရောက်လာ

**ရောမ ဧပြီ ၂**

ဈေးဝယ်သူများသည် စတိုးဆိုင်ထဲလျှောက်သွားကာ အစားအစာများကို ကိုင်တွယ်ရုံသာမက တစ်ခါတစ်ရံတွင် ငွေရေတွက်ရာ၌ လက်ချောင်းများကို တံတွေးဆွတ်လိုက်ပါသေးသည်။ မည်သူမျှ ဗိုင်းရပ်စ်မရှိဘဲ အပေးအယူ မလုပ်နိုင်ကြ။ ဒီလိုကိစ္စမျိုးသည် အီတလီနိုင်ငံ၏ ဟင်းသီးဟင်းရွက်စတိုးဆိုင်အလုပ်သမားများကို နေ့စဉ်လို လွှမ်းမိုးနေသည့်ကိစ္စဖြစ်သည်။

ယခုလိုမျိုး ကိုရိုနာဗိုင်းရပ်စ်တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ပျံ့နှံ့ဖြစ်ပွားနေသည့်အချိန်တွင် အဆိုပါအလုပ်သမားများသည် ကိုရိုနာဗိုင်းရပ်စ်နှင့် အများဆုံး ထိတွေ့နိုင်သည်ဟု အများစုက ပြောနေကြသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် လူပေါင်းသန်းချီနေအိမ်များတွင်သာ နေထိုင်ကြပြီး အသွားအလာကန့်သတ်မှုများ လုပ်ဆောင်နေကြသော်လည်း လူများသည် ဟင်းသီးဟင်းရွက်စတိုးဆိုင်များတွင်လိုအပ်သော အစားအစာများကို ဝယ်ယူမှုများပြုလုပ်နေသေးသည်။ ထိုသို့လုပ်ဆောင်ခြင်းက အဆိုပါအလုပ်သမားများအတွက် အမြင့်ဆုံးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နိုင်သည့် စွန့်စားမှုဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်အများဆုံးဖြစ်ခဲ့သော အီတလီနိုင်ငံ မြောက်ပိုင်း ဘရက်စီယာဒေသမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေ့ရှိခဲ့သည့် အသက် ၄၈ နှစ်အရွယ် ဈေးဝယ်ကုန်တိုက်ငွေကိုင်တစ်ဦးသည် လွန်ခဲ့သော မတ်လက သေဆုံးခဲ့သည်။

ထို့နောက် ဈေးဝယ်ကုန်တိုက်ဝန်ထမ်းများကို ဘယ်လိုမျိုးကာကွယ်မှုတွေ လုပ်ဆောင်ပေးမလဲဆိုသည့် ကိစ္စနှင့် ပတ်သက်ပြီး မေးခွန်းများထွက်ပေါ်လာခဲ့သည်။ အဆိုပါနေရာမျိုးတွင် လုပ်ကိုင်နေသည့် အလုပ်သမားများသည်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး သေဆုံးနိုင်ခြေရှိကြောင်း သမဂ္ဂများက ပြောသည်။

လွန်ခဲ့သော ရက်သတ္တပတ်က အီတလီနိုင်ငံတွင် အသက် ၃၃ နှစ်အရွယ် ဈေးဝယ်ကုန်တိုက်လုံခြုံရေးတစ်ဦး ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့သည်။ ငွေပေးချေသည့်နေရာများတွင် နာရီများစွာကြာ တန်းစီစောင့်နေရပြီး ပိတ်မိနေချိန်၊ ဈေးဝယ်သူများက ကုန်တိုက်များတွင် ကုန်ပစ္စည်းရွေးချယ်နေချိန်များကိုကြည့်ရင်း အလုပ်သမားများက မိမိတို့သည် ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နိုင်သည့် ရှေ့တန်းနေရာတွင် ရှိနေကြောင်း ပြောကြားလိုက်သည်။

မိမိတို့သည် အိမ်ကို တစ်ခုခုပြန်ပါသွားမည်ကို စိုးရိမ်ကြောက်လန့်နေကြောင်း အသက် ၃၁ နှစ်အရွယ် အချိန်ပိုင်း ဈေးဝယ်ကုန်တိုက် ငွေကိုင်တစ်ဦးက ပြောသည်။ စိုးရိမ်ပူပန်မှုများကို အီတလီက ကန့်သတ်မထားပါဘူး။ ကျန်းမာရေးဝန်ထမ်းများနှင့် ငွေကိုင်များကိုနှိုင်းယှဉ်မရကြောင်း၊ မိမိတို့အနေဖြင့် အကုန်လုံးကို ကာကွယ်နိုင်လောက်သည်အထိ သတိမပြုမိနိုင်ပါဘူးဟု မက်ဒရစ်အပြင်ဘက် အယ်ကော်ကွန်ဒေသ၌ အလုပ်လုပ်နေသည့် စပိန်ငွေကိုင်တစ်ဦးက ပြောသည်။

**အေအက်ဖ်ပီ**



အီတလီနိုင်ငံရှိ ဈေးဝယ်ကုန်တိုက်တစ်ခုတွင် ဈေးဝယ်သူတစ်ဦးကို တွေ့ရစဉ်။

# စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၀၀၀၀ ကျော်လာ

**မက်ဒရစ် ဧပြီ ၂**

စပိန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၀၀၀၀ ကျော်လာပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဧပြီ ၂ ရက်က ဖော်ပြလိုက်သည်။

ယမန်နေ့ကထက် သေဆုံးသူ ၉၅၀ ပိုများလာပြီး စုစုပေါင်းသေဆုံးသူသည် ၁၀၀၀၃ ဦးအထိရောက်လာကြောင်း စပိန်အစိုးရက ဧပြီ ၂ ရက်တွင် ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက်သည် လွန်ခဲ့သော ခြောက်ရက်ထက် နှစ်ဆကျော် မြင့်တက်လာကြောင်း သိရသည်။ စပိန်နိုင်ငံသည် အီတလီပြီးလျှင် ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ကမ္ဘာ့ဒုတိယ အများဆုံးဖြစ်ကြောင်း သိရသည်။

စပိန်နိုင်ငံတွင် ဧပြီ ၁ ရက်၌ ကိုဗစ် -၁၉ ဖြစ်ပွားသူ ၈၁၀၂ ထိတိုးလာသလို ဧပြီ ၂ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၁၀၂၃၈ ဦးအထိမြင့်တက်လာကြောင်းသိရသည်။

စပိန်အစိုးရသည် လွန်ခဲ့သော ရက်သတ္တပတ်က အသွားအလာကန့်သတ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ကိုဗစ်-၁၉ ကူးစက်မှုသည် မြို့တော် မက်ဒရစ်နှင့် အရှေ့မြောက်ပိုင်း မြို့တော် ဘာစီလိုနာတွင်ဆက်လက်မြင့်တက်နေသေးကြောင်း သိရသည်။

ပြည်သူများကို မလုပ်မဖြစ် လုပ်ရမည့်အလုပ်မျိုးမှလွဲလျှင် ယခုအခါတွင် အလုပ်ဆင်းခွင့်မပြုသေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ကူးစက်မှုကို တားဆီးရန် ဂျပန်ဝင်ထွက်ခွင့်များကို ထပ်မံတင်းကျပ်

**တိုကျို ဧပြီ ၂**

ကိုဗစ်-၁၉ ကူးစက်မှုကို တားဆီးရန် ဂျပန်နိုင်ငံသည် ဧပြီ ၂ ရက်က နယ်စပ်အဝင်အထွက်ပိတ်ပင်မှုများကို ထပ်မံတင်းကျပ်လိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ကမ္ဘာ့မည်သည့် အရပ်ဒေသမှ မဆို ဆိုက်ရောက်လာသူများအားလုံးကို မိမိကိုယ်တိုင် နေအိမ်၊ ဟိုတယ်နှင့် အခြားနေရာများတွင် ရက်သတ္တနှစ်ပတ်ကြာ အသွားအလာ ကန့်သတ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

ထို့အတူ ခရီးသွားများကိုလည်း မိမိအလိုရှိရာ ခရီးများကို သွားလာရာတွင် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးယာဉ်များကို မသုံးဘဲ ရှောင်ကြဉ်ရန် တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ဝင်ခွင့်ပိတ်ပင်သည့်နိုင်ငံများနှင့် နယ်ပယ်ဒေသများ စာရင်းကို ၇၀ မှ ၇၃ အထိ ထပ်မံတိုးချဲ့လိုက်ကြောင်း သိရသည်။ အဆိုပါ ဝင်ခွင့်ပိတ်ပင်သည့် နိုင်ငံများသို့ သွားရောက်ခဲ့သော နိုင်ငံခြားသားများကိုလည်း ဂျပန်နိုင်ငံသို့ ဝင်ထွက်ခွင့်ပိတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဩစတြေးလျ၌ ဒေသတွင်း သတင်းစာပေါင်း ၆၀ ပုံနှိပ်ထုတ်ဝေမှု ရပ်ဆိုင်းမည်

**ဆစ်ဒနီ မေ ၂**

ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာသည့် ရိုက်ခတ်မှုတစ်ခု အနေဖြင့် ကြော်ငြာအား ကျဆင်းလာသည့်အတွက် ဩစတြေးလျ အထင်ကရသတင်းမီဒီယာအုပ်စု ဖြစ်သည့် News Corp ဒေသတွင်းသတင်းစာ ၆၀ ခန့်ကို ပုံနှိပ်ထုတ်ဝေမှုရပ်ဆိုင်းမည်ဖြစ်ကြောင်း မေ ၁ ရက်က ကြေညာခဲ့သည်။

နယူးဆောက်ဝေးပြည်နယ်၊ ဗစ်တိုးရီးယားပြည်နယ်၊ ကွင်းစလန်းနှင့် တောင်ပိုင်းဩစတြေးလျရှိ သတင်းစာများ ပုံနှိပ်ထုတ်ဝေမှုကို ရပ်ဆိုင်းကာ အွန်လိုင်းမီဒီယာအဖြစ်သို့ ပြောင်းလဲဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

လေးနက်စွာစဉ်းစားသုံးသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ယခုကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း News Corp Australia အမှုဆောင်ဥက္ကဋ္ဌ မစ်ချယ်မီလာက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ အကျပ်အတည်းက ယခင်ကမကြုံခဲ့ဘူးသည့် စီးပွားရေးဖိအားများကို ဖန်တီးလျက်ရှိပြီး ကျွန်ုပ်တို့ အနေဖြင့် လုပ်ငန်းများကို အတတ်နိုင်ဆုံးအဖတ်ဆယ်နိုင်ရန် ကြိုးပမ်းနေကြရကြောင်း ၎င်းကပြောသည်။

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာသည့် အရေးပေါ်အခြေအနေအရ အထင်ကရအခမ်းအနားပွဲများ မဖြစ်မနေဖျက်သိမ်းခဲ့ရခြင်း၊ စားသောက်ဆိုင်များ ပိတ်ထားရခြင်းတို့ကြောင့် ကြော်ငြာဝင်ငွေများ မြန်မြန်ဆန်ဆန်ကျဆင်းသွားခဲ့ရပြီး ကျွန်ုပ်တို့၏ ပုံနှိပ်မီဒီယာအသိုင်းအဝိုင်းသည် ပုံနှိပ်ထုတ်ဝေမှုများကို ရပ်ဆိုင်းရန်ဖြစ်လာရကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**




ဆစ်ဒနီ၌ ထုတ်ဝေသည့် သတင်းစာများ။

# ကိုဗစ်-၁၉ ကူးစက်မှုဆိုင်ရာ စည်းကမ်းလမ်းညွှန်ချက်များအား လိုက်နာမှုမရှိသူများကို ပစ်သတ်ရန် ဖိလစ်ပိုင်သမ္မတပြော

**မနီလာ မေ ၂**

ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်နိုင်ရန် ချမှတ်ထားသည့် အဝင်အထွက်ပိတ်ဆို့မှုထုတ်ပြန်ချက်နှင့် စည်းကမ်းလမ်းညွှန်ချက်များကို လိုက်နာခြင်းမရှိပါက စည်းကမ်းချိုးဖောက်သူများသည် သေနတ်ဖြင့် အသေပစ်သတ်ခံရမည်ဟု သတိပေးလိုက်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ထမ်းများကို အခက်အခဲဒုက္ခဖြစ်အောင် အနှောင့်အယှက်ပေးခြင်းသည် ပြင်းထန်သည့် ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး ထိုသို့ ကျူးလွန်မှုကို သည်းခံခွင့်လွှတ်လိမ့်မည် မဟုတ်ကြောင်း သမ္မတက ပြောသည်။ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းပြောကြားမှုအတွင်း သမ္မတက အာဏာပိုင်များအနေဖြင့် ရောဂါကူးစက်ပျံ့နှံ့မှု အရှိန်လျော့ကျအောင် ကြိုးပမ်းနေချိန်တွင် နေအိမ်၌ ကန့်သတ်စောင့်ကြည့်မှုဆောင်ရွက်ချက်များကို လူတိုင်းက လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ရန် လွန်စွာ အရေးကြီးကြောင်း ပြောကြားခဲ့သည်။




ဖိလစ်ပိုင်သမ္မတ ဒူတာတေး

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်ခံရသူ ၂၃၁၁ ဦး ရှိပြီး သေဆုံးသူ ၉၆ ဦးရှိကြောင်း အတည်ပြုထားသော်လည်း ပြီးခဲ့သည့် ရက်သတ္တသုံးပတ်အတွင်းမှာပင် ရောဂါကူးစက်ခံရသူ ရာနှင့်ချီ မြင့်တက်လာခဲ့ပြီဖြစ်သည်။ ရဲတပ်ဖွဲ့နှင့် တပ်မတော်ကို ကျွန်ုပ်အမိန့်ပေးအပ်လိုသည်မှာ ချမှတ်ထားသည့် စည်းကမ်းချက်များကို မလိုက်နာဘဲ ရန်လိုတုံ့ပြန်ခဲ့လျှင် သင်တို့အတွက် အသက်အန္တရာယ် ရှိလာနိုင်သောကြောင့် စည်းကမ်းချိုးဖောက်သူများကို အသေပစ်သတ်ရန်ပင်ဖြစ်ကြောင်း၊ တခြားသူများကို ဒုက္ခရောက်စေမည့် အစား စည်းကမ်းချိုးဖောက်သူကို မြေမြှုပ် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း သမ္မတဒူတာတေးက ပြင်းပြင်းထန်ထန် သတိပေးလိုက်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ အကျပ်အတည်းကာလအတွင်း အသက်ရှူအထောက်အကူပြုကိရိယာ ထုတ်လုပ်နိုင်ရေး ကားကုမ္ပဏီများ အပြိုင်အဆိုင်ကြိုးပမ်း

**ပါရီ မေ ၂**

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှု အရှိန်မြင့်လျက်ရှိရာ ဆေးရုံများအတွက် လိုအပ်သည့် အသက်ရှူအထောက်အကူပြုကိရိယာများ အလျှဉ်မီအောင်ထုတ်လုပ်ပေးနိုင်ရေးအတွက် ကားကုမ္ပဏီများက လုပ်စွမ်းအားအရင်းအမြစ်နှင့်ကျွမ်းကျင်မှုကို အသုံးချကာ အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အမေရိကန် ကားထုတ်လုပ်ရေးကုမ္ပဏီများဖြစ်သည့် ဂျင်နရယ်၊ ဖို့ဒ်၊ ပြင်သစ်ကားကုမ္ပဏီ ပီအက်စ်အေနှင့် ရေးနော့၊ ဂျာမနီမှ ဗောက်စ်ဝက်ဂွန်အုပ်စုနှင့် ဖော်မြူလာဝမ်းတို့မှ စက်မှုကျွမ်းကျင်သူများက ကမ္ဘာတစ်ဝန်း၌ အသက်ရှူအထောက်အကူပြုကိရိယာများ မလုံလောက်သည့် အခြေအနေကို ကျော်လွှားနိုင်ရန် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းရှိဆေးရုံများတွင် လူနာများ တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးပွားလာလျက်ရှိရာ ဗိုင်းရပ်စ်ကူးစက်ခံထားရမှုကြောင့် အသက်ရှူရန်ခက်ခဲသည့် လူနာများအတွက် အသက်ရှူအထောက်အကူပြုကိရိယာများ ပိုမိုလိုအပ်လာလျက်ရှိပြီး ကုသမှုဆောင်ရွက်ပေးနေသည့် ဆရာဝန်များအနေဖြင့် အသက်ကယ်ရန် သို့မဟုတ် လက်လျှော့ရန်မဖြစ်မနေ ဆုံးဖြတ်ချက်ချခဲ့ရသည့် အခြေအနေများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်၌ ကိုဗစ် -၁၉ ဗိုင်းရပ်စ် ကူးစက်ခံရမှုကြောင့် တစ်နှစ်အောက်ကလေးငယ်တစ်ဦးသေဆုံး

**ဝါရှင်တန် မေ ၂**

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသည့် ခြောက်လသားကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း ကွန်နက်တီကပ်ပြည်နယ် အုပ်ချုပ်ရေးမှူးက မေ ၁ ရက်တွင် ပြောကြားသည်။

အဆိုပါ ကလေးငယ်သေဆုံးမှုသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် အသက်အငယ်ဆုံး သေဆုံးမှုဖြစ်စဉ်တစ်ခု ဖြစ်လာခဲ့သည်။

အဆိုပါ ခြောက်လသားကလေးငယ်သည် ပြီးခဲ့သည့် ရက်သတ္တပတ်အကုန်လောက်တွင် ဆေးရုံတစ်ရုံသို့ မလှုပ်မယှက်အနေအထားဖြင့်ရောက်ရှိလာခဲ့ကြောင်း ကွန်နက်တီကပ် အုပ်ချုပ်ရေးမှူး နက်လာမောင့်က တွစ်တာပေါ်တွင်ရေးသားခဲ့သည်။ ပြီးခဲ့သည့်ညက ဆေးစစ်ချက်အဖြေအရ အဆိုပါကလေးငယ်တွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း အတည်ပြုခဲ့သည်။

ကလေးငယ်သေဆုံးမှုသည် ကြေကွဲဖွယ်ဖြစ်ပြီး ကိုဗစ်-၁၉ ကြောင့် အသက်အငယ်ဆုံးသေဆုံးမှုဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ၎င်းက ပြောသည်။ ပြီးခဲ့သည့်ရက်သတ္တပတ်က အီလီနွိုက်ပြည်နယ်မှ အာဏာပိုင်များသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရသည့် တစ်နှစ်အောက်ကလေးငယ်တစ်ဦး သေဆုံးမှုကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။ ဒေသမီဒီယာ၏ ဖော်ပြချက်အရ အဆိုပါကလေးငယ်၏ အသက်မှာ ကိုးလဖြစ်သည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စု၌ လျင်မြန်စွာကူးစက်ပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ပြည်သူ ၄၄၇၆ ဦးထက်မနည်း သေဆုံးစေခဲ့ပြီး အသက်ကြီးပုဂ္ဂိုလ်များတွင် ပိုမိုအန္တရာယ်ရှိကြောင်း ယူဆရသော်လည်း ယခုအခါတွင် ငယ်ရွယ်သူများကိုပါ အသက်အန္တရာယ်ခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကိုဗစ် -၁၉ ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်ရန် ပြည်တွင်း၌ ခရီးသွားလာမှုကို ပိုမိုစည်းကမ်းတင်းကျပ်ရန် ထရမ့်ပြင်ဆင်

**ဝါရှင်တန် မေ ၂**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြည်တွင်းလေကြောင်းခရီးစဉ်များနှင့် ရထားပို့ဆောင်မှုများကို ပိုမိုစည်းကမ်းတင်းကျပ်ရန် ပြင်ဆင်နေကြောင်း သိရသည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

အမေရိကန်ပြည်ထောင်စုအတွင်း၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်မှာ မေ ၁ ရက်က နှစ်သိန်းကျော်သွားခဲ့ပြီး သေဆုံးသူအရေအတွက် ၅၀၀၀၀ ထက်မနည်းရှိကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်၏ ပြောကြားချက်အရ သိရသည်။

အဆိုပါနေ့ကပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲအတွင်း သမ္မတထရမ့်က ကျွန်ုပ်တို့နိုင်ငံအတွက် ခက်ခဲသောနေ့ရက်များ ရောက်ရှိလာပြီဖြစ်ကြောင်း အရာအားလုံး ကြောက်လန့်ဖွယ်အခြေအနေသို့ ရောက်ရှိသွားနိုင်သည့်အတွက် သတိပြုကြရန် သတိပေးခဲ့သည်။

ထရမ့်က ပြည်တွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထိခိုက်ခံစားနေရသည့် မြို့ကြီးများဆီသို့ လေကြောင်းခရီးစဉ်များနှင့် ရထားဖြင့်ခရီးသွားလာမှုအချို့ကို ကန့်သတ်မှုများလုပ်ဆောင်ရန် ပြင်ဆင်နေကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် စည်းကမ်းတင်းကျပ်မှု မည်သည့်အချိန်စတင်အသက်ဝင်မည် ဖြစ်ကြောင်းနှင့် အချိန်မည်မျှကြာမြင့်နိုင်ကြောင်း ပြောဆိုခဲ့ခြင်းမရှိပေ။

အမေရိကန်ပြည်ထောင်စုအတွင်း ကိုဗစ်-၁၉ ကူးစက်မှုကြောင့် လူပေါင်း ၂၄၀၀၀၀ အထိ သေဆုံးနိုင်ကြောင်း သမ္မတထရမ့်အစိုးရအဖွဲ့က ခန့်မှန်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ရက်အနည်းငယ်အတွင်း ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသူ တစ်သန်းအထိရှိလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ ဧပြီ ၂**

ကမ္ဘာတစ်ဝန်းလုံး၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ အရေအတွက်သည် လာမည့် ရက်အနည်းငယ်အတွင်း တစ်သန်းအထိ ရောက်ရှိလာနိုင်ကြောင်း နှင့်သေဆုံးသူ အရေအတွက်မှာလည်း ၅၀၀၀၀ အထိ ရှိလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တက်ဒရော့ အက်ဒဟာနွမ် ဂီဘရီယက်ဆပ်စ်က ဧပြီ ၁ ရက်တွင် ဂျီနီဗာ၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

တရုတ်အာဏာပိုင်များက လူမှုအဖွဲ့အစည်းအတွင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ပထမအစီရင်ခံခဲ့ပြီးနောက် ယခုအခါ ရောဂါကူးစက်ဖြစ်ပွားမှုကာလမှာ သုံးလကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ရောဂါကူးစက်မှုပိုမိုပြင်းထန်လာနေသည့်အခြေအနေနှင့် တစ်ကမ္ဘာလုံးအနှံ့ပြန့်ပွားသွားမည့်အခြေအနေကို လွန်စွာစိုးရိမ်ပူပန်မိကြောင်း တက်ဒရော့က ပြောကြားခဲ့သည်။ သို့ဖြစ်ရာ အထိအခိုက်မခံနိုင်သည့် အားနည်းသူများအတွက် အစားအသောက်နှင့် အခြားလိုအပ်သည့် အကူအညီများ ခိုင်မာသေချာစေရန် ဆောင်ရွက်ထားကြရန် ၎င်းက ရောဂါကူးစက်ဖြစ်ပွားနေသည့် နိုင်ငံများကို တိုက်တွန်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ဂျပန်တွင် နေထိုင်သည့် ပြည်ပနိုင်ငံသားများ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် သတင်းအချက်အလက်ရရှိရန် ခက်ခဲနေ

**တိုကျို ဧပြီ ၂**

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်နှုန်းမြင့်မားနေချိန် နိုင်ငံအတွင်း နေထိုင်ကြသည့် ပြည်ပနိုင်ငံသားအချို့မှာ ဘာသာစကား အခက်အခဲကြောင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်နှင့် ပတ်သက်သည့်သတင်းအချက်အလက်များရရှိရန် အခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။

ဗိုင်းရပ်စ်ထိန်းချုပ်ရေး၊ သတိပြုရမည့် ရောဂါလက္ခဏာများနှင့် အစိုးရက အကူအညီပေးအပ်နေမှုများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြနေသော်လည်း ဖော်ပြချက်အများစုမှာ ဂျပန်ဘာသာစကားဖြင့် ဖော်ပြမှုများဖြစ်ရာ ဂျပန်ဘာသာနားမလည်သည့် ပြည်ပနိုင်ငံသားများမှာ ချန်လှပ်ထားခံရသကဲ့သို့ ခံစားနေကြရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်လေယာဉ်တင်သင်္ဘောပေါ်မှ ကိုရိုနာဗိုင်းရပ်စ်တိုက်ပွဲ

*ကလျာမိုးမြင့်*

**နျူကလီးယားစွမ်းအင်သုံး အမေရိကန်လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် သီအိုဒိုရုစဗဲ့သင်္ဘောပေါ်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဆိုးဆိုးရွားရွားဖြစ်ပွားနေတဲ့အတွက် သင်္ဘောပေါ်မှ အမှုထမ်းတွေရဲ့ အသက်ကို ခြိမ်းခြောက်လျက်ရှိတယ်လို့ သင်္ဘောကပ္ပတိန်က အကြောင်းကြားစာပေးပို့ အကူအညီတောင်းခံခဲ့ပြီးတဲ့နောက်မှာတော့ အမေရိကန်ရေတပ်ဟာ သင်္ဘောပေါ်မှ အမှုထမ်းထောင်ချီကို ကယ်ဆယ်ရွှေ့ပြောင်းမှုတွေ လုပ်ဆောင်ပေးနေပြီလို့ သိရပါတယ်။**



အမေရိကန် လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ် သီအိုဒိုရုစဗဲ့။

### ဟိုတယ်ခန်းတွေ ပြင်ဆင်

မကြာသေးခင်ကပဲ ရုစဗဲ့သင်္ဘောပေါ်က သင်္ဘောသား ၄၈၀၀ ထဲမှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၉၃ ဦးကို တွေ့ရှိခဲ့တယ်လို့ အမေရိကန်ရေတပ်က ပြောကြားခဲ့ပါတယ်။ ပစိဖိတ်ကျွန်းပေါ်မှာ သင်္ဘောသားများစွာအတွက် ဟိုတယ်အခန်းတွေကို အမြန်ဆုံးပြင်ဆင်ပေးဖို့လုပ်နေတယ်လို့ ပင်တဂွန် အာဏာပိုင်တွေက ဧပြီ ၁ ရက်မှာ ပြောကြားခဲ့ပါတယ်။ သင်္ဘောရဲ့လုပ်ငန်းလည်ပတ်မှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ဖို့အတွက် ရောဂါကူးစက်ခံရခြင်းမရှိသေးတဲ့အမှုထမ်းတွေပါတဲ့ အမာခံအဖွဲ့တစ်ဖွဲ့ထားရှိမယ်လို့လည်း ဆိုပါတယ်။

### လိုအပ်တဲ့အမှုထမ်းတွေကို ချန်ထားမယ်

အခုအချိန်မှာ အမြန်ဆုံးလုပ်ဆောင်သင့်တဲ့အစီအစဉ်ကတော့ သင်္ဘောပေါ်မှ လူတွေကို အပြင်ရောက်အောင် အတတ်နိုင်ဆုံး များများကယ်ထုတ်သွားဖို့ဖြစ်ပြီး သင်္ဘောဆက်လက်ခုတ်မောင်းနိုင်ဖို့အတွက် ပုံမှန်စောင့်ကြည့် တာဝန်တွေဆောင်ရွက်ဖို့ လိုအပ်တဲ့ အမှုထမ်းပမာဏကိုတော့ ချန်ထားရဦးမှာဖြစ်တယ်လို့ မာရီယာနာစ်ဒေသဆိုင်ရာ ရေတပ်အကြီးအကဲ ဂျွန်မီနီနီက ဂူအမ်မှာ သတင်းထောက်တွေနဲ့တွေ့ဆုံစဉ် ပြောကြားခဲ့ပါတယ်။

ရေတပ်အတွင်းဝန်အဖြစ် လက်ရှိဆောင်ရွက်နေတဲ့ သောမတ်စ်မော့ဒလီက လက်ရှိမှာ သင်္ဘောအမှုထမ်း ၁၀၀၀ လောက်နီးပါးအထိကို သင်္ဘောပေါ်ကနေ ရွှေ့ပြောင်းပြီးပြီဖြစ်ပြီး နောက်နှစ်ရက်လောက်နေရင်၂၇၀၀ လောက်အထိ တိုးလာလိမ့်မယ်လို့ ၎င်းက ပြောပါတယ်။ သို့သော်လည်းပဲ ရေယာဉ်ကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ဖို့အတွက် လူ ၁၀၀၀ လောက်ကိုတော့ ချန်ထားရဦးမယ်။ ဒါကြောင့် သင်္ဘောသားတွေအားလုံးကိုတော့ အပြင်ထုတ်သွားလို့မရသေးဘူးလို့ မော့ဒလီက ဆိုပါတယ်။

### ကပ္ပတိန်အကူအညီတောင်း

ဒီသင်္ဘောပေါ်မှာ စစ်လက်နက်ခဲယမ်းမီးကျောက်တွေ၊ တန်ဖိုးကြီးတဲ့ လေယာဉ်နဲ့ နျူကလီးယား ဓာတ်ပေါင်းဖိုတွေပါရှိနေတယ်လို့ သိရပါတယ်။ ယခုရက်သတ္တပတ်အစောပိုင်းမှာ သီအိုဒိုရုစဗဲ့ လေယာဉ်တင်သင်္ဘောကပ္ပတိန် ဘရက်ခရိုဇီယာက ၎င်းရဲ့အထက်မှာရှိတဲ့ အကြီးအကဲတွေဆီ အကူအညီတောင်းခံတဲ့အနေနဲ့ စာတစ်စောင်ရေးပို့ခဲ့ပါတယ်။ စာထဲမှာ သင်္ဘောတစ်စင်းလုံး ကိုရိုနာဗိုင်းရပ်စ် အဆီးအတားမဲ့ ကူးစက်ပျံ့နှံ့နေတဲ့အတွက် သင်္ဘောအမှုထမ်းတွေကို သီးသန့်စောင့်ကြည့်မှုလုပ်ဆောင်နိုင်ဖို့ အမြန်ဆုံးအကူအညီပေးပါဆိုပြီး တောင်းဆိုခဲ့ပါတယ်။

### သီးသန့်စောင့်ကြည့်ဖို့လို

ဗိုင်းရပ်စ်ဟာ သင်္ဘောပေါ်မှာ အရှိန်အဟုန်ကောင်းကောင်းနဲ့ ဆက်လက်ကူးစက်ပျံ့နှံ့နေတယ်။ စစ်ပွဲမဟုတ်တဲ့ အခြေအနေတစ်ခုအတွက် သင်္ဘောသားတွေဟာ အသက်ပေးစရာမလိုအပ်ဘူးလို့ ၎င်းက ရေးသားခဲ့တာဖြစ်ပါတယ်။ ပြီးတော့ လေယာဉ်တင်သင်္ဘောပေါ်ကနေ အရေးတကြီးကယ်ဆယ်ရမယ့် ရောဂါကူးစက်ခံရသူအများစုကို သင်္ဘောပေါ်ကနေ ရွှေ့ပြောင်းပြီး ရက်သတ္တနှစ်ပတ်ကြာအောင် သီးသန့်စောင့်ကြည့်မှု လုပ်ဆောင်တာဟာ သာမန်လုပ်ရိုးလုပ်စဉ်ဆောင်ရွက်မှုတစ်ခုပဲလို့။ ဒါက မဖြစ်မနေလုပ်ဆောင်ရမယ့် ကိစ္စဖြစ်တယ်လို့ သင်္ဘောကပ္ပတိန် မစ္စတာခရိုဇီယာက ပြောကြားခဲ့ပါတယ်။

ဧပြီ ၁ ရက်က စစ်ဘက်တာဝန်ရှိသူ ၇၇၁ ဦး အပါအဝင် ကာကွယ်ရေးဌာန ဝန်ထမ်းတွေ၊ ကန်ထရိုက်တာတွေနဲ့ မှီခိုသူ ၁၄၀၀ ကျော် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံခဲ့ရတယ်လို့ ပင်တဂွန်က ပြောကြားခဲ့ပါတယ်။

### သင်္ဘောနှစ်စင်း ကူးစက်ခံရ

မတ် ၂၈ ရက်မှာ ရုစဗဲ့သင်္ဘော ဂူအမ်မှာ ကျောက်ချရပ်နားမှုပြုလုပ်ခဲ့ပြီးနောက် ဂျပန်မှာ ကျောက်ချရပ်နားထားရတဲ့ ယူအက်စ်အက်စ် ရော်နယ်ရေဂင် လေယာဉ်တင်သင်္ဘောနဲ့ ပါဆိုရင် ပင်တဂွန်ရဲ့ အနောက်ပစိဖိတ် လေယာဉ်တင်သင်္ဘောနှစ်စင်းလုံးဟာ ဆိပ်ကမ်းကပ်ထားရတဲ့ အခြေအနေဖြစ်ပါတယ်။ ရော်နယ်ရေဂင်သင်္ဘောပေါ်မှာလည်း အလားတူပဲ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရတဲ့သူအရေအတွက်ဟာ အတော်လေးများတယ်လို့ သိရပါတယ်။

ဒီကိစ္စဟာ အမေရိကန်ရဲ့ နိုင်ငံကာကွယ်ရေးဆောင်ရွက်နေတဲ့ တပ်ဖွဲ့ဝင်တွေရဲ့ အသင့်အနေအထားတည်ရှိမှုအပေါ် စိန်ခေါ်နေပါတယ်။ ချက်ချင်းလက်ငင်းဆိုသလိုပဲ မျှော်လင့်မထားတဲ့ တိုက်ပွဲသစ်တစ်ခုမှာသီအိုဒိုရုစဗဲ့သင်္ဘောဟာ ရှေ့တန်းစစ်မျက်နှာတစ်ခုအနေနဲ့ ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တကယ်လို့ များအရေးကြီးတဲ့ ပြဿနာတစ်ခုခုပေါ်လာလို့ သင်္ဘောမဖြစ်မနေထွက်ခွာဖို့ လိုအပ်လာခဲ့ရင် ဆက်လက်ထွက်ခွာသွားနိုင်တယ်လို့ မော့ဒလီက ပြောကြားခဲ့ပါတယ်။

### စစ်တပ်ရဲ့ စွမ်းရည်ကိုမထိခိုက်နိုင်

ရုစဗဲ့သင်္ဘောဟာ ပင်လယ်မှာဖြန့်ကြက်ထားတဲ့ အမေရိကန်ရေတပ်သင်္ဘော ၉၄ စင်းမှာ ကိုဗစ်-၁၉ ကူးစက်ခံရမှုဖြစ်ပွားနေတဲ့ တစ်ခုတည်းသော ရေတပ်သင်္ဘောဖြစ်တယ်လို့ သိရပါတယ်။ ပင်လယ်ထဲဖြန့်ကြက်ထားခြင်းမရှိတဲ့ သင်္ဘောတွေမှာလည်း ရောဂါကူးစက်ဖြစ်ပွားမှု အနည်းနဲ့အများရှိပေမယ့် အဲဒီကူးစက်မှုတွေက လက်ချိုးရေလို့ရတယ်လို့ ဆိုပါတယ်။

စစ်တပ်က လူအများနဲ့ရောနှောဆက်ဆံမှုနဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ လမ်းညွှန်ချက်တွေအတိုင်း လိုက်နာဆောင်ရွက်နေချိန်မှာ ရုစဗဲ့သင်္ဘောရဲ့ အကူအညီတောင်းခံမှုနဲ့ ကပ်ရောဂါပိုမိုပျံ့နှံ့လာနေတဲ့ကိစ္စဟာ အမေရိကန်စစ်တပ်ရဲ့ စစ်ပွဲရင်ဆိုင်တိုက်ခိုက်နိုင်စွမ်းကို ထိခိုက်ကျဆင်းအောင် မလုပ်နိုင်ဘူးလို့ ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စပါက အခိုင်အမာပြောကြားခဲ့ပါတယ်။

### စစ်တပ်တစ်ခုလုံး ပိတ်ဆို့ဖို့မဖြစ်နိုင်

ကျွန်ုပ်တို့အနေနဲ့ အမေရိကန်စစ်တပ်တစ်ခုလုံးကို ပိတ်ဆို့မှုလုပ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်နေတဲ့ကိစ္စကို ဖြေရှင်းသင့်တယ်လို့ ပြောတဲ့သူတွေရှိနေပုံပါပဲ။ ဒါပေမယ့် ဒီနည်းနဲ့ ပြဿနာကို ဖြေရှင်းလို့မရနိုင်ဘူးလို့ ကာကွယ်ရေးဝန်ကြီးက ဆိုပါတယ်။

ကျွန်ုပ်တို့မှာ အရေးကြီးတဲ့မစ်ရှင်တစ်ရပ်ရှိနေတယ်။ အဲဒီမစ်ရှင်ကတော့ အမေရိကန်ပြည်ထောင်စုနဲ့တကွ အမေရိကန်ပြည်သူတွေကို ကာကွယ်ဖို့ပဲ။ ဒီတော့ လေယာဉ်တင်သင်္ဘောတစ်စင်းပဲဖြစ်ဖြစ်၊ ရေငုပ်သင်္ဘောဖြစ်ဖြစ်၊ သံချပ်ကာကားတစ်စီးဖြစ်ဖြစ်၊ ဗုံးကြဲလေယာဉ်တစ်စင်းပဲဖြစ်ဖြစ် ကျွန်ုပ်အနေနဲ့က ပွတ်သိပ်ကျပ်ညပ်နေတဲ့ အခြေအနေတစ်ခုမှာ ဆက်နေပြီး အလုပ်လုပ်ရမှာပဲ။ ဒါကကျွန်ုပ်တို့ရဲ့ လုပ်ငန်းသဘောသဘာဝပဲလို့ ကာကွယ်ရေးဝန်ကြီးက အလေးအနက်ပြောဆိုခဲ့ပါတယ်။

အမေရိကန်ပစိဖိတ်ရေတပ်ဖွဲ့ အကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး ဂျွန်အကွီလီနိုကတော့ လေယာဉ်တင်သင်္ဘောပေါ်က ဗိုင်းရပ်စ်ကူးစက်ခံရတဲ့သူ အရေအတွက်ကို ကိုယ်တိုင်ထုတ်ဖော်ပြောကြားဖို့ ငြင်းဆန်ခဲ့ပေမယ့် ဆေးရုံတင်ထားရတဲ့ သင်္ဘောသားတစ်ယောက်မျှမရှိဘူး၊ အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ထားရတဲ့ သင်္ဘောသားလည်းမရှိဘူး၊ အရေးပေါ်ဖြစ်နေတဲ့ ရေတပ်အမှုထမ်းတစ်ယောက်မှ မရှိဘူးလို့ ပြောကြားလိုက်ပါတယ်။

> **“ဒီကိစ္စဟာ အမေရိကန်ရဲ့ နိုင်ငံကာကွယ်ရေး ဆောင်ရွက်နေတဲ့ တပ်ဖွဲ့ဝင်တွေရဲ့ အသင့်အနေအထားတည်ရှိမှုအပေါ် စိန်ခေါ်နေပါတယ်။ ချက်ချင်းလက်ငင်းဆိုသလိုပဲ မျှော်လင့်မထားတဲ့ တိုက်ပွဲသစ်တစ်ခုမှာ သီအိုဒိုရုစဗဲ့သင်္ဘောဟာ ရှေ့တန်းစစ်မျက်နှာတစ်ခုအနေနဲ့ ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်”**

**ကိုးကား-အေအက်ဖ်ပီ**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၁-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၂-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၄၃) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၂-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံ (သို့မဟုတ်) အိမ်တွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုမှုခံယူနေသူ (၆၂)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (ဇယား-၁) တွင်ဖော်ပြထားရှိသော လူနာ (၄) ဦး၏ ဓာတ်ခွဲအဖြေတွင် COVID-19 ရောဂါပိုးတွေ့ရှိ (တွေ့ရှိ)ရပြီး ကျန်လူနာ (၅၈) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (Case- 015) ၏ အနီးကပ်ထိတွေ့ဆက်စပ်သူ မိသားစုဝင် (၄)ဦး အား ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့ရှိ ၎င်းတို့၏နေအိမ်တွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုပြီး ဓာတ်ခွဲနမူနာရယူ၍ စစ်ဆေးခဲ့ရာ ၎င်း၏ ခင်ပွန်းဖြစ်သူ အသက် (၄၇)နှစ်၊ သားဖြစ်သူ အသက် (၁၀)နှစ်၊ သမီးဖြစ်သူ အသက် (၈)နှစ်နှင့် တူမဖြစ်သူ အသက် (၁၈)နှစ်၊ စုစုပေါင်း (၄)ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရပါသည်။ ၎င်းတို့အား သတ်မှတ်ဆေးရုံသို့ စနစ်တကျလွှဲပြောင်း၍ သီးခြားထားရှိ ကုသမှုပေးသွားမည် ဖြစ်ပါသည်။

ဇယား -၁

COVID-19 ရောဂါအတွက် ဓါတ်ခွဲစစ်ဆေးမှုအခြေအနေ

(၂-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | လွန်ခဲ့သော (၁၄) ရက်အတွင်း ခရီးသွားရာဇဝင် | ယခုကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသည့် နေရာ | အသွားအလာကန့်သတ်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| 17 | ၄၇ နှစ် | ကျား | မရှိပါ။ | ပေါက်ခေါင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၃၁-၃-၂၀၂၀ | တွေ့ရှိ |
| 18 | ၁၀ နှစ် | ကျား | မရှိပါ။ | ပေါက်ခေါင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၃၁-၃-၂၀၂၀ | တွေ့ရှိ |
| 19 | ၈ နှစ် | မ | မရှိပါ။ | ပေါက်ခေါင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၃၁-၃-၂၀၂၀ | တွေ့ရှိ |
| 20 | ၁၈ နှစ် | မ | မရှိပါ။ | ပေါက်ခေါင်းမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ၃၁-၃-၂၀၂၀ | တွေ့ရှိ |

- ကျန် (၅၈) ဦး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမတွေ့ရှိပါ။

၅။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၉) ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ ဆေးရုံတွင် လူနာ (၁) ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၉) ဦး နှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် လူနာ (၁) ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁) ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြောင်းရွှေ့လူနာ (၁) ဦး၊ သတ်မှတ်ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရေး စီစဉ်လျက်ရှိသည့် လူနာသစ် (၄)ဦး၊ စုစုပေါင်း (၁၇) ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၂) ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိဆေးကုသမှု ပေးလျက်ရှိပါသည်။ ယနေ့အတွက် ဓာတ်ခွဲစမ်းသပ်အဖြေ ထပ်မံထုတ်ပြန်ရန်မရှိပါ။

၆။ ယခုအခါ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိလာသဖြင့် အဆိုပါလူနာများနှင့် အနီးကပ်ထိတွေ့ဆက်စပ်မှုရှိသူများအား ရှာဖွေဖော်ထုတ်ပြီး အသွားအလာ တားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ဇန်းမော်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်း



**ဗန်းမော် ဧပြီ ၂**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဗန်းမော်ခရိုင် ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း၊ ယာဉ်များ ကြီးကြပ်မှုကော်မတီမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီခွဲက ဗန်းမော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော် ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီတို့ တက်ရောက်ခဲ့သည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး ဗန်းမော်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာမင်းဇော်အေးက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်း၊ ယာဉ်များ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမြမောင်က လှူဒါန်းရခြင်း အကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်း၊ ယာဉ်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်ဖေ နှင့်အဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ ပေးအပ် လှူဒါန်းကာ မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီမှ ဘဏ္ဍာငွေရှာဖွေရေးနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်လှိုင် (မြို့နယ်အုပ်ချုပ်ရေးမှူး)နှင့် အဖွဲ့က လက်ခံခဲ့ကြပြီး ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများထည့်ဝင်သော အလှူငွေ၊ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများကို စာရင်းပြုစု၍ သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနသို့ စနစ်တကျ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိန်းဖြူ (ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်မှုအတွက် ရန်ကုန်ညဈေးသစ် ဆိုင်ခန်းခများ ညှိနှိုင်းပေးမည်

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် A25 Myanmar Development ကုမ္ပဏီက တာဝန်ယူဖော်ဆောင်နေသော ရန်ကုန်ညဈေးသစ်ဆိုင်ခန်းများကို ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်- ၁၉) ရောဂါ ကြိုတင်ကာကွယ်မှုအတွက် ပိတ်ထားသည့်ဆိုင်ခန်းခများ ညှိနှိုင်းပေးမည်ဖြစ်ကြောင်း A25 Myanmar Development ကုမ္ပဏီက တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့က ဆိုင်ခန်းတွေပိတ်ထားဖို့ အမိန့်ထုတ်မထားပါဘူး။ အစိုးရက စာမလာတော့ ဆိုင်ရှင်တွေရဲ့ သဘောအတိုင်းပါ။ ဆိုင်ခန်းခညှိနှိုင်းပေးမယ်ဆိုပြီး လုပ်ထားပါတယ်။ ဧပြီမှာ ဖွင့်မယ်ဆိုရင် ပါဆယ်ရောင်းပါလို့ ပြောထားပါတယ်။ ဒါပေမယ့် ဆိုင်တော်တော်များများက ဝန်ထမ်းတွေပြန်ကျတော့ ပိတ်ထားတာဖြစ်ပါတယ်" ဟု A25 Myanmar Development ကုမ္ပဏီမှ မန်နေဂျာ ဦးနေမျိုးမောင်မောင်က ပြောသည်။



"ယခုလက်ရှိ ဇုန် A မှာ အစားအသောက်ရောင်းလို့မရတဲ့ ဆိုင်ခန်း ၃၀ ကျော်၊ အစားသီးသန့်ဆိုင် ၁၅ ခန်း၊ အဆောင် ၃၀၊ အဟောင်းဆိုင်ခန်း ၂၀၀ ကျော်ရှိတယ်။ ယခုစတင်အကောင်အထည်ဖော်နေတာ ကျောက်တံတားကနေ ရွှေတိဂုံဘုရားလမ်းအထိ ဖြစ်ပါတယ်။ နောက်ထပ် ပန်းဆိုးတန်းကနေ လမ်းမတော်အထိ ဖော်ဆောင်သွားဖို့ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါဆိုင်ခန်းများသည် ရှစ်ပေ၊ ခြောက်ပေပတ်လည် ပစ္စည်းရောင်းချသည့် ဆိုင်ခန်းအချို့ကိုလည်း ဖွင့်လှစ်ထားရှိပြီး အများစုမှာ အမှတ်တရပစ္စည်း အရောင်းဆိုင်များနှင့် အဝတ်အထည်ဆိုင်ခန်းများ ဖြစ်သည်။ လက်ရှိတွင် ညဈေးကို ညနေ ၃ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ထားသည်။ အသစ်ဖွင့်လှစ်ထားသော ရန်ကုန်ညဈေးသစ်မှာ ယခင်ညဈေးများနှင့်မတူဘဲ ဈေးဆိုင်ခန်းများ၊ လူသွားလမ်းများမှာ သန့်ရှင်းသပ်ရပ်နေပြီး စီမံကိန်းတစ်ခုလုံး ပြီးစီးသွားပါက ခရီးသွားများကို ဆွဲဆောင်နိုင်မည့်နေရာတစ်ခု ဖြစ်လာနိုင်ကြောင်း သိရသည်။

အာကာစိုး

## ဆင်ဘိုမြို့ စည်ပင်သာယာဈေးအတွင်း ပိုးသတ်ဆေးဖျန်း

**ဆင်ဘို ဧပြီ ၂**

ကချင်ပြည်နယ် ဆင်ဘိုမြို့ရှိ ဆင်ဘိုစည်ပင်သာယာဈေးအတွင်း ရောဂါပိုးများ မဝင်ရောက်စေရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့မှစတင်၍ တစ်လခန့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးကိုကိုလွင်က ပြောသည်။

ဆင်ဘိုမြို့သည် တရုတ်နိုင်ငံနယ်စပ်နှင့် နီးကပ်မှုရှိသဖြင့် လူအဝင်အထွက်များကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေးလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းစဉ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတိပေးထုတ်ပြန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက် ၉ နာရီက ဆင်ဘိုမြို့ ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာကျော်မင်းထူးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက စည်ပင်သာယာဈေး အတွင်းရှိ ဈေးသူဈေးသားများအား အသိပညာပေးခြင်း၊ ရောဂါကာကွယ်ရေး ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ဆင်ဘိုမြို့စည်ပင်သာယာဈေးအား နေ့စဉ် နံနက် ၅ နာရီမှ မွန်းလွဲ ၂ နာရီ အထိသာ ဖွင့်လှစ်ရောင်းချခွင့်ပေးသွားမည်ဖြစ်ပြီး ယနေ့မှစတင်၍ တစ်လ အတွင်း နေ့စဉ် ညနေ ၃နာရီတွင် ပိုးသတ်ဆေးများ ပုံမှန်ဖျန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဆင်ဘို (ပြန်/ဆက်)

# Quarantine ထားရှိတဲ့ သူတွေသည် လူနာတွေမဟုတ်ပါဘူး၊ ရောဂါသည်တွေ မဟုတ်ပါဘူးဆိုတာ ပြောချင်ပါတယ်

**ဦးညီညီ**

## တွေ့ဆုံမေးမြန်း – သီသီမင်း၊ မင်းသစ် (MNA)

ယနေ့အချိန်အခါသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကမ္ဘာ့ကပ်ရောဂါ (ကိုဗစ်-၁၉) ကူးစက်မြန်အဆုတ်ရောင်ရောဂါ၏ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်လာမှုနှင့်အတူ လူ့အသက်ဆုံးရှုံးမှုများကို ခုခံကာကွယ်နိုင်ရန် အပြင်းအထန် ရုန်းကန်ရင်ဆိုင်နေရသည့် အချိန်အခါပင်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါရှိသူ ၁၆ ဦး စစ်ဆေးတွေ့ရှိလာပြီဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်အစိုးရနှင့်အတူ ကျရာနေရာ၊ ကျရာအခန်းကဏ္ဍမှ ပါဝင်ကာ တစ်ဖက်တစ်လမ်းမှ အားဖြည့်ကူညီဆောင်ရွက်ပေးလျက်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားဖော်ပြလိုက်ရပါသည်။



ဦးညီညီ



ဦးဇော်သက်ထွေး



ကိုသိန်းထိန်



မမိုးမြင့်မာန်

**ဦးညီညီ (လွှတ်တော်ကိုယ်စားလှယ်၊ ရန်ကုန်တိုင်းဒေသကြီး)**

တောင်ဒဂုံမြို့နယ် စိုက်မွေးရပ်ကွက်မှာရှိတဲ့ သီရိဂုဏ်ရည်ဓမ္မရိပ်သာမှာ Community Quarantine အနေနဲ့ကတော့ ၁၇၈ ဦးရှိပြီး Home Quarantine အနေနဲ့ ၁၄၃ ဦးရှိပါတယ်။

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေက စီမံခန့်ခွဲပြီး သက်ဆိုင်ရာဌာနဆိုင်ရာတွေ၊ NGO တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စိုက်မွေးရပ်ကွက်ဓမ္မရိပ်သာ Quarantine မှာ ရပ်ကွက်အုပ်ချုပ်ရေးပိုင်းတွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ ရှိပါတယ်။ ပြောရမယ်ဆိုရင် အကုန်လုံး စုစုစည်းစည်းဆောင်ရွက်ထားပါတယ်။ အစားအသောက်အတွက်ကတော့ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီကနေပြီးတော့ ကျွေးမွေးနေပါတယ်။ တစ်ရက်ကို ရှစ်သိန်းကျော်လောက် ကုန်ကျပါတယ်။ တောင်ဒဂုံမြို့နယ်အတွင်းမှာရှိတဲ့ ရပ်ကွက် ၃၂ ရပ်ကွက်ကိုလည်း ကျန်းမာရေးအသိပညာပေးမှုတွေ ဆောင်ရွက်နေပါတယ်။ Quarantine မှာ လုပ်အားပေးဆောင်ရွက်နေသူတွေကိုလည်း ရောဂါကူးစက်ခံရမှုမရှိအောင် PPE ဝတ်စုံတွေကိုလည်း အလုံအလောက် ဆောင်ရွက်ပေးထားပါတယ်။ အားလုံးကတော့ အန္တရာယ်ကင်းရှင်းပြီး Quarantine ထားရှိတဲ့ သူတွေလည်း ကျန်းမာရေးကောင်းပါတယ်။ အခုဆိုရင် Quarantine ထားရှိမှုအနေအထားက ရက်ပိုင်းသာ လိုပါတော့တယ်။ အလှူရှင်တွေအနေနဲ့ကလည်း ဝိုင်းဝန်းပြီး ပံ့ပိုးကူညီကြပါတယ်။

တောင်ဒဂုံမြို့နယ်မှာ နေထိုင်ပြီး ပြည်ပကို သွားရောက်လုပ်ကိုင်ကြတဲ့ တောင်ဒဂုံမြို့နယ်သူ၊ မြို့နယ်သားတွေ ထပ်မံရောက်ရှိလာမယ်ဆိုရင်လည်း အဆင်သင့်ဖြစ်အောင် Quarantine ထားဖို့ နေရာ (၂)နဲ့(၃)ကိုလည်း စီစဉ်ထားပါတယ်။ Quarantine (၂)ကို အထက(၂) ကျောင်းမှာစီစဉ်ထားရှိပြီး Quarantine (၃)ကို ရွှေဝါဝင်းဝိပဿနာရိပ်သာမှာ စီစဉ်ထားပါတယ်။ နောက်တစ်ခု သတင်းစကားပေးချင်တာက Quarantine ထားရှိတဲ့ သူတွေသည် လူနာတွေမဟုတ်ပါဘူး၊ ရောဂါသည်တွေ မဟုတ်ပါဘူးဆိုတာ ပြောချင်ပါတယ်။

**ဦးဇော်သက်ထွေး (တာဝန်ခံ၊ Hlaing Quarantine Center ရန်ကုန်မြို့)**

ကျွန်တော်တို့ကတော့ ရန်ကုန်မှာ Hlaing Quar-antine Center ဆိုပြီး ပထမဆုံး လူ ၃၅၀ လောက် ထားရှိဖို့ စီစဉ်ခဲ့ပါတယ်။ အဲဒီလိုစီစဉ်တဲ့နေရာမှာ တစ်ခြမ်းချင်း လူတွေက တစ်ယောက်နဲ့ တစ်ယောက် မတွေ့ဘဲနဲ့ အခန်းတွေ ရွေးချယ်ထားတာ ဖြစ်ပါတယ်။ ဒီအခန်းတွေက တစ်ချိန်မှာ ပညာရေးဝန်ကြီးဌာနက ဆရာ ဆရာမတွေ နေဖို့ တည်ဆောက်ထားတဲ့ အခန်းတွေပါ။ ကွန်ဒိုလိုမျိုး ဆောက်ထားတဲ့ အဲဒီအခန်းတွေမှာ အိမ်သာ၊ ရေချိုးခန်း နှစ်ခုပါတယ်။ အခန်းနှစ်ခန်းပါတယ်။ ဒီလိုအခန်းမှာ လူနှစ်ယောက်ကို သီးခြားစီထားပေးထားတယ်။ ဒီလို အခန်းပေါင်း ၁၆၄ ခန်းရှိတယ်။ လူတွေအားလုံးကို တစ်ယောက်တစ်ခန်းစီ ထားပေးထားတယ်။ လက်ရှိ Quarantine ၃၃၄ ဦးထားထားတယ်။ ပြီးတော့ ဆရာဝန်၊ ဆရာမ၊ ဆေးကျောင်းသားနဲ့ စေတနာ့ဝန်ထမ်းလုပ်အားပေး စုစုပေါင်း အားလုံး ၈၀ ရှိတယ်။ အပြင်စည်းလုံခြုံရေးအတွက် ပြည်သူ့ရဲတပ်ဖွဲ့ရှိတယ်။ အရန်မီးသတ်တပ်ဖွဲ့ရှိတယ်။ ပရဟိတအဖွဲ့တွေရှိတယ်။ အဓိက လူပေါင်း ၄၂၅ လောက်ကို ထားရှိတဲ့အခါ ထွက်လာတဲ့ အမှိုက်တွေ၊ သူတို့ကို နံနက်၊ နေ့လယ်၊ ည ထမင်းကျွေးဖို့အတွက်ကို စည်ပင်သာယာကနေ ၁၄ ရက် အပြင်မထွက်ဘဲ ဆောင်ရွက်မယ့် သန့်ရှင်းရေးဝန်ထမ်းတွေလည်း ရှိတယ်။ ဆက်ပြီးတော့ လေဆိပ်နဲ့ တခြားနေရာကနေ Quarantine ထားဖို့ အရေးပေါ် Hlaing Quarantine Center (၂)နဲ့ (၃)ကိုလည်း ပြင်ဆင်ထားတယ်။ (၂) နဲ့ (၃) ကိုတော့ RC2 ထဲက အဆောင်တွေကို လူ ၂၇၀ လောက်နေနိုင်အောင် ပြင်ဆင်ထားတယ်။ အရေးပေါ်ဖြစ်လာရင် ပြင်ဆင်ထားတာပါ။ အဲဒီမှာလည်း ၁၄ ရက်နေပြီး လုပ်အားပေးမယ့် စေတနာရှင်လုပ်အားပေးတွေကို အရန်သင့်ပြင်ဆင်ထားတယ်။ အဲဒီမှာရှိတဲ့ လူတွေအတွက် စားသောက်ဖို့အတွက် စေပိုင်ကုမ္ပဏီအပြင် Quarantine ထားသူတွေအတွက် တခြားစေတနာရှင်၊ အလှူရှင်တွေကလည်း ရေသန့်ဘူး၊ ဆေးဝါး၊ လက်သန့်ဆေးရည်၊ နှာခေါင်းစည်းနဲ့ စာပေဖတ်ရှုနိုင်ဖို့ စာအုပ်စာတမ်း စတာတွေ နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိပါတယ်။ အဲဒါတွေအားလုံးကို စီမံခန့်ခွဲရေးကနေ စနစ်တကျလက်ခံပြီးတော့ ဆောင်ရွက်ပေးပါတယ်။

Quarantine ထားတဲ့အခန်းတွေကို သွားတဲ့အခါ PPE ဝတ်စုံတွေဝတ်ပြီး ထမင်းဟင်းတွေ ပို့ပေးရတယ်။ ပြန်လာရင် PPE ဝတ်စုံတွေကိုချွတ်ပြီး တစ်ခါတည်း အမှိုက်တောင်းထဲထည့်ပြီး မီးရှို့ဖျက်ဆီးပါတယ်။ အဓိက ရေရှည်မှာလိုအပ်တာက ဝန်ထမ်းတွေနဲ့ စေတနာရှင်လုပ်အားပေးတွေအတွက် PPE ဝတ်စုံက လိုအပ်တယ်။ အဲဒီဝတ်စုံက အမြောက်အမြားကုန်ဖို့ရှိတယ်။ လောလောဆယ်မှာ Hlaing Quarantine Center မှာတော့ ကိုယ်အပူချိန်မြင့်တက်ပြီး အဖျားတက်တာ၊ ချောင်းဆိုးတဲ့လူ တစ်ဦးတစ်ယောက်မှတော့ မတွေ့ရသေးပါဘူး။

**ကိုသိန်းထိန် (မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့)**

ကျွန်တော်က Hlaing Quarantine Center မှာ လုပ်အားပေးဆောင်ရွက်နေပါတယ်။ ကျွန်တော် စေတနာ့ဝန်ထမ်းလုပ်လာတာကြာပြီ။ လက်ရှိမှာလည်း ရန်ကုန်နာရေးကူညီမှုအသင်းမှာလည်း စေတနာ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်နေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီရောဂါကပ်ဆိုးကြီး အစတုန်းကတော့ မရောက်လာနိုင်ဘူးဆိုပြီး အားလုံးက တွေးထားကြတယ်။ တကယ်ရောက်လာပြီဆိုတဲ့အချိန်မှာ နဖူးတွေ့၊ ဒူးတွေ့ ဘယ်လိုရင်ဆိုင်ကြမလဲ၊ ရင်ဆိုင်ကြတဲ့အခါမှာ ကိုယ်ကိုယ်တိုင်ကလည်း ပြည်ပက ပြန်လာတဲ့သူဆိုရင် ဘယ်လိုစိတ်နှလုံးသွင်းမလဲ၊ လူတစ်ဖက်သားကို ဘယ်လိုကူညီမလဲ၊ အဲဒီအချိန်မှာ ဆရာမကြီး ဒေါ်သန်းမြင့်အောင်ကနေပြီးတော့ ပရဟိတလုပ်ဖို့အတွက် လူတွေခေါ်တဲ့အချိန်မှာ ကျွန်တော်တို့ သေသေချာချာစဉ်းစားရမှာက ဒီအလုပ်က တစ်ရက်၊ နှစ်ရက်တည်း လုပ်အားပေးရမယ့် အလုပ်မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင်လည်း ပိုးရှိတဲ့လူနာနဲ့ တွေ့တဲ့အခါ ဖြစ်သွားရင် ကိုယ်တိုင်လည်း စောင့်ကြည့်ခံရတဲ့ပုံစံမျိုး ရောက်သွားနိုင်တယ်။ ရောက်သွားနိုင်တဲ့အတွက် ကိုယ်ကိုယ်တိုင် ဒီအလုပ်ကို လုပ်နိုင်ပြီလား၊ ပိုးရှိတဲ့လူနာနဲ့ ကိုယ်ကိုယ်တိုင်တွေ့ခဲ့ရင်၊ အကူးခံရရင် ဘယ်လိုစိတ်မျိုးထားမလဲ၊ အကုန်လုံး အဆုံးစွန်ထိရင်ဆိုင်ပြီး Quarantine ထားမယ့်သူတွေကို ကူညီဖို့ ဒီစေတနာ့ဝန်ထမ်းအလုပ်ကို ရွေးချယ်ခဲ့တာပါ။

ကိုယ်တိုင်လည်း ရောဂါကူးစက်မခံရအောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားတဲ့အတိုင်း ဘာပစ္စည်းကိုပဲကိုင်ကိုင် ကိုင်ပြီးတိုင်း လက်ကို လက်သန့်ဆေးရည်နဲ့ ဆေးတယ်။ ဆေးလွန်အားကြီးတော့ လက်တွေတောင်ပူလို့ နောက်ပိုင်း ရေနဲ့ ဆပ်ပြာနဲ့ပဲ ဆေးတယ်။ ရေနဲ့ဆပ်ပြာကတော့ အကောင်းဆုံးပဲလို့ မြင်တယ်။ Quarantine ထားတဲ့သူတွေနဲ့တွေ့တိုင်း PPE ဝတ်စုံတွေ ဝတ်ရတယ်။ ပြောမယ်ဆိုရင်တော့ မကူးစက်အောင် အတတ်နိုင်ဆုံး ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းရပါတယ်။

**မမိုးမြင့်မာန် (ရန်ကုန်မြို့)**

လှည်းကူး မဇ္ဈိမဂုဏ်ရည်ဘုန်းတော်ကြီးကျောင်းမှာ ဖွင့်ထားတဲ့ Quarantine စင်တာမှာ စေတနာ့ဝန်ထမ်းအဖြစ် လုပ်အားပေးဆောင်ရွက်နေပါတယ်။ ကျွန်မက အသင်းအဖွဲ့က မဟုတ်ပါဘူး။ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးကနေ လုပ်အားပေးခေါ်တာကို အွန်လိုင်းမှာ တွေ့လို့ စာရင်းပေးပြီး ဒီမှာ လုပ်အားလာပေးတာပါ။ ဒီမှာ ကျွန်မလို စေတနာ့ဝန်ထမ်းလုပ်အားပေး အယောက် ၂၀ လောက်ရှိပါတယ်။

အိမ်ကတော့ စိတ်ပူတာပေါ့။ ဒါပေမယ့် ခွင့်ပြုပါတယ်။ တွေးပြီး ကြောက်နေတာထက်စာရင် အခုလို လာပြီး ပူးပေါင်းဆောင်ရွက်တာက အတွေ့အကြုံလည်း ရတယ်။ ဒီလိုအခြေအနေမှာ အစိုးရချည်းပဲမဟုတ်ဘဲနဲ့ ကိုယ်တတ်နိုင်တဲ့ဘက်က တစ်ဖက်တစ်လမ်းကနေ အကူအညီပေးရမယ်ဆိုတာ တွေးမိပြီး လာခဲ့တာပါ။ ဒီရောက်တာ ငါးရက်ရှိပါပြီ။

> **“ဒီအလုပ်က တစ်ရက်၊ နှစ်ရက်တည်း လုပ်အားပေးရမယ့် အလုပ်မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင်လည်း ပိုးရှိတဲ့လူနာနဲ့ တွေ့တဲ့အခါ ဖြစ်သွားရင် ကိုယ်တိုင်လည်း စောင့်ကြည့်ခံရတဲ့ပုံစံမျိုး ရောက်သွားနိုင်တယ်။ ရောက်သွားနိုင်တဲ့အတွက် ကိုယ်ကိုယ်တိုင် ဒီအလုပ်ကို လုပ်နိုင်ပြီလား၊ ပိုးရှိတဲ့လူနာနဲ့ ကိုယ်ကိုယ်တိုင် တွေ့ခဲ့ရင်၊ အကူးခံရရင် ဘယ်လိုစိတ်မျိုးထားမလဲ”**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဒီမှာတော့ Quarantine ထားမယ့်သူတွေကို ထမင်းပို့ပေးတာတွေ၊ သူတို့လိုအပ်တာတွေ ဆောင်ရွက်ပေးရပါတယ်။ အတွေ့အကြုံတွေကတော့ အများကြီးရတယ်။ ဒီမှာ Quarantine ထားတဲ့သူတွေကတော့ ကျန်းမာရေးကောင်းကြပါတယ်။ ကိုယ့်ကိုယ်ကိုယ်တော့ နည်းနည်းစိတ်ပူမိတယ်။ အိမ်ပြန်ရင် မိသားစုရှိတယ်လေ။

ဒီ Quarantine စင်တာမှာ လုပ်အားပေးတာ လူငယ်တွေများပါတယ်။ အားလုံးကလည်း ဆန္ဒပြုပြီးလာခဲ့ကြတာပါ။ ကျွန်မတို့က လူငယ်တွေလေ။ မတော်တဆ ကူးခဲ့ရင်တောင် ကိုယ်ခံအားကောင်းတော့ ပြန်ကောင်းနိုင်တယ်။ သူတို့ကို ကူညီမယ့်သူတွေမလာရင် ဘယ်သူတွေက ကူညီမှာလဲ။ ဒါက အားလုံးနဲ့ဆိုင်တဲ့ကိစ္စပါ။ လူငယ်တွေအနေနဲ့ ဒီလိုမျိုး အားလုံးနဲ့ဆိုင်တဲ့ကိစ္စတွေမှာ ပါဝင်တာ နိုင်ငံအတွက်လည်း ကောင်းပါတယ်။ ဒီလိုတွေးပြီး ပါဝင်ခဲ့တာပါ။

**ဒေါက်တာပိုင်ခန့် (အတွင်းရေးမှူး၊ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး Mobile Team ဆပ်ကော်မတီ)**

ကျေးလက်ကျန်းမာရေးဌာန ၃၁ ခုမှာ Facility Quarantine ထားရှိတဲ့ စာသင်ကျောင်းပေါင်း ၁၀၁ ခုမှာ Quarantine ထားတဲ့သူ ၆၅၇ ဦးရှိပါတယ်။ မြဝတီကနေ မကွေးကို ကားနဲ့ပြန်လာတဲ့သူတွေကို မကွေးတိုင်းဒေသကြီးအစိုးရနဲ့ ကရင်ပြည်နယ်အစိုးရ ချိတ်ဆက်ပြီး သက်ဆိုင်ရာ မြို့နယ်တွေကို ပြန်ပြီးတော့ ဘယ်မြို့နယ်က ဘယ်နှယောက်ဆိုပြီး စာရင်းပေးတယ်။ အဲဒီစာရင်းအတိုင်း သက်ဆိုင်ရာမြို့နယ်တွေကို ပြန်လွှတ်တယ်။ ပြန်လာတဲ့သူတွေကို ကျန်းမာရေးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပေါင်းပြီးတော့ သူတို့ကိုခေါ်ပြီး ကျောင်းဆောင်တွေမှာ ထားတယ်။ သူတို့အတွက် နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးအတွက် စီစဉ်ပေးထားတယ်။ Quarantine ထားဖို့ ၁၄ ရက် စီစဉ်ပေးရတယ်။

Quarantine ထားတဲ့သူတွေအတွက် ကူညီဆောင်ရွက်ပေးဖို့ မင်းလှမြို့မှာရှိတဲ့ ဌာနဆိုင်ရာတွေအပြင် ပရဟိတအဖွဲ့တွေကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါတယ်။ လိုအပ်တာတွေကိုကူညီဖို့၊ စောင့်ကြည့်ဖို့အတွက်လည်း ပရဟိတအဖွဲ့တွေက ကူညီပေးကြပါတယ်။

ပြည်ပကနေ ပြန်လာတဲ့သူတွေကို ကျန်းမာရေးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပေါင်းပြီးတော့ Quarantine ထားမယ့်နေရာ ရောက်တဲ့အချိန်မှာ သူတို့ကို အပူချိန်တိုင်းတာလုပ်တယ်။ ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုဆင်ခြင်ရမယ်၊ ဘယ်လိုဂရုစိုက်ရမယ်ဆိုတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ရှင်းပြတယ်။ သူတို့နဲ့ ထိတွေ့ဆက်ဆံတဲ့အဖွဲ့တွေကိုလည်း ရောဂါဖြစ်တဲ့သူပါလာရင် ကူးစက်မှုတွေမရှိအောင် ခြောက်ပေအကွာကနေ လိုအပ်တာတွေဆောင်ရွက်ပေးဖို့ ပြည်ပကနေ ပြန်လာတဲ့သူအချင်းချင်းကိုလည်း သီးခြား တစ်ယောက်ကို ခြောက်ပေအနည်းဆုံးထားပြီး သီးခြားနေဖို့ ဆောင်ရွက်ပေးထားပါတယ်။ ဒီမှာတာဝန်ထမ်းဆောင်နေတဲ့ ဌာနဆိုင်ရာတွေနဲ့ စေတနာရှင်လုပ်အားပေးတွေကိုလည်း နှာခေါင်းစည်းတွေတပ်ဖို့၊ ထိတွေ့ကိုင်တွယ်ပြီးတိုင်း လက်ကိုစင်ကြယ်စွာဆေးဖို့၊ လက်နဲ့ မျက်နှာတွေ၊ ပါးစပ်တွေကို မထိတွေ့ဖို့ ပညာပေးတာတွေ လုပ်ထားပါတယ်။

အခက်အခဲ တချို့တော့ရှိပါတယ်။ Quarantine မှာနေတဲ့ တချို့ကျတော့ နားမထောင်တာတွေ၊ စည်းကမ်းမလိုက်နာတာတွေရှိတယ်။ သူတို့ကို နားလည်အောင် ရှင်းပြရပါတယ်။ ပြီးတော့ ရပ်ရွာဒေသခံတချို့ကျတော့ စိုးရိမ်စိတ်ရှိတယ်။ ပြန်လာတဲ့သူတွေကို ဒီနေရာတွေမှာထားရင် ပတ်ဝန်းကျင်မှာ ဒီလိုမျိုးဖြစ်ခဲ့ရင်၊ ရောဂါတွေပါလာရင် ငါတို့ကို ကူးမှာလားဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ ကန့်ကွက်တာတွေ ရှိတယ်။ အဲဒီအခက်အခဲတွေလည်း ကျော်လွှားရတာပေါ့။ သူတို့ကိုလည်း ပညာပေးရှင်းပြ၊ ပြောပြရပါတယ်။



ဒေါက်တာပိုင်ခန့်



ကိုဝေလင်းအောင်

**ကိုဝေလင်းအောင် (မြောင်းမြ)**

မြောင်းမြမြို့ ပရိယတ္တိစွမ်းအားတောရကျောင်းမှာ ဖွင့်လှစ်ထားတဲ့ Quarantine စင်တာမှာ စေတနာ့ဝန်ထမ်းဆောင်ရွက်နေပါတယ်။ Quarantine စင်တာက ၂၇ ရက်က စဖွင့်တယ်။ ကျန်းမာရေးဌာနကိုလည်း ကူညီရာရောက်၊ ကိုယ့်မြို့ကိုလည်း ကာကွယ်ရာရောက်အောင် ကိုယ်တတ်နိုင်သလောက် ပါဝင်ကူညီတာပါ။

ကိုယ့်ကိုယ်ကိုယ်လည်း ကူးစက်မခံရအောင် Quarantine ထားတဲ့သူတွေနဲ့ အတတ်နိုင်ဆုံး ခြောက်ပေလောက်ခွာပြီး သူတို့လိုအပ်တာတွေ ဆောင်ရွက်ပေးတယ်။ သူတို့အတွက် စားစရာ၊ သောက်ဖို့ ရေသန့်ပို့တာတွေ ဆောင်ရွက်ပေးရတယ်။ သူတို့ အသုံးပြုပြီး စွန့်ပစ်ပစ္စည်းတွေ ဖျက်ဆီးပေးရတာတို့ ဆောင်ရွက်ပေးရပါတယ်။ သူတို့ကိုလည်း ပူးပေါင်းဆောင်ရွက်ဖို့ ညှိနှိုင်းရတာတွေရှိတယ်။ နားလည်အောင် ပြောပြရတာတွေ ရှိပါတယ်။

ကျွန်တော်တို့အဖွဲ့က မြောင်းမြမှာ ကရုဏာရှင်လူငယ်များအသင်းဆိုပြီး ဖွဲ့ထားပါတယ်။ ကိုဗစ်-၁၉ ကိစ္စမှာ တစ်မြို့လုံးမှာရှိတဲ့ ပရဟိတအသင်းတွေကလည်း ဝိုင်းဝန်းပါဝင် လုပ်ကိုင်ကြပါတယ်။ မြောင်းမြမှာရှိတဲ့ ပရဟိတအသင်းတွေဆိုရင် ပြည်ပက ပြန်လာတဲ့သူတွေကို မြို့ဝင်ဂိတ်ကနေ လူနာတင်ကားနဲ့ မြို့အပြင် တစ်ဖက်ခြမ်းမှာရှိတဲ့ Quarantine Camp အထိ ပို့ဆောင်ပေးတာတွေရှိတယ်။ ဒီ ပရိယတ္တိစွမ်းအားတောရကျောင်း Quarantine စင်တာမှာ လုပ်အားပေးတာ ကျွန်တော်တို့ မြောင်းမြ ကရုဏာရှင်လူငယ်များအသင်းသားရယ်၊ တက်ကြွလှုပ်ရှားသူ ပရဟိတသမားအချို့ရယ် ရှိနေပါတယ်။



# ချောက်မြို့၌ ကိုဗစ်-၁၉ ရောဂါဖြင့် အထင်မှားခံရသေဆုံးသူမှာ ဓာတ်ခွဲစမ်းသပ်ချက်အရ အခြားရောဂါဖြင့်သေဆုံးဟုသိရ

**ချောက် မေ ၂**

မကွေးတိုင်းဒေသကြီး ချောက်မြို့ ပြည်သူ့ဆေးရုံ၌ မတ် ၃၁ ရက်က အပြင်းဖျား သတိလစ်၍ တက်ရောက်ခဲ့သော အမှတ် (၁၂) ရပ်ကွက် သံကန်ကုန်းရပ်နေ ဦးတင်လင်းထွန်း(၃၀ နှစ်) မှာ မြို့နယ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးကော်မတီက အပြင်းဖျား သတိလစ်ခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါကုသခြင်းအတွက် ပြင်ဆင်ထားသည့် ကုသဆောင်၌ ထားရှိကုသခဲ့ရာ ယင်းနေ့တွင်ပင် လူနာသည် သေဆုံးခဲ့ပြီး ယင်းလူနာ၏ အာခေါင်ချွဲသလိပ်တို့ကို ဓာတ်ခွဲဌာန(နေပြည်တော်)သို့ ပေးပို့စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အဖြေရရှိ၍ မြို့နယ် ရောဂါကာကွယ်ထိန်းချုပ်ကုသရေးကော်မတီ အတွင်းရေးမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုချိုမာနှင့် သတင်းမီဒီယာသမားတို့အား သေဆုံးမှုမှာ ယခုဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ရောဂါ လုံးဝမဟုတ်ကြောင်း၊ အခြားရောဂါဖြင့်သာ သေဆုံးသွားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ကျော်မိုး (ပြန်/ဆက်)**

# ပြည်ပနှင့် နယ်စပ်မြို့များမှ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျနေထိုင်သွားရန် ဆွေးနွေးမှာကြား

**ပွင့်ဖြူ မေ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ပြည်ပနှင့် နယ်စပ်မြို့များမှ ပြန်လည် ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ၁၄ ရက်ကြာ စောင့်ကြည့်၍ ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိရာ မေ ၁ ရက် ညနေ ၄ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ ပွင့်ဖြူမြို့နယ် ကိုရိုနာဗိုင်းရပ်စ်(ကိုဗစ်-၁၉)ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံပြီး စနစ်တကျနေထိုင်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်း၊ ပွင့်ဖြူမြို့နယ် ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်နှင့် တာဝန်ရှိသူများအဖွဲ့က ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာအုပ်စုသို့ သွားရောက်ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်မြင့် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ကျေးရွာအဝင်လမ်းထိပ်၌ ရပ်ဝေးမှ ပြန်လာသော ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များအား အပူချိန်တိုင်းကိရိယာဖြင့် ရောဂါရှာဖွေစစ်ဆေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာနေပြည်သူများ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအန္တရာယ် ကင်းဝေးစေရေးအတွက် ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကို အလေးထားလိုက်နာဆောင်ရွက်ရန်နှင့် ထိရောက်သော ရောဂါကာကွယ်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများအဖွဲ့သည် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာအုပ်စု ငွေ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပြီး နယ်စပ်မြို့များမှ ပြန်လည်ဝင်ရောက်လာသူ လေးဦးအား သတ်မှတ်နေရာများတွင် ၁၄ ရက်ကြာ သီးခြားစောင့်ကြည့်၍ ကျန်းမာရေးစစ်ဆေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စောင့်ကြည့်ခံလူများအတွက် စားဝတ်နေရေးကိစ္စရပ်များနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ စနစ်တကျစီစဉ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားကာ စောင့်ကြည့်ခံလူများအနေဖြင့်လည်း ယခုလို သီးခြားထားရှိပြီး ကျန်းမာရေး စစ်ဆေးဆောင်ရွက်ပေးရခြင်းသည် အများပြည်သူ စိုးရိမ်ထိတ်လန့်မှုမဖြစ်စေရန်နှင့် ရောဂါကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်၍ သတ်မှတ်နေရာများတွင် စနစ်တကျနေထိုင်သွားကြရန်နှင့် မိမိကိုယ်ကိုယ် ကျန်းမာရေးဂရုစိုက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပွင့်ဖြူမြို့နယ်အနေဖြင့် ပြည်ပနိုင်ငံများနှင့် နယ်စပ်မြို့များမှ ပြန်လည် ဝင်ရောက်လာသူဦးရေမှာ ဒီဇင်ဘာလမှ ယခု မေ ၁ ရက်အထိ စုစုပေါင်း လူဦးရေ ၁၃၄၇ ဦးရှိပြီး ၁၄ ရက် စောင့်ကြည့်လူဦးရေစာရင်းအနေဖြင့် နေအိမ်ကန့်သတ်စောင့်ကြည့်မှု ဆောင်ရွက်ထားရှိသူ ၄၃၄ ဦးနှင့် သွားလာမှုကန့်သတ်စောင့်ကြည့်မှု ဆောင်ရွက်ထားရှိသူ ၈၈ ဦး စုစုပေါင်း ၅၂၂ ဦးရှိကြောင်း သိရကာ အဆိုပါ စောင့်ကြည့်ခံလူများကို မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစိုးစိုးနိုင်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက နယ်မြေရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ လိုအပ်သော ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အာဟာရများ ထောက်ပံ့ပေးအပ်

**ဆီဆိုင် မေ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် မေ ၂ ရက် နံနက် ၁၀ နာရီက ၁၄ ရက်ကြာ သီးသန့်နေထိုင် ကျန်းမာရေးစောင့်ကြည့်မှုခံယူနေသည့် နေရပ်ပြန်ပြည်သူများအား ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ပအိုဝ်းလူငယ်အစည်းအရုံး(တောင်ကြီး)မှ အာဟာရများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှုစင်တာစခန်းများဖြစ်သည့် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့ရှိ ကျန်းမာရေးစောင့်ကြည့်မှု ခံယူနေသည့် နေရပ်ပြန်ပြည်သူများအား အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်များ တိုင်းတာစစ်ဆေးခြင်းနှင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ပအိုဝ်းလူငယ်အစည်းအရုံး (တောင်ကြီး)မှ ဒုတိယဥက္ကဋ္ဌ နန်းခမ်းဗိုနှင့် အဖွဲ့က ရေသန့်၊ မားမားခေါက်ဆွဲ၊ ကော်ဖီမစ်၊ တစ်ရှူးနှင့် မုန့်များကို တစ်ဦးချင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# ကယားပြည်နယ်အစိုးရအဖွဲ့သို့ ကိုဗစ်-၁၉ နှင့်စပ်လျဉ်း၍ လှူဒါန်းမှုများအား ကယားပြည်နယ်ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်



**လွိုင်ကော် မေ ၂**

ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ကယားပြည်နယ်အတွင်း ကာကွယ်တားဆီးရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့် ပစ္စည်းများကို စေတနာရှင်၊ အလှူရှင်များက ပေးအပ်လှူဒါန်းလျက်ရှိသည်။

အဆိုပါ လှူဒါန်းမှုများအနေဖြင့် မေ ၁ ရက်အထိ ပစ္စည်းလက်ခံရရှိမှုများမှာ ရေသန့်ကတ် ၃၅၇၇ ကတ်၊ နှာခေါင်းစည်း ၉၀၀၀၊ PPE ဝတ်စုံ ၁၉၀၊ လက်သန့်ဆေးရည် ၁၀၀၀ မီလီလီတာဘူး ၅၃၀၊ ၅၀၀ မီလီလီတာ ၄၉၂ ဘူး၊ တစ်ဂါလန်ဘူး ၁၀ ဘူးနှင့် ဌာနများမှ လှူဒါန်းမှု ၇၅ ဘူး၊ လက်အိတ်စုံ ၅၀ ပါဘူး ၅၀၊ မုန့်မျိုးစုံ ၃၈ ဖာအပြင် အောက်ဆီဂျင်စက် နှစ်လုံးတို့ကို လက်ခံရရှိခဲ့သည်။

ယင်းလှူဒါန်းမှုပစ္စည်းများအား လွိုင်ကော်ခရိုင်အတွင်း ဖွင့်လှစ်ထားရှိသည့် ကျန်းမာရေးစစ်ဆေးနေသည့်ဂိတ်များသို့ ရေသန့်ကတ် ၇၃၀၊ နှာခေါင်းစည်း ၂၁၉၀၊ လက်သန့်ဆေးရည်ဘူး ၂၁၀ နှင့် မုန့်ခုနစ်ဖာ၊ ဘောလခဲခရိုင်အတွင်းရှိ ကျန်းမာရေးစစ်ဆေးနေသည့်ဂိတ်များသို့ ရေသန့်ကတ် ၆၅၀၊ နှာခေါင်းစည်း ၁၉၅၀၊ လက်သန့်ဆေးရည်ဘူး ၁၅၀ နှင့် မုန့်ငါးဖာတို့ကိုလည်းကောင်း၊ လွိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားသည့် နေရာများ၌ အဆင်ပြေစေရေးအတွက် နှာခေါင်းစည်း ၅၀၀၊ လက်သန့်ဆေးရည် ငါးဂါလန်နှင့် လက်အိတ်အစုံ ၅၀ ပါ ၁၀ ဘူးနှင့် ပြည်နယ်အတွင်း ဖွင့်လှစ်ထားရှိသည့် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားသည့်နေရာများအတွက် ရေသန့်ကတ် ၂၁၄၃ ကတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အပြင် သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားသည့်နေရာများ၌ တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအား အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ရန်အတွက် စေတနာရှင်များ၏ လှူဒါန်းပစ္စည်းများဖြစ်သော ရေသန့်ကတ် ၅၄ ကတ်၊ နှာခေါင်းစည်း ၄၃၆၀၊ PPE ဝတ်စုံ ၁၉၀၊ လက်သန့်ဆေးရည် ၁၀၀၀ မီလီလီတာ ဘူး ၁၇၀၊ ၅၀၀ မီလီလီတာ ၄၉၂ ဘူး၊ တစ်ဂါလန်ဘူး ငါးဘူးနှင့် ဌာနများမှ လှူဒါန်းမှု ၇၅ဘူး၊ လက်အိတ်အစုံ ၅၀ ပါ ဘူး ၄၀၊ မုန့်မျိုးစုံ ၂၈ ဖာအပြင် အောက်ဆီဂျင်စက် နှစ်လုံးတို့ကို ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယနေ့ ညနေ ၄ နာရီတွင် ၎င်း၏ ရုံးခန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီသို့ လွှဲပြောင်းပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်နယ်ကော်မတီ အတွင်းရေးမှူး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က လက်ခံယူခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**လွိုင်ကော်(ပြန်/ဆက်)**

# တောင်ငူတွင် ပြည်ပမှပြန်ရောက်လာသည့် ကန့်သတ်စောင့်ကြည့်ထားသူများကို ထောက်ပံ့ရေးပစ္စည်းများပေးအပ်

**တောင်ငူ မေ ၂**

တောင်ငူမြို့နယ်အတွင်း (မေ ၁ ရက် အထိစာရင်း) အရ ပြည်ပမှ ပြန်ရောက်လာသော အမျိုးသား ၁၅၀၊ အမျိုးသမီး ၄၃ ဦး၊ စုစုပေါင်း ၁၉၃ ဦး နှင့် ရပ်/ကျေးစောင့်ကြပ်ကြည့်ရှုရေး အဖွဲ့ဝင်များအတွက် နှာခေါင်းစည်း၊ လက်အိတ်၊ လက်သန့်စင်ဆေးရည်၊ လက်ကမ်း ကြော်ငြာများ၊ စောင်နှင့် အသုံးအဆောင်ပစ္စည်းများ၊ မုန့်နှင့် အချိုရည်၊ ရေသန့်များ စသည်တို့ကို အသွားအလာ ကန့်သတ်ထားသည့် စခန်း ၄၀ သို့ စုပေါင်းအဖွဲ့ငါးဖွဲ့က သွားရောက်ပို့ဆောင် ဆွေးနွေးအားပေးခဲ့ကြသည်။



ကိုဗစ်-၁၉ ကာကွယ်ရေးစုပေါင်း အဖွဲ့တွင် တောင်ငူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ပါတီဝင်များ၊ မြို့နယ် လူငယ်ရေးရာ ကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ခရိုင်နာရေးကူညီမှုအသင်း၊ DR၊ ERT၊ Save the tree စသည့် ပရဟိတအသင်းများပါဝင်ကာ အုပ်စုခွဲ၍ သွားရောက်ခဲ့ကြသည်။

အဖွဲ့(၁)တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအိအိမင်းနောင်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၊ ERTအဖွဲ့၊ Save the tree အဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့ ပါဝင်သောအဖွဲ့သည် ကန့်သတ်စောင့်ကြည့်ခံရသူများရှိရာ အထက (၁)၊ သီတဂူဗုဒ္ဓတက္ကသိုလ်၊ TTC ကျောင်းဟောင်း၊ ရှမ်းမင်းသား ဟိုတယ်၊ ငွေလုံမူလွန်ကျောင်း၊ ရှမ်းစုကြီးမူလွန်ကျောင်း၊ ၁၂ ရပ်ကွက်ရှိ ဇောင်ချမ်းတောင် မူလွန်ကျောင်း၊ ၂ ရပ်ကွက်မြွာရုံတို့သို့ သွားရောက်ပေးပို့အားပေးခဲ့ကြောင်း သိရသည်။

**သူရ (တောင်ငူ)**

# လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးနှင့် နှစ်ထပ်ဈေးကို တစ်ပတ်လျှင် သုံးရက်သာ ဈေးရောင်းချသွားမည်

**လွိုင်ကော် မေ ၂**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ သီရိမင်္ဂလာဈေးနှင့် နှစ်ထပ်ဈေးကို တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူး၊ စနေနေ့ သုံးရက်သာ ဖွင့်လှစ်ရောင်းချခွင့်ပေးသွားမည်ဖြစ်ပြီး ကျန်ပိတ်ရက်များအား ဈေးအတွင်း ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

ကယားပြည်နယ်အတွင်း ကိုဗစ် – ၁၉ နှင့်ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လွိုင်ကော်မြို့တော်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လူစည်ကားရာနေရာများဖြစ်သည့် သီရိမင်္ဂလာဈေးနှင့် နှစ်ထပ်ဈေးများတွင် ဈေးရောင်းချနေမှုကို တစ်ပတ်လျှင် သုံးရက်သာ ရောင်းချမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ပြောသည်။

လွိုင်ကော်မြို့အတွင်းရှိ စားသောက်ဆိုင်ကို ဆိုင်ထိုင်ရောင်းချခြင်းမပြုဘဲ ပါဆယ်စနစ်ဖြင့်သာ ရောင်းချရန် အသိပေးနှိုးဆော်စာများကို ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ ပြည်သူများအတွက် နေ့စဉ်လိုအပ်လျက်ရှိသည့် စားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် စသည့် အခြားသီးနှံများကို သီရိမင်္ဂလာဈေးအပြင်ဘက်တွင် သီးသန့်ရောင်းချရန် နေရာကိုလည်း စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်မှုအပိုင်းများကိုလည်း တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအနေဖြင့် မြို့နယ်အတွင်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများ ထားရှိသည့်နေရာများတွင် လိုအပ်သော ရေနှင့် အမှိုက်စွန့်ပစ်ပစ္စည်းများကို အဓိက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော နှာခေါင်းစည်းများ၊ တစ်ကိုယ်ရေရောဂါ ကာကွယ်ရေးဝတ်စုံများ၊ လက်သန့်ဆေးရည်များ၊ လက်အိတ်များကို ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလေး (ပြန်/ဆက်)**

# ရွှေကူမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများဆောင်ရွက်



**ရွှေကူ မေ ၂**

ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရွှေကူမြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက်၊ ရွှေကူမြို့ပေါ် ရပ်ကွက်လမ်းများ၊ ရွှေကူမြို့ စည်ပင်သာယာမြို့မဈေးအတွင်း၊ အမှတ်(၂) စည်ပင်သာယာဈေးနှင့် ခုံခမ်းရပ်ကွက်ဈေး၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိသော စောင့်ကြည့်လူနာများထားရှိရာ ရွှေကူမြို့နယ် စီသောင်ကျေးရွာနှင့် မံဝိန်းကျေးရွာ စာသင်ကျောင်းများတွင် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်ခဲ့ပြီး ရွှေကူမြို့နယ် ကြက်ခြေနီအသင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေကူမြို့နယ်လုံးဆိုင်ရာ နာရေးကူညီမှုအသင်း၊ ရွှေကူမြို့နယ် ကြက်ခြေနီအသင်းနှင့် စေတနာရှင်များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်မျိုးအောင်**

**(ပြန်/ဆက်)**

# မိုးကောင်း၌ ပြည်ပမှ ပြန်လာသူ ခုနစ်ဦးအား စောင့်ကြည့်နေ

**မိုးကောင်း မေ ၂**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ယမန်နေ့က တရုတ်ပြည်နယ်စပ်မှ ပြန်လာသူ ခုနစ်ဦးကို နေအိမ်များနှင့် စာသင်ကျောင်းတွင် ၁၄ ရက် စောင့်ကြည့်ထားကြောင်း သိရသည်။ ကချင်ပြည်နယ် လွယ်ဂျယ်မြို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် တရုတ်နိုင်ငံ လားရင်းမြို့တွင် ကြံခုတ်လုပ်ငန်းလုပ်ကိုင်ရာမှ အမျိုးသား သုံးဦး၊ အမျိုးသမီး လေးဦးသည် မိုးကောင်းမြို့သို့ ပြန်လည်ရောက်ရှိလာရာ ငါးဦးမှာနေအိမ်များတွင် အသွားအလာ ကန့်သတ်ခြင်း ပြုလုပ်ထားပြီး နေအိမ်အခက်အခဲရှိသည့် နှစ်ဦးအား အထက (၂) တွင် ဖွင့်လှစ် ထားသည့် အသွားအလာ ကန့်သတ်စောင့်ကြည့်ရန်ထားသည့် ခန်းမတွင် ၁၄ ရက်စောင့်ကြည့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

## နေ့အပူချိန်များ

**နေပြည်တော် မေ ၂**

နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် ရမည်းသင်းမြို့၊ တံတားဦး(လေကြောင်းမိုးလေဝသ)၊ ချောက်မြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့နှင့် တောင်ငူမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# သင်္ကြန်အပြီးကာလတွင် စတင်ထွက်ရှိလာမည့် မြန်မာ့သရက်သီးဈေးကွက် ကိုဗစ်-၁၉ ကြောင့် ဆိုးရွားစွာထိခိုက်မှုမရှိနိုင်ဟုသိရ



မန္တလေး ဧပြီ ၂
သင်္ကြန်အပြီးကာလတွင် ရာသီပေါ်သီးနှံအဖြစ် စတင်ထွက်ရှိလာမည့် မြန်မာ့သရက်သီးဈေးကွက် အခြေအနေမှာ ပြည်တွင်းစားသုံးမှု များပြားပြီး ပြည်ပသို့ တင်ပို့ရောင်းချရန်မှာယူမှုများရှိနေသဖြင့် လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကြောင့် ဆိုးရွားစွာ ထိခိုက်မှုမရှိနိုင်ကြောင်း မြန်မာ့သရက် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

လာမည့်သင်္ကြန်အပြီးကာလတွင် မြန်မာ့သရက်သီး မျိုးစုံမျိုးကွဲများ ဈေးကွက်သို့ စတင်ဝင်ရောက်လာတော့မည်ဖြစ်ရာ လက်ရှိအချိန်တွင် တောင်သူများအနေဖြင့် အရည်အသွေးကောင်းမွန်သည့် သရက်သီးများ ခူးဆွတ် တင်ပို့ရောင်းချနိုင်ရန် အိတ်စွပ် ပြင်ဆင်ခြင်းကို လုပ်ဆောင်နေကြပြီး မေလ ပထမပတ်အတွင်း၌ ဝင်းမှည့်သည့် သရက်သီးများ ဈေးကွက်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။**(အပေါ်ယာပုံ)**

"လက်ရှိကာလမှာ မူဆယ်ဈေးကွက်မှာလည်း ဖရဲ၊ သခွားက အရောင်းအဝယ်တွေ ပြန်ပြီးကောင်းလာတယ်။ ကျွန်တော်တို့ရဲ့ အားသာချက်က ပြည်တွင်းမှာ သရက်သီးကို ရာသီပေါ်သီးနှံအနေနဲ့ ဖရဲ၊ သခွားထက် ပိုပြီးစားသုံးတဲ့သူ များပြားတယ်။ နောက်တစ်ခါ ဒီနှစ်မှာ ဂျပန်နိုင်ငံကလည်း သရက်သီးကနေ အနှစ်ထုတ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ဖို့ အိတ်မစွပ်တဲ့ သရက်သီး တန်ချိန် ၁၂၀၀ ကို စာချုပ်ချုပ်ပြီး ဝယ်ထားတဲ့အပြင် အခြားပြည်ပပို့မယ့် ဝယ်လက်တွေကလည်း မှာယူဖို့ တောင်းဆိုမှုတွေ ရှိနေကြတဲ့အတွက် မြန်မာ့သရက်ဈေးကွက်က ကိုဗစ်-၁၉ ကြောင့် ဆိုးဆိုးရွားရွား ထိခိုက်နိုင်ခြေမရှိဘူးလို့ ပြောလိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သရက်စိုက် တောင်သူတွေကလည်း အလားအလာ ကောင်းတယ်လို့ ယူဆပြီး ပြည်ပတင်ပို့ဖို့အတွက် အိတ်စွပ်ပြင်ဆင်နေကြတယ် "ဟု ၎င်းက ပြောသည်။

မြန်မာ့ သရက်သီးများကို ပြည်ပဈေးကွက်တွင် ဈေးနှိမ်ဝယ်ယူခြင်းမရှိစေရန် အရောင်အသွေးတူညီသည့် သရက်သီးများအဖြစ် တင်ပို့ရောင်းချနိုင်စေရေးအတွက် သရက်သီးများအား အိတ်စွပ်သည့်အချိန်တွင် အိတ်များကို မိမိတို့ စိုက်ပျိုးရာဒေသအလိုက် တောင်သူများ စုပေါင်း၍ ဝယ်ယူကာ အိတ်စွပ်ခြင်းကို လုပ်ဆောင်စေလိုကြောင်း ၎င်းက ဆက်လက် အကြံပြုပြောဆိုသည်။

သရက်သီးကို နှစ်စဉ် အရွက်ပေါ်ချိန်၊ ပန်းပွင့်ချိန်နှင့် အသီးပေါ်ချိန်များတွင် သရက်ခြံများသို့ တိုက်ရိုက်လာရောက်၍ ခြံပြတ်ဝယ်ယူမှုများရှိပြီး ဧပြီလလယ်ပိုင်းတွင် ရောင်းတန်းဝင် သရက်သီးများ စတင်ထွက်ပေါ်ကာ မေလအတွင်း၌ ထွက်ရှိသည့် သရက်သီးများမှာ အရည်အသွေးအကောင်းဆုံး ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး အတွင်း၌ သရက်စိုက်ဧက ၃၂၅၇၅ ဧက ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

ရန်ကုန် ဧပြီ ၂
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဧပြီ ၄ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အမြဲပြုံးနေတတ်ပြီး စိတ်ရှည်သည်းခံစိတ်ရှိသော ကိုလာတွင် သူငယ်ချင်းအပေါင်းအသင်းကောင်းများရှိနေပုံအကြောင်းကို ရေးဖွဲ့ထားသော ကာတွန်းသိက္ခာ၏ "ပြုံးနေလိုက်" မျက်နှာဖုံးကာတွန်း၊ နေစွမ်းအင်၏ ကမ္ဘာကြီးအပေါ် သက်ရောက်မှု အချက်တချို့အကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "နေစွမ်းအင်၏ သက်ရောက်မှု" သုတဆောင်းပါး၊ ဖိုးဇော်၏ ပါပီလေးကို ကောင်းကောင်း လေ့ကျင့်ပေးထားပုံအကြောင်းကို ဟာသရေးဖွဲ့ထားသည့် "ခြင်းဆွဲ" နှစ်မျက်နှာကာတွန်း၊ သားငယ်မောင်စိုးထွန်း၏ ကျောင်းစည်းကမ်းများကို စနစ်တကျလိုက်နာပြီး ပညာရေးတွင် ထူးချွန်ရုံမက သူငယ်ချင်းအချင်းချင်း ရိုင်းပင်းကူညီကာ လိုအပ်ချက်ရှိပါက ကောင်းမွန်သော ထိုးထွင်းကြံဆနိုင်စွမ်းရည် အပြည့်ရှိခြင်း ကြောင့် အများက အားကျ အတုယူခံရသူ ဖြစ်ကြောင်း ပညာပေး ရေးဖွဲ့ထားသည့် ကလေးဝတ္ထု အပါအဝင် ရွှေသွေး အင်္ဂလိပ်စကား ဝိုင်း၊ ဉာဏ်စမ်း ကဏ္ဍ၊ ကဗျာ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။




**သတင်းစဉ်**

# ရေဖြူမြို့နယ်၌ ပင်လယ်ရေထွက်ကုန်သားငါးများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်



ရေဖြူ ဧပြီ ၂
ကိုဗစ်-၁၉ ဖြစ်ပွားနေမှုကာလအတွင်း တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် ပင်လယ်ရေထွက်ကုန် ပစ္စည်းများဖြစ်သော ပုစွန်၊ ငါး၊ ကင်းမွန်၊ ကဏန်းစသည့် သားငါးများကို ယခင်ကထက် ဈေးနှုန်းချိုသာစွာဖြင့် ယမန်နေ့က ရောင်းချသည်။

ယင်းသို့ရောင်းချရာ ယခင်က ငါးတစ်ပိဿာလျှင် ငွေကျပ် တစ်သောင်းနှုန်း ရောင်းချနေသော ငါးမှာ ငွေကျပ် ၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ယခင်က ကင်းမွန်တစ်ပိဿာ ငွေကျပ် ၆၀၀၀ ဈေး ရောင်းချမှုမှာ ငွေကျပ် ၄၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ပုစွန်၊ ကဏန်း၊ သားငါးများ၏တန်ဖိုးမှာ ယခင်ကထက် တစ်ပိဿာ ငွေကျပ် ၂၀၀၀ ခန့်ဖြင့်လည်းကောင်း လျှော့ပြီးရောင်းချလျက်ရှိသည်။

ကိုဗစ်-၁၉ ကြောင့် ပြည်ပတင်ပို့နေသော သားငါးများ ပြည်တွင်းမှာပင် တင်ပို့ရောင်းချနေသောကြောင့် ဈေးနှုန်းလျှော့၍ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

**ဖြူဖြူရှိန်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၄-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၀ | ကျပ် | ၅၃၀/၅၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ | ကျပ် | ၅၄၅/၅၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ | ကျပ် | ၄၃၀/၄၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ | ကျပ် | ၆၀၅/၆၁၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၈ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၈ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၆ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၃ . ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၅၃ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၀၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၉၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၆၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၄၂၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၅၀၀ | ၂၅၅၇ | ၂၄၇၅၆၀၀၀ |
| MTSH | ၃၅၀၀ | ၃၄၀၀ | ၆၈၃၉ | ၂၃၃၇၄၄၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂၆ | ၂၀၂၈၀၀ |
| FPB | ၂၁၀၀၀ | ၂၁၀၀၀ | ၂၆၄ | ၅၅၄၄၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၉ | ၅၁၃၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီဆွေ၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

## ကိုဗစ်-၁၉ ကာကွယ်ရေး အလှူငွေများ လှူဒါန်း

### ပင်လောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဌက္ကဋ္ဌ ဦးခွန်စံလွင်နှင့်ဇနီး ဒေါ်တင်တင်ဝင်း မိသားစုတို့က ပင်လောင်းမြို့နယ်ရှိ ဆေးရုံများနှင့် ကျန်းမာရေးဌာနများအတွက် ကိုယ်အပူချိန်တိုင်းကိရိယာ၊ နှာခေါင်းစည်း၊ PPE ဝတ်စုံများ ပေးအပ်လှူဒါန်းခြင်းနှင့် နိုင်ငံတော်နှင့် ပြည်သူလူထုများမှ ထောက်ပံ့သောပစ္စည်းများကို ကျေးလက်ကျန်းမာရေးဌာနများသို့ ခွဲဝေပေးခြင်း အခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေးက မြို့နယ်အတွင်းရှိ ဆေးရုံများနှင့် ကျန်းမာရေးဌာနများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ထောက်ပံ့ပစ္စည်းများ ခွဲဝေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နိုင်ငံတော်မှ PPE ဝတ်စုံ ၂၀၊ နှာခေါင်းစည်း ၄၀၀၊ ဆေးစိမ်ခြင်ထောင် ၂၀၀၊ လက်အိတ် ၂၄၀၀ တို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အပူချိန်တိုင်းကိရိယာ နှစ်ခု၊ လက်အိတ် ငါးဘူး၊ နှာခေါင်းစည်း ၅၀၀၊ ဝတ်စုံပြာ ၅၀၊ ဖိနပ် ၂၀ တို့ကို လည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ အပူချိန်တိုင်း ကိရိယာ ၅၀၊ PPE ဝတ်စုံ ၁၀ စုံ၊ နှာခေါင်းစည်း ၅၀၀ စသည့်ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ပြီး မြို့နယ်ပြည်သူ့ဆေးရုံလက်ထောက်ဆရာဝန်၊ တိုက်နယ်ဆေးရုံဆရာဝန်များနှင့် ကျေးလက်ကျန်းမာရေးဌာန တာဝန်ခံများက လက်ခံရယူကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### ပူတာအို

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ကျန်းမာရေးဆိုင်ရာအထောက်အကူပြု ပစ္စည်းများဝယ်ယူနိုင်ရေးနှင့် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်စေရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးခရိုင်အဆင့်ကော်မတီသို့ ခရိုင်အဆင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများနှင့်လုပ်ငန်းရှင် ကုမ္ပဏီများ စုပေါင်းလှူဒါန်းသော အလှူငွေများပေးအပ်ပွဲကို ဧပြီ ၁ ရက် မွန်းလွဲ ၂ နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ခရိုင်အဆင့် ကိုဗစ်-၁၉ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးဦးသန့်ဇင်က ပူတာအိုခရိုင်တွင် ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက်ကော်မတီဝင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လုပ်ဆောင်မှသာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း အောင်မြင်မည်ဖြစ်ပါကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက်အလှူငွေလှူဒါန်းပေးအပ်ပွဲကိုကျင်းပရာ ငွေသားနှင့်PPEဝတ်စုံ တန်ဖိုးအပါအဝင်ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့်ဒေသတွင်းကုမ္ပဏီများမှ ထည့်ဝင်လှူဒါန်းငွေ ၃၇၆၀၀၀၀ ကျပ်ကိုပေးအပ်လှူဒါန်းခဲ့ကြကာ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီအတွင်းရေးမှူးဒေါက်တာသန့်ဇင်ထွန်းက လက်ခံယူပြီး ပူတာအိုခရိုင်၏ကျန်းမာရေးအခြေအနေများ၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် ကျေးဇူးတင်စကားကို ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ဆန်းညွန့်(ပူတာအို)**

### မကွေး

မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီ၏ အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ဧပြီလ ၁ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းဌေးက လှူဒါန်းမှု၊ အလှူခံရရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားကာ ပညာရေးမိသားမှ အလှူငွေကျပ် ၄၃ သိန်းအား ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထံ လှူဒါန်းပေးအပ်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက ယခုအခါ မိမိတို့အနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလို လှူဒါန်းမှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးကျော်ဌေးနှင့် ဒေါ်ခင်ချိုလတ်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖိုးနီ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး မြို့နယ်အဆင့် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။
**သန်းနိုင်ဦး(ငဖဲ)**

### မော်လမြိုင်

မွန်ပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းကို ယမန်နေ့က ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက စုပေါင်း ပက်ဖျန်းခဲ့ကြ သည်။ မွန်ပြည်နယ်(၁၀) မြို့နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပိုးသတ်ဆေးဖျန်းခြင်းအပြင် ပင်စင်လစာလာရောက်ထုတ်ယူကြသည့် အငြိမ်းစားဝန်ထမ်းများ၊ ဘဏ်နှင့်ဆက်သွယ်သူများ၊ ငွေသွင်း/ငွေထုတ် လာရောက်သူများအား ကျန်းမာရေးဝန်ထမ်းများမှ ကိုယ်အပူချိန်တိုင်းတာ စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး ဘဏ်ထဲသို့အဝင်တွင် လက်သန့်ဆေးရည်များထားရှိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဝေလင်း(ပြန်/ဆက်)**

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် အထောက်အကူပြုပစ္စည်းများနှင့် စားသောက်ကုန်များ လှူဒါန်း

**ကလေး ဧပြီ ၂**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် အထောက်အကူပြုပစ္စည်းများနှင့် စားသောက်ကုန်များ စုစုပေါင်း ငွေကျပ် ၁၄၂၈၀၀ တန်ဖိုးရှိပစ္စည်းများကို ယမန်နေ့ မွန်းလွဲပိုင်းက ကလေးမြို့ ကိုဗစ် – ၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးကော်မတီထံသို့ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**




ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကလေးမြို့ မြို့ဝင်မြို့ထွက် ကျန်းမာရေးစစ်ဆေးသော ဂိတ်များထားရှိသည့် ကလေးမြို့မှ ချင်းတောင်ဘက်အထွက် ကိုးမိုင်ဂိတ် ( ခိုင်ကမ်းဂိတ် ) နှင့် ဂန့်ဂေါဘက်အထွက် နတ်ချောင်းဂိတ်(ချောင်းခွဂိတ်)၊ ကလေးဝမှ ကလေးမြို့အဝင် ကျီကုန်းဂိတ်တို့ရှိ အချိန်ပြည့်တာဝန်ထမ်းဆောင်နေရသည့် ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များအတွက် နှာခေါင်းစည်း အခု ၆၀၀၊ ရေမလိုလက်သန့်ဆေးရည် (၅၀၀ မီလီ) ခြောက်ဘူး၊ ရေမလိုလက်သန့်ဆေးရည် (၅ လီတာ) ဘူး ၃၀၊ လက်ဆေးဆပ်ပြာရည် (၅၀၀ မီလီ) ခြောက်ဘူး၊ အရက်ပြန် (၁၀၀ မီလီ) ဘူး ၆၀၊ ဆန် ၂၄ ပြည်ဝင်အိတ် ၂၀၊ ပဲ ပိဿာ ၃၀ ပါ တစ်အိတ်၊ ငါးသေတ္တာ ၄၈ ဘူး၊ ဆီ သုံးပုံး၊ အာလူး ပိဿာ ၃၀၊ ကြက်သွန်နီ ပိဿာ ၃၀ တို့ကို လှူဒါန်း ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါပစ္စည်းများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဦးထွန်းထွန်းလွင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမူ(ခ)ရှားမီး တို့က လွှဲပြောင်းပေးအပ်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက လက်ခံယူခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

## မိုင်းယောင်းမြို့နယ် ကျေးရွာအချို့တွင် အဝင်အထွက်ကန့်သတ်မှုကို ပြည်သူများကိုယ်တိုင်ပြုလုပ်

**မိုင်းယောင်း ဧပြီ ၂**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် မိမိကျေးရွာ အတွင်းသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားလာခြင်း မရှိစေရေးအတွက် ရပ်မိရပ်ဖနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ညှိနှိုင်းပြီး ကျေးရွာအဝင်အထွက်ကန့်သတ်မှုကို ဧပြီ ၁ ရက်က ပြည်သူများ ကိုယ်တိုင်ကိုယ့်အားကိုယ်ကိုး ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။



မိုင်းယောင်းမြို့နယ်ရှိ ကျေးရွာတစ်ရွာ၌ အဝင်အထွက် ကန့်သတ်မှုများ ပြုလုပ်နေစဉ်

လူအဝင်အထွက်စစ်ဆေးခြင်း၊ နေအိမ်တွင် အသွားအလာ ကန့်သတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများရှိက အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်၊ လတ်တလောကာလအတွင်း မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် ပတ်ဝန်းကျင်တွင် ခရီးသွားရာဇဝင်ရှိပြီး ကိုယ်ပူဖျားနာခြင်းနှင့် ချောင်းဆိုးခြင်းဖြစ်ပွားမှုများ ရှိပါက အနီးဆုံးကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပို့ခြင်း၊ သွားရောက်ပြသခြင်းများ ဆောင်ရွက်နိုင်ရန် ကျန်းမာရေးအသိ စိတ်ဖြင့် ပြည်သူများ ကိုယ်တိုင်ပြုလုပ်ဆောင်ရွက်နေလျက်ရှိသည်။

ကိုဗစ်အန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် "ပြည်သူသာလျှင် အဓိက"ဖြစ်သဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာအဆောက်အအုံများတွင် ထားရှိပြီး အသွားအလာကန့်သတ်နေရာများလည်း ပြင်ဆင်ပြုလုပ်နေလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## ဖျာပုံမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် မြို့အဝင်ကျန်းမာရေးစစ်ဆေးမှုကို အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်မည်

**ဖျာပုံ ဧပြီ ၂**
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် ဖျာပုံမြို့နယ်၌ ကိုဗစ်-၁၉ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအဖြစ် မြို့အဝင်ခရီးသွားပြည်သူများအား ကျန်းမာရေး စစ်ဆေးခြင်းလုပ်ငန်းများကို ဧပြီ ၁ ရက်က ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့၌ ကိုဗစ်-၁၉ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ ပါဝင်သော ဖျာပုံမြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဦးစီးကော်မတီက ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပြီး၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါကြိုတင် ကာကွယ်ရေးလုပ်ငန်း တစ်ခုအဖြစ် ဖျာပုံမြို့သို့ ရန်ကုန်-မအူပင်-ကျိုက်လတ်-ဖျာပုံ လမ်းမှ ဝင်ရောက်လာသည့် ခရီးသည်များအား ဖျာပုံမြို့အဝင် (၁၄)ရပ်ကွက် ရုံးရှေ့တွင်လည်းကောင်း၊ ဒလ-တွံတေး-ကွမ်းခြံကုန်း-ဒေးဒရဲ လမ်းများမှ ဝင်ရောက်လာသည့်ခရီးသည်များအား ဖျာပုံ-ဒေးဒရဲ တံတားအဆင်း ဖျာပုံကုန်ကားဝင်း၌ လည်းကောင်း ယာဉ်များကို ရပ်စေကာ ခရီးသည် တစ်ဦးချင်းစီအား ကိုယ်အပူအချိန်တိုင်းတာပေးခြင်း၊ ခရီးသွားမှတ်တမ်းများစစ်ဆေးခြင်း အစီအစဉ်များကို အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စစ်ဆေးခြင်းလုပ်ငန်းများကို မတ် ၂၈ ရက်မှစတင်၍ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေး ကော်မတီဝင်များအပြင် မြို့ပေါ်ရှိ စေတနာ့ဝန်ထမ်း(Volunteer) ကို ဖိတ်ခေါ်ကာ လိုအပ်သော ကျန်းမာရေး အသိပညာများ သင်တန်းပေး၍ ပူးပေါင်းဆောင်ရွက်နေမှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြန်မာ့စီးပွားရေးဘဏ်များအား ပိုးသတ်ဆေးပက်ဖျန်း

**နမ္မတူ ဧပြီ ၂**
ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လားရှိုး၊ ကျောက်မဲ၊ နမ္မတူနှင့် အခြားမြို့အသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် ဘဏ်ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့အား ကိုဗစ်-၁၉ ကာကွယ်နိုင်ရန်အတွက် ဝန်ထမ်းအဖွဲ့အစည်းများနှင့် ဒေသခံလူမှုရေးအသင်း၊ ပရဟိတအသင်းတို့က မတ် ၃၁ ရက်တွင် ပိုးသတ်ဆေးများ ပက်ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

**မြန်မာ့စီးပွားရေးဘဏ်**



## ပုပ္ပားတောင်ကလပ်တွင် ဘုရားဖူးဧည့်သည်များ ဝင်ရောက်မှုမရှိတော့သည့်အတွက် မျောက်များ အစာရေစာရှားပါးလာ



တောင်ကလပ်ဂေါပကရုံးအဖွဲ့က ပုပ္ပားတောင်ကလပ်ရှိ မျောက်များကို အစာကျွေးနေစဉ်။

**ကျောက်ပန်းတောင်း ဧပြီ ၂**
ကိုဗစ် - ၁၉ ဖြစ်ပွားမှု စတင်လာပြီးသည့်နောက် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် ယခုအခါ ဧည့်သည်ဝင်ရောက်မှုမရှိတော့သဖြင့် တောင်ကလပ်ပျော်မျောက်များအတွက် စားရေရိက္ခာပြတ်လပ်မှုများ ဖြစ်ပေါ်လာခဲ့ရာ တောင်ကလပ်ဂေါပကအဖွဲ့ဝန်ထမ်းများနှင့်လူမှုရေးအဖွဲ့များက ခရမ်းချဉ်သီး၊ သင်္ဘောသီး အစရှိသည်တို့ကို ကျွေးမွေးနေရသည်။

ပုပ္ပားတောင်ကလပ်တွင် နှစ်စဉ်နှစ်တိုင်း ဘုရားဖူးဧည့်သည် အဝင်နည်းပါးသည့် မိုးရာသီကာလများတွင်သာ မျောက်များ အစာရေစာရှားပါးမှု ကြုံတွေ့ရတတ်သော်လည်း လုံးဝ ပြတ်လပ်သွားသည်မရှိဘဲ ရောက်ရှိလာသည့် ဘုရားဖူးများ၊ ပြည်ပဧည့်သည်များနှင့် ဒေသခံဈေးသည်များ၏ ကျွေးမွေးမှုဖြင့် အဆင်ပြေမှု များရှိခဲ့သည်။ ယခုအခါ ဘုရားဖူးရာသီ အစမှာပင် ကိုဗစ် - ၁၉ ကြောင့် ဘုရားဖူးဧည့်သည် ဝင်ရောက်မှု မရှိတော့သလောက်ဖြစ်ခဲ့ရာ အနီးဝန်းကျင်မှ ဒေသခံဈေးသည်များလည်း လာရောက်ဈေးရောင်းချခြင်း မရှိတော့သဖြင့် တောင်ကလပ်ပျော်မျောက်များအတွက် အစာရေစာရှားပါးပြတ်လပ်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အခုအခြေအနေကတော့ မျောက်စာကို သီးခြားရှာဖွေပြီး ကျွေးနေရတယ်။ အလှူရှင်ရှိရင်လည်း အလှူရှင်ကကျွေးတာပေါ့။ အလှူရှင် မရှိရင်လည်း ကျွန်တော်တို့ တောင်ကလပ်ဂေါပကအဖွဲ့ ဝန်ထမ်းတွေနဲ့ အလှူခံဌာနတာဝန်ခံတွေက ကျွေးမွေးသွားမှာပါ" ဟု တောင်ကလပ်ဂေါပကရုံးအဖွဲ့မှူး ဦးဝင်းလှိုင်က ပြောသည်။

မျောက်စာဒါနပြု လှူဒါန်းလိုသူများရှိပါကလည်း ကိုယ်တိုင်ကျွေးလိုပါက ဂေါပကအဖွဲ့နှင့် ဆက်သွယ်၍ အဆိုပါနေရာများတွင် ကျွေးနိုင်ကြောင်းနှင့် ငွေကြေးလှူဒါန်းလိုပါကလည်း တောင်ကလပ်ဂေါပကအဖွဲ့ရုံး အဖွဲ့မှူး ဦးဝင်းလှိုင် ဖုန်း ၀၉-၂၆၃၄၄၄၈၇၈ နှင့် တောင်ကလပ် ငြိမ်းချမ်းရေးပရဟိတ အမှိုက်ကောက်အဖွဲ့ဥက္ကဋ္ဌ ကိုပြည့်ဖြိုးအောင် ဖုန်း ၀၉-၅၄၁၈၅၅၈ သို့ ဆက်သွယ် လှူဒါန်းကျွေးမွေးနိုင်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်မှ ပဲဆီများကို ယခင်ဈေးနှုန်းအတိုင်း ရောင်းချပေးလျက်ရှိ

**ညောင်ဦး ဧပြီ ၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် ဆီစက်မှ ပြည်တွင်း စားသုံးဆီဖူလုံစေရေးအတွက် ပဲဆီများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ပြည်သူများ စားသုံးဆီနှင့် ပတ်သက်ပြီး အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် ညောင်ဦးမြို့နယ် သမဝါယမအသင်းစုပိုင် ဆီစက်အနေဖြင့် ပဲဆီများကို ဈေးနှုန်း ပြောင်းလဲခြင်းမရှိဘဲ ယခင်ရောင်းချနေသည့် ဈေးနှုန်းအတိုင်း ရောင်းချပေးနေကြောင်း ညောင်ဦးမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဌေးက ပြောသည်။

ညောင်ဦးမြို့နယ် သမဝါယမအသင်းစုအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် အသင်းစုပိုင် အနော်ရထာဆီစက်ဖြင့် နေ့စဉ် ညောင်ဦးပဲဆီသန့် ၂၂၅ ပိဿာခန့် ထုတ်လုပ်လျက်ရှိပြီး လက်လီဈေးနှုန်း အနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ရောင်းချ၍ လက်ကား ဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၅၉၀၀ နှုန်းဖြင့် ရောင်းချပေးကာ သမဝါယမအသင်းအချင်းချင်းကို တစ်ပိဿာ လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချပေးနေကြောင်း၊ အများပြည်သူတို့အတွက် စိတ်အေးချမ်းသာစွာ ဝယ်ယူစားသုံးနိုင်ရေး ယခင်ဈေးနှုန်းအတိုင်း ဆက်လက်ရောင်းချပေးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါဆီစက်မှ ထွက်ရှိသော ညောင်ဦးပဲဆီသန့်များကို ပုဂံညောင်ဦးမြို့နယ်အပြင် သမဝါယမဦးစီးဌာန (ရုံးချုပ်)၊ ကယားပြည်နယ် သမဝါယမအသင်းစုချုပ်၊ မိုးကုတ်မြို့နယ် သမဝါယမအသင်းစု၊ ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစု၊ မဟာအောင်မြေမြို့နယ် သမဝါယမအသင်းစု၊ ကျောက်ပန်းတောင်းမြို့နယ်သမဝါယမ အသင်းစုများသို့ ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ပုံမှန်ဈေးနှုန်းအတိုင်း တင်ပို့ရောင်းချလျက်ရှိကြောင်း ညောင်ဦးမြို့နယ် သမဝါယမ အသင်းစုဥက္ကဋ္ဌက ဆက်လက်ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## ကိုဗစ် - ၁၉ ကြောင့် အရောင်းအဝယ်နည်းပါးကာ ဈေးနှုန်းများကျဆင်းနေ

**ရေတာရှည် ဧပြီ ၂**
ကိုဗစ် - ၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် အသိပညာပေးနှိုးဆော်မှုများ၊ လိုက်နာရန်ဒေသန္တရအမိန့်များ ထုတ်ပြန်ခဲ့ပြီးနောက် ဈေးဆိုင်များတွင် လာရောက်ဝယ်ယူသူအလွန်နည်းပါးခဲ့ပြီး မြို့များရှိ စည်ပင်သာယာဈေးများ၌ အရောင်းအဝယ် ကျဆင်းကာ ဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း သိရသည်။

"လူတွေက အပြင်သိပ်မထွက်ကြတော့ဘူး။ မသွားမဖြစ်သွားရမယ့် ကိစ္စရှိမှသာ သွားလာကြတာဆိုတော့ ပါဆယ်သာရောင်းတဲ့ စားသောက်ဆိုင်တွေနဲ့ လက်ဖက်ရည်ဆိုင်တွေမှာ လူအလွန်ပါးသွားတယ်။ အရောင်းအဝယ် မဖြစ်သလောက်ပဲ" ဟု ရေတာရှည်မြို့ခံ တစ်ဦးက ပြောသည်။

ထို့အတူ စည်ပင်သာယာဈေးများအတွင်း နေ့စဉ်ဈေးလာရောက်ဝယ်ယူသူများမှာ ယခင်ကထက်များစွာလျော့နည်းသွားခဲ့ပြီး ဆွာမြို့ဈေးအတွင်း ကြက်သားရောင်းသူတစ်ဦးက "အရောင်းအဝယ်ကတော့ အရင်ကထက်အများကြီး နည်းသွားတယ်။ ဈေးနှုန်းက မတက်ပါဘူး။ ကြက်သားတစ်ပိဿာကို အရင်က ငွေကျပ် ၅၅၀၀ ရောင်းတယ်။ အခု ငွေကျပ် ၅၀၀၀ ပဲရောင်းရတယ်။ အချို့ ကုန်စည်လေးတွေကတော့ အဝင်နည်းသွားလို့ ငွေကျပ် ၁၀၀ တက်၊ ၂၀၀ တက်၊ အဲဒီလောက်ပါပဲ။ ဈေးရောင်းလို့ကတော့ အရင်လိုပုံမှန်ဖြစ်ဖို့ အတော်စောင့်ရဦးမယ် ထင်တယ်"ဟု ပြောသည်။ လူအများနှင့် ထိတွေ့ဆက်ဆံနေကြရသည့် ကုန်စုံဆိုင်များအနေဖြင့် ဈေးဝယ်များကို ဆိုင်အတွင်းပေးဝင်ခိုင်းခြင်း မရှိတော့ဘဲ လိုအပ်သည့်ပစ္စည်းကို ထုတ်ပေးသည့်စနစ်ဖြင့် ရောင်းချခြင်း၊ နေ့တစ်ပိုင်း ဆိုင်ပိတ်ခြင်းတို့ကြောင့် အရေးတကြီး လိုအပ်၍ လာရောက်ဝယ်ယူသော ဈေးဝယ်များအတွက် အဆင်မပြေမှုများ ရှိနေကြောင်း သုံးသပ်ပြောကြားမှုများ ရှိနေသည်။

"အခုကာလမှာ စီးပွားရေး အရ ထိခိုက်နစ်နာမှုတွေ ရှိတာကတော့ အားလုံးလိုလိုပဲ။ ဒါပေမယ့်လည်း ကူးစက်ရောဂါကြီးကို ထိန်းချုပ်နိုင်ဖို့အတွက် နိုင်ငံတော်အစိုးရက ထုတ်ပြန်တဲ့ အမိန့်တွေကို အားလုံးက လိုက်နာဆောင်ရွက်ကြဖို့ လိုပါတယ်။ ကိုယ့်တစ်နိုင်ငံတည်းမှ မဟုတ်တာ၊ တစ်ကမ္ဘာလုံးမှာ ဖြစ်နေတာဆိုတော့ တောင့်ခံနိုင်ရမှာပေါ့" ဟု အငြိမ်းစား ဝန်ထမ်းတစ်ဦးက ပြောသည်။

**သန်းလွင်**

## ရန်ကုန်မြို့ မြို့နယ်တချို့တွင် စားဝတ်နေရေး ခက်ခဲသူများအား စားသောက်ကုန်များလှူဒါန်း

**ရန်ကုန် ဧပြီ ၂**
ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၄ လမ်းတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လမ်းသာယာရေးအဖွဲ့များ၏ကူညီမှုဖြင့် စေတနာရှင်တချို့က သက်ကြီးရွယ်အိုများနှင့် လက်လုပ်လက်စားများအား ကိုဗစ် - ၁၉ ကာလအတွင်း အခက်အခဲရှိသူများအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲတို့ကို လှူဒါန်းလျက်ရှိသည်။

"ဒီအချိန်က စား၊ ဝတ်၊ နေရေး ခက်ခဲနေတဲ့ တစ်နေ့လုပ် တစ်နေ့စားတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက်ပဲ လှူပါတယ်။ ဗိုလ်တထောင်၊ ဒလပါတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးက မြို့နယ်ကျန်းမာရေးနဲ့ ဌာနပိုင်းက အခုအလုပ်ဆင်းရတဲ့ဝန်ထမ်းတွေ လှူပေးပါတယ်။ သာကေတမှာလည်း လှူပါတယ်" ဟု အလှူရှင် ကြည်အားမန်ကုမ္ပဏီမှ မချယ်ရီက ပြောသည်။

**သန့်ဇင်ဝင်း**

## ဗီဇအချက်အလက် နည်းပညာများကိုအသုံးပြု၍ စပါးမျိုးသစ်များထွက်ရှိရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၂**
ဗီဇအချက်အလက် နည်းပညာများကို အသုံးပြု၍ မြန်မာနိုင်ငံ၏ ဆန်စပါး စိုက်ပျိုးမွေးမြူရေး ကဏ္ဍမြှင့်တင်ခြင်း ၅ နှစ်တာ စီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီအဖွဲ့ (JICA)၊ Kyushu University နှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ အကျိုးတူပူးပေါင်းကာ ရေဆင်း၊ မြောင်းမြ၊ သဲကုန်းနှင့် အောင်ပန်းတို့တွင် စပါးသုတေသန လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ရေဆင်းစိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ သိရသည်။

စီမံကိန်း၏ အဓိကလုပ်ငန်းစဉ်များဖြစ်သည့် အင်းမရဲဘော်နှင့် ပေါ်ဆန်းစပါးမျိုးတို့၏ အထွက်ကောင်းဗီဇ (၂) မျိုးဖြစ်သည့် GN1 နှင့် WFP1 ဗီဇများပါဝင်သော BC2F2 သားဆက်လိုင်းများကို မျိုးရိုးဗီဇနှင့် ရုပ်သွင်ပြင်လက္ခဏာများ တိုက်ဆိုင်စစ်ဆေး၍ မျိုးလိုင်းရွေးချယ်ခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် မိုးရာသီက အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ အဆိုပါ ရွေးချယ်ထားသော BC2F2 သားဆက်မျိုးလိုင်းများကို BC2F3 သားဆက်လိုင်းများရရန်အတွက် ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် စိုက်ပျိုးထားရှိ၍ ဆက်လက် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စပါးဗက်တီးရီးယား ရွက်ခြောက်ရောဂါဒဏ်ခံနိုင်ရည်ရှိသော ဗီဇများ၊ ဖြတ်ညိုပိုးဒဏ်ခံနိုင်ရည်ရှိသော ဗီဇများ၊ စပါးဂုတ်ကြိုးရောဂါဒဏ်ခံနိုင်ရည်ရှိသော ဗီဇနှင့် ရေမြုပ်ဒဏ်ခံနိုင်ရည်ရှိသော ဗီဇတို့ ပါဝင်သည့် BC1F1၊ BC2F1 နှင့် F1 လိုင်းများ ကိုလည်း ယခုနှစ် ဇန်နဝါရီလက ကွင်းသုတေသနနှင့် Glasshouse အတွင်း စိုက်ပျိုးထားရှိပြီး ဆက်လက်မျိုး ကူးစက်လျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။


ရေဆင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၌ ဗီဇအချက်အလက် နည်းပညာများကို အသုံးပြု၍ စပါးမျိုးသစ်များထွက်ရှိရေး သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက ယမန်နေ့က လာရောက်ကြည့်ရှုစစ်ဆေးပြီး (ယာပုံ) လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**



## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း




### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

ရုပ်ရှင်စတန့်မင်းသားတွေဟာ သက်စွန့်ဆံဖျား အသက်ကိုရင်းပြီးတော့ စတန့်တွေလုပ်ခဲ့ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တချို့ဆိုရင်လည်း စိတ်တွေဘာတွေ ဂယောက်ဂယက်ဖြစ်ပြီးတော့ အသက်တိုကြရ၊ ဒီလိုဟာတွေ တော်တော်များများကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ စတန့်မင်းသားရဲ့ဘဝ ဆိုတာဟာ တကယ့်ကို နုနုနယ်နယ်နဲ့ ပျော့ပျော့ပျောင်းပျောင်း ဘဝခရီးကိုလျှောက်ရတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီအချိန်မှာ တော်တော်များများ စတန့်မင်းသားတွေဟာ မရှိကြတော့ပါဘူး။ အဲဒီအထဲမှာ ရှားရှားပါးပါးနဲ့ ကျွန်တော်တို့ ထူးထူးခြားခြားတွေ့ရတဲ့ စတန့်မင်းသားတစ်ယောက်ရှိပါတယ်။ သူကတော့ အခု ကျွန်တော်နဲ့ဆွေးနွေးမယ့် ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူ့ရဲ့အသက်ကိုပြောရမယ်ဆိုရင်တော့ အခုဆိုရင် အသက် ၉၄ နှစ်ထဲကို ရောက်နေပါပြီ။ သူကတော့ ကျွန်တော်တို့အရွယ်တွေ တော်တော်များများသိကြ အားပေးခဲ့ကြ၊ လက်ခုပ်တီးခဲ့ကြ၊ လက်ခေါက်မှုတ်ခဲ့ကြတဲ့ စတန့်မင်းသား ဒိုင်ဗင်တင်လှဖြစ်ပါတယ်။ အခုကျွန်တော် စတန့်မင်းသားဒိုင်ဗင်တင်လှနဲ့ ရုပ်ရှင်စကားဝိုင်းကို ဆွေးနွေးမှာ ဖြစ်ပါတယ်။



အမည် - ဒိုင်ဗင်တင်လှ
( ၉. ၇. ၁၉၁၆ - ၁၂. ၇. ၂၀၁၂ )
အနုပညာအမည် - ဒိုင်ဗင်တင်လှ
အမည်ရင်း - ဦးလှတင်
အနုပညာလုပ်ငန်းများ - စတန့်မင်းသား (အသံတိတ်၊သံစုံသွင်း၊ အသံထွက် ရုပ်ရှင်ခေတ်)



အမည် - ဦးကြည်စိုးထွန်း
(၉. ၁၂. ၁၉၄၅ - )
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယက၊မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**ကြည်စိုးထွန်း။** ။ အဘရေ နေကောင်းတယ်နော်။

**ဒိုင်ဗင်တင်လှ။** ။ နေကောင်းတယ် နေကောင်းတယ်။

**ကြည်စိုးထွန်း။** ။ ဝမ်းသာပါတယ်။ အခုလို တကယ့်ကို အသက်အရွယ်ကြီးရင့်တဲ့ ရုပ်ရှင်ထဲက ပုဂ္ဂိုလ်ကြီးတစ်ယောက်နဲ့ ကျွန်တော်တို့တွေ့ရတာ ဝမ်းသာပါတယ်။ အခုအသက် ဘယ်လောက်ရှိပါပြီလဲ။

**ဒိုင်ဗင်တင်လှ။** ။ အခု ၉၄ နှစ်။ ဝါဆိုလမှာ ၉၄ နှစ်ဖြစ်သွားပြီ။

**ကြည်စိုးထွန်း။** ။ အခု ကျန်းမာရေးကောင်းတယ်နော်။

**ဒိုင်ဗင်တင်လှ။** ။ ကျန်းမာရေးကောင်းတယ်။ အခုလည်း အားကစားလေးဘာလေး နည်းနည်းလုပ်ရတယ်။ လှုပ်ရှားရတာပေါ့။

**ကြည်စိုးထွန်း။** ။ အားကစားတွေ ဘာတွေလုပ်တယ်ပေါ့။ အခုနေ ဒိုင်ဗင်ထိုးမယ်ဆို ထိုးနိုင်ပါ့မလား။



**ဒိုင်ဗင်တင်လှ။** ။ ထိုးနိုင်တယ်။ ဘုရင့်နောင်တံတားပေါ်က အခုထိုးလို့ရတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။ ဒါပေမယ့် အဘ သွားတွေတော့ မရှိတော့ဘူးနော်။

**ဒိုင်ဗင်တင်လှ။** ။ သွားတော့မရှိတော့ဘူး။

**ကြည်စိုးထွန်း။** ။ နောက် နားလေးကလည်း နည်းနည်းလေး။

**ဒိုင်ဗင်တင်လှ။** ။ မျက်စိကောင်းတယ်၊ နားလေးသွားပြီ။

**ကြည်စိုးထွန်း။** ။ အဘကို တွေ့ရတာ ဝမ်းသာပါတယ်။ ဘာလို့လဲဆိုတော့ စတန့်မင်းသားတွေ တော်တော်များများက မရှိကြတာများတဲ့အထဲမှာ အဘက အခု အသက် ၉၄ နှစ် အရွယ် ထိအောင် တစ်ခါတည်း ကျန်းကျန်းမာမာနဲ့။

**ဒိုင်ဗင်တင်လှ။** ။ ဝမ်းသာပါတယ် သာဓုဗျာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့၊ အဲဒီတော့ အဘ ဘယ်အရွယ်မှာရုပ်ရှင်ထဲကို ဝင်တာလဲ။

**ဒိုင်ဗင်တင်လှ။** ။ ဆယ့်လေးငါးနှစ်ကတည်းက ရုပ်ရှင်ထဲဝင်တာ။

**ကြည်စိုးထွန်း။** ။ သြော် ဆယ့်လေးငါးနှစ်သားကတည်းက။ မွေးတော့ ဘယ်မှာ မွေးတာလဲ။

**ဒိုင်ဗင်တင်လှ။** ။ မွေးတော့ အင်းစိန်ရွာမမှာ မွေးတယ်။

**ကြည်စိုးထွန်း။** ။ သြော် အင်းစိန်ရွာမသား၊ ရန်ကုန်သားပေါ့။ မွေးချင်းပေါက်ဖော် ဘယ်နှယောက်ရှိသလဲ။

**ဒိုင်ဗင်တင်လှ။** ။ မွေးချင်းပေါက်ဖော် အဘတစ်ယောက်တည်းပဲ ရှိတယ်။

**ကြည်စိုးထွန်း။** ။ သြော်။ အဲဒီတော့ ငယ်ငယ်တုန်းက ဒိုင်ဗင်ကို ဘယ်လို လေ့ကျင့်ခဲ့လဲ အဘ။

**ဒိုင်ဗင်တင်လှ။** ။ ငယ်ငယ်တုန်းက ဒိုင်ဗင်ကို ချောင်းတွေ ဘာတွေထဲမှာ ထိုးတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ နောက် အင်းလျားကန်မှာ ထိုးတယ်။

**ကြည်စိုးထွန်း။** ။ ဘာဖြစ်လို့ ဒီလိုဒိုင်ဗင်တွေ ဘာတွေထိုးတာ ဝါသနာပါသလဲ။ ရုပ်ရှင်မင်းသားဖြစ်ချင်ရတာလဲ။ ဘယ်သူ့ကို ကြည့်ပြီးတော့ ရုပ်ရှင်မင်းသားဖြစ်ချင်တာလဲ။

**ဒိုင်ဗင်တင်လှ။** ။ ကိုချစ်ရွှေကြီးကို ကြည့်ပြီးတော့။

**ကြည်စိုးထွန်း။** ။ သြော် ချစ်ရွှေကြီး။

**ဒိုင်ဗင်တင်လှ။** ။ မီးပုံးပျံစီးတယ်လေ။

**ကြည်စိုးထွန်း။** ။ မိကျောင်းနဲ့လည်းသတ်တယ်၊ မြွေနဲ့လည်းသတ်တယ်၊ ကျားနဲ့လည်းသတ်တယ်၊ အမျိုးစုံပဲနော် သူ့ကိုအားကျပြီးတော့ အဘမင်းသားဖြစ်ချင်တာ။

*စာမျက်နှာ ၂၃ သို့*










ကျော်စိုး



ကျော်မိုး



ကျော်ဟိုး



ကျော်ညွန့်





စာမျက်နှာ ၂၂ မှ

ဒိုင်ဗင်တင်လှ။ ။ အားကျတာပေ့ါ၊ နောက် ကိုကျော်ညွန့်။

ကြည်စိုးထွန်း။ ။ ကျော်ညွန့် ဖူးစာနှစ်ခိုင်တို့။

ဒိုင်ဗင်တင်လှ။ ။ သူကလည်း ဘားကျွမ်းဆိုသိပ်ကောင်းတာ။ အဲဒါသူ့တို့ကြည့် အားကျပြီးတော့ ကိုယ်ကလည်း လေ့ကျင့်တာပေ့ါ။

ကြည်စိုးထွန်း။ ။ ကျော်စိုး၊ ကျော်ဟိုး၊ ကျော်မိုးတို့ကိုရော ကြည့်ဖူးသလား။

ဒိုင်ဗင်တင်လှ။ ။ ကိုကျော်စိုး၊ ကိုကျော်မိုးက ကျွန်တော့် ဆရာကြီးပဲ။

ကြည်စိုးထွန်း။ ။ သူက ဒါရိုက်တာလည်း လုပ်ပါတယ်နော်။

ဒိုင်ဗင်တင်လှ။ ။ ဟုတ်ကဲ့ နောက် ကိုတင်ဖေ ကျွန်တော့်ဆရာ။

ကြည်စိုးထွန်း။ ။ သူ့ကားတစ်ကားကို အဘရိုက်တာ ကျွန်တော် တွေ့တယ်နော်။

ဒိုင်ဗင်တင်လှ။ ။ ဟုတ်ကဲ့။

ကြည်စိုးထွန်း။ ။ သူ့ကားက ဘာလဲဆိုတော့ သူလည်းပါတယ်။ ‘လင်းလုရောင်ခြည်’။

ဒိုင်ဗင်တင်လှ။ ။ ‘လင်းလုရောင်ခြည်’။

ကြည်စိုးထွန်း။ ။ ‘လင်းလုရောင်ခြည်’ဆိုတဲ့ကားမှာ တင်ဖေရယ်၊ ဒိုင်ဗင်တင်လှရယ်။

ဒိုင်ဗင်တင်လှ။ ။ ဟုတ်ကဲ့။


ကြည်စိုးထွန်း။ ။ ခင်မြင့်လေးရယ်၊ နွယ်နွယ်ရယ်။

ဒိုင်ဗင်တင်လှ။ ။ ဟုတ်ကဲ့။

ကြည်စိုးထွန်း။ ။ အဲဒါအသံထွက်။ အသံမထွက်ခင်တုန်းက အသံတိတ်တုန်းကလည်း။

ဒိုင်ဗင်တင်လှ။ ။ အသံတိတ်တုန်းက ‘စောရသက်ပြင်း’တို့၊ ‘စောရလက်ဝဲ’ တို့ အောင်ဇေယျရုပ်ရှင်က။

ကြည်စိုးထွန်း။ ။ အောင်ဇေယျ ရုပ်ရှင်က အဲဒါ ဒါရိုက်တာမောင်လှတင်။



တင်ဖေ



ချစ်ရွှေ





ဒါရိုက်တာ မောင်လှတင်

ဒိုင်ဗင်တင်လှ။ ။ မောင်လှတင်။

ကြည်စိုးထွန်း။ ။ နေဦး အဘနာမည်အရင်းက။

ဒိုင်ဗင်တင်လှ။ ။ မောင်လှတင်။

ကြည်စိုးထွန်း။ ။ မောင်လှတင်ပဲ ဘာဖြစ်လို့ ဒိုင်ဗင်တင်လှဖြစ်သွားတာလဲ။

ဒိုင်ဗင်တင်လှ။ ။ ဒိုင်ဗင်မှာ ကျွမ်းလွန်းအားကြီးလွန်းလို့ အောင်ဇေယျရုပ်ရှင်ကပဲ ဒိုင်ဗင်တင်လှဆိုပြီး ဘွဲ့ပေးလိုက်တာ ရုပ်ရှင်က ပေးတာ။

ကြည်စိုးထွန်း။ ။ ဩော် ရုပ်ရှင်ကပေးတဲ့နာမည် အခု ကောလိပ်ဂျင်နေဝင်း တို့လိုပေ့ါ၊ အဲဒီလိုပေ့ါ နာမည်ရသွားတာပေ့ါနော်။

ဒိုင်ဗင်တင်လှ။ ။ ကောလိပ်ဂျင်နေဝင်းက စကားပြောသိပ်ကောင်းတယ် သူက တော်ကီ။

ကြည်စိုးထွန်း။ ။ အဘကတော့ ဒိုင်ဗင်ထိုးကောင်းတယ်။ ကိုနေဝင်းက ဒိုင်ဗင်မထိုးတတ်ဘူး။ စကားပြောကောင်းတယ်။

ဒိုင်ဗင်တင်လှ။ ။ စကားပြောကောင်းတယ်။

*(ဆက်လက်ဖော်ပြပါမည်)*





တင်ဖေ၊ ခင်မြင့်လေး၊ ဒိုင်ဗင်တင်လှ

# သောက်သုံးရေပြတ်လပ်မှု မရှိရေး ဖယ်ခုံ၌ ရေဖြန့်ဝေပေးလျက်ရှိ

**ဖယ်ခုံ ဧပြီ ၂**

တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရီနွဲ့ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၁ ရွာတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရေဖြန့်ဝေရေးယာဉ်ဖြင့် ယမန်နေ့ကအထိ ရေ၂၅၄၀၀ ဂါလန်ခန့် ဖြန့်ဝေပေးလျက်ရှိသည်။

" ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရန်ပုံငွေကျပ် ၈၉၀ ဒသမ ၉၈၂ သန်းနဲ့ ရီနွဲ့ကျေးရွာအုပ်စုထဲက ကျေးရွာ ၂၀ မှာ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူရေး လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီထဲက ရေစုကန်ဆောင်ရွက်ပြီးဖြစ်တဲ့ ကျေးရွာ ၁၁ ရွာက ရေကန်တွေ ကွဲအက်တာမဖြစ်ဖို့နဲ့ စိမ့်စမ်းရေသွယ်ယူတဲ့လုပ်ငန်းတွေ ဆောင်ရွက်နေစဉ်မှာ ဒေသခံများ သောက်သုံးရေ ပြတ်လပ်မှုမရှိအောင် ကန်တွေထဲမှာရေဖြည့် ဆောင်ရွက်ပေးတာဖြစ်တယ်" ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာက ပြောသည်။



ရေဖြန့်ဝေရေးယာဉ်ဖြင့် ကန်များအတွင်း ရေဖြန့်ဝေပေးစဉ်။

အဆိုပါလုပ်ငန်းများတွင် ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရေဖြန့်ဝေရေးယာဉ်ဖြင့် ၁၂ ရက်တာကာလအတွင်း စက်သုံးဆီတန်ဖိုး ခွင့်ပြုငွေကျပ် ၀ ဒသမ ၃၉၃၅ သန်းဖြင့် ကျေးရွာ ၁၁ ရွာအတွက် ရေဂါလန် ၂၅၄၀၀ ခန့် ဖြန့်ဝေပေးနိုင်ခဲ့ပြီး လူဦးရေ ၅၂၆၅ ဦးခန့်အား အကျိုးပြုမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသောကျေးရွာ ကိုးရွာအတွက် သောက်သုံးရေ ဆက်လက်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ကိုထွေး (ဖယ်ခုံ)

# ကန်ပက်လက်မြို့နယ် ခပ်ဒိုင်းကျေးရွာ၌ လယ်ယာဧက ၁၀၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**ကန်ပက်လက် ဧပြီ ၂**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေ ပြည်သူများ၏ လယ်ယာထွက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန် ရည်ရွယ်၍ ခပ်ဒိုင်းကျေးရွာ၌ လယ်ယာဧက ၁၀၀ ကျော်အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပေးလျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သိရသည်။



ခပ်ဒိုင်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၀ အိမ်၊ လူဦးရေ ၆၁ ဦးတို့၏ ကျေးလက် လယ်ယာထုတ်ကုန် ဧက ၁၀၀ ကျော် အကျိုးပြုမည် ဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာသူ ကျေးရွာသားများ စိုက်ပျိုးသီးနှံ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီ ပေးပို့နိုင်မည်ဖြစ်သကဲ့သို့ လမ်းပန်း ဆက်သွယ်ရေးလည်း ကောင်းမွန်လာသဖြင့် သယ်ယူပို့ဆောင်ရေးများ အဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံ ငွေကျပ် ၂၉ ဒသမ ၄ သန်းဖြင့် မြေသားလမ်း လမ်းအရှည် သုံး မိုင်၊ လမ်းအကျယ် ၁၂ ပေ ဖောက်လုပ်ခြင်းကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးမိုးကျော်

# မယ်စဲ့မြို့နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လမ်း၊ တံတားနှင့် အဆောက်အအုံများ ဆောင်ရွက်နေ

**မယ်စဲ့ ဧပြီ ၂**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီအသီးသီးမှ လမ်း၊ တံတားနှင့် အဆောက်အအုံများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က မြို့နယ် တည်ဆောက်ရေးနှင့် အရည်အသွေး စစ်ဆေးရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ကော်မတီဝင်များ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းရွှေတို့က ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ယခုဘဏ္ဍာနှစ်အတွင်း မယ်စဲ့မြို့နယ်တွင် နမ့်ဟူးစာသင်ကျောင်း အဝင်လမ်း အရှည်ပေ ၁၁၀ ကွန်ကရစ်ခင်းခြင်း၊ ယင်းလမ်းပေါ်ရှိ Pipe Culvert တစ်စင်းတည်ဆောက်ခြင်းနှင့် ပေ ၃၀ ပတ်လည် တန်းစီကွင်း ဆောင်ရွက်ခြင်း၊ ဟိုဂျစ်စာသင်ကျောင်းအဝင်လမ်း အရှည်ပေ ၁၅၀ ကွန်ကရစ်ခင်းခြင်း၊ ဟိုဂျစ်-ဟိုဖ-လယ်တော မြေသားလမ်းပေါ်ရှိ BoxCulvert ၁၃စင်းတည်ဆောက်ခြင်းနှင့် အဆိုပါ လမ်းပေါ်ရှိ ပေ ၄၀ ဘေလီ တံတား နှစ်စင်း၊ ပေ ၃၀ ဘေလီတံတား နှစ်စင်း တည်ဆောက်ခြင်း၊ မြို့နယ်ပညာရေးမှူးရုံးနှင့် အထက(မယ်စဲ့) တန်ဖိုးနည်းအိမ်ရာ တည်ဆောက်ခြင်းကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၁၃၁၈ ဒသမ ၁၂ သန်းဖြင့် ဆောင်ရွက် လျက်ရှိနေပြီး အဆိုပါ လုပ်ငန်းများအားလုံး သတ်မှတ်ချိန်အတွင်း အရည်အသွေး ကောင်းမွန်စွာ ပြီးစီးရေးအတွက် သက်ဆိုင်ရာ ကော်မတီများ ပူးပေါင်း၍ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက ပြောသည်။



ဝတ်ရည် (ပြန်/ဆက်)

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# ကိုရိုနာဗိုင်းရပ်စ်အလွန် ဟယ်ရီကိန်းရဲ့အနာဂတ်

**အောင်က**

ကိုရိုနာဗိုင်းရပ်စ်ရဲ့ ရိုက်ခတ်မှုက ပြင်းထန်လွန်းတယ်။ ဘောလုံးလောကကို ကစဥ့်ကလျားနဲ့ လက်ရှိအချိန်အထိလည်း အထိနာဆဲလို့ပြောရမယ်။ ဥရောပဘောလုံးပြိုင်ပွဲတွေရပ်နားထားတာကြောင့်လည်း ဘောလုံးပရိသတ်တွေအတွက်တော့ ပြိုင်ပွဲတွေနဲ့ပတ်သက်ပြီး ဆာလောင်နေချိန်လို့ပြောရမယ်။ ဒါပေမယ့် ဥရောပထိပ်တန်းလိဂ်တွေရဲ့ ဘောလုံးပွဲပြန်စမယ့်အချိန်က အခုအချိန်အထိ အတည်မသတ်မှတ်နိုင်သေးဘူး။ ဘယ်အချိန်ပြန်စမလဲဆိုတာကလည်း ရောဂါရဲ့ရိုက်ခတ်မှုအနေအထားပေါ်မှာမူတည်နေတယ်။

ဒါပေမယ့်အခုလို အခြေအနေမျိုးတွေမှာ ဘောလုံးနဲ့ပတ်သက်ပြီး ရပ်တန့်မှုမရှိတာက အပြောင်းအရွှေ့ဈေးကွက်လို့ ပြောရမယ်။ နွေရာသီအပြောင်းအရွှေ့ဈေးကွက်က လက်ရှိ အချိန်မှာပြောင်းလဲမှုမရှိသေးပေမယ့် နောင်တော့ပြောင်းလဲကောင်း ပြောင်းလဲနိုင်တယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် ဘောလုံးပွဲတွေပြန်စတာနဲ့ အပြောင်းအရွှေ့ဆိုတာဟာ ပြန်လည်ဖြစ်လာနိုင်တာကြောင့် ကိုရိုနာကြောင့် ဘောလုံးပွဲတွေနားချိန်မှာ မနားတာကအပြောင်းအရွှေ့နဲ့ပတ်သက် လုပ်ဆောင်မှုတွေ ဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်အပြောင်းအရွှေ့ဈေးကွက်မှာ ထိပ်တန်းအသင်းတွေက စိတ်ဝင်စားမှုအခံရဆုံး ဖြစ်နိုင်ပြီး လက်ရှိအချိန် ထင်ကြေးပေး သတင်းတွေ အထွက်ဆုံးက တိုက်စစ်မှူးဟယ်ရီကိန်းဖြစ်ပါတယ်။ ဟယ်ရီကိန်းအနေနဲ့ကတော့ တိုးတက်မှုတွေမရှိဘူးဆိုရင် အသင်းကနေထွက်ခွာဖို့ ရှိနေတယ်လို့ ပြောဆိုထားတယ်။ သူ့အနေနဲ့ ကိုရိုနာအလွန်အပြောင်းအရွှေ့ဈေးကွက်ပြန်ဖွင့်လာခဲ့ရင် သူ့ရဲ့ အနာဂတ်ဟာ အသင်းကနေထွက်ခွာဖို့ ရှိလာနိုင်တယ်။ အဲဒီလို ပြောရအောင်လည်း အကြောင်းတရားတွေက ရှိနေတယ်။



**ဆုဖလား**

ဟယ်ရီကိန်းဟာ အခြားကစားသမားတွေလိုပဲ ဆုဖလားတွေရယူဖို့ ဆန္ဒရှိနေတဲ့သူတစ်ဦးဖြစ်ပါတယ်။ သူ့လို အရည်အချင်းနဲ့ဆိုရင် နှစ်တိုင်းလို ဆုဖလားရဖို့ အခွင့်အရေးရှိတဲ့သူလို့လည်း ပြောရမှာပါ။ ဒါပေမယ့် သူဟာ စပါးအသင်းနဲ့အတူ ဂိုးသွင်းယူမှုစံချိန်တွေတင် ပရီမီယာလိဂ်ရဲ့တစ်နှစ်တာ ဂိုးသွင်းအများဆုံးကစားသမားတစ်ဦးအဖြစ် ရပ်တည်နေပေမယ့် လက်ရှိအချိန်အထိတော့ ဆုဖလားဆိုတာက ဝေးကွာနေဆဲအရာ ဖြစ်ပါတယ်။ ကံမကောင်းစွာနဲ့ ဒီနှစ်ရာသီမှာကလည်း ဆုဖလားမရဖို့ဆိုတာက မလွဲဘူး။ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ဆိုတာတောင် အပြင်းအထန်ကြိုးစားရမယ့် အခြေအနေမှာရှိနေတယ်။ ဒါကြောင့်လည်း သူ့လို ဂိုးသွင်းကောင်းတဲ့ တိုက်စစ်မှူးတစ်ဦးအတွက် ဆုဖလားရဖို့ဆိုရင် စပါးအသင်းမှာနေတာထက် ဖလားရနိုင်တဲ့ အသင်းကို ပြောင်းရွှေ့ကစားခြင်းက ပိုသင့်တော်တယ်လို့ ပြောရမယ်။ ဒါကြောင့်လည်း တိုက်စစ်မှူးဟယ်ရီကိန်းအနေနဲ့ စပါးအသင်းကို စွန့်ခွာချိန်တန်ပြီလို့တောင် ဘောလုံးရေးရာကျွမ်းကျင်သူတွေက သုံးသပ်ကြတာဖြစ်ပါတယ်။

**စပါးအသင်းရဲ့ကွင်းသစ်ဆောက်မှု**

စပါးအသင်းဟာ ပရိသတ် ၆၁၀၀၀ ဆံ့တဲ့ ကွင်းသစ်ကြီးကို တည်ဆောက်နေခဲ့တာကြောင့် အသင်းအတွက် လုံလောက်တဲ့ အားသစ်လောင်း ခေါ်ယူမှုတွေကို မလုပ်နိုင်ဘူး။ လက်ရှိဘောလုံးလောကမှာက ထိပ်တန်း ပြိုင်ဘက်အသင်းတွေနဲ့ သူတင်ကိုယ်တင် ယှဉ်ပြိုင်ဖို့ဆိုရင် ကစားသမားအင်အားတောင့်တင်းဖို့ကလည်း အရေးပါတယ်။ ဒါကြောင့်လည်း စပါးအသင်းအနေနဲ့ အခုလို ကွင်းသစ်ဆောက်ပြီး ကစားသမားအင်အားဖြည့်တင်းဖို့ ဘဏ္ဍာငွေအလုံအလောက်မရှိတာကလည်း အသင်းရဲ့အောင်မြင်မှုအတွက် အဟန့်အတားတစ်ခုလို့ပြောရမယ်။ ဒါကြောင့် ကစားသမားသစ်ခေါ်ယူရေးမှာ ငွေကြေးအင်အားအလုံးအရင်း သုံးနိုင်မှုမရှိတာကြောင့် ဒီနှစ်ပိုင်းအတွင်း စပါးအသင်းအနေနဲ့ မော်ရင်ညိုရဲ့ ဦးဆောင်မှုအောက်မှာ ဆုဖလားရနိုင်မလားဆိုတာက သံသယဖြစ်စရာပါပဲ။ ဒါကြောင့် အသက် ၂၆ နှစ်အရွယ်ရှိ ပြီဖြစ်တဲ့ ဟယ်ရီကိန်းအတွက် အရွယ်ရှိတုန်း အခွင့်အရေးရတုန်းမှာ အသင်းကိုစွန့်ခွာသင့်နေတာဖြစ်ပါတယ်။

**အကောင်းဆုံးဆု**

Ballon d'Or ဆုဟာ ကစားသမားတစ်ဦးအတွက် အကြီးကျယ်ဆုံးသော တစ်ကိုယ်ရေဆုတံဆိပ်လို့ ပြောရမှာပါ။ ဒီဆုဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်းမှာတော့ မက်ဆီနဲ့ရော်နယ်ဒိုတို့က အလှည့်ကျခွဲဝေယူနေခဲ့တယ်လို့လည်း ပြောရမှာပါ။ ၂၀၁၇ ခုနှစ်တုန်းကဆိုရင် ဟယ်ရီကိန်းဟာ တစ်နှစ်အတွင်းသွင်းယူခဲ့တဲ့ ဂိုးဟာ မက်ဆီ၊ ရော်နယ်ဒိုတို့ထက် များနေပါသေးတယ်။ အဲဒီတုန်းက သူ့ရဲ့အသက်က ၂၄ နှစ် ကျော်သာရှိနေသေးတာဖြစ်ပါတယ်။ ဒါပေမယ့် ဟယ်ရီကိန်းအနေနဲ့ စပါးအသင်းနဲ့သာဆိုရင် အဲဒီဆုကို ရနိုင်မလားဆိုတာက မေးခွန်းထုတ်စရာပါပဲ။ ဒါပေမယ့် လူတိုင်းသိနေတာက ဟယ်ရီကိန်းအနေနဲ့ စပါးအသင်းမှာသာ ဆက်လက်ရှိနေမယ်ဆိုရင် ဘယ်လောက်ကောင်းအောင် ကစားကစား၊ ဂိုးတွေဘယ်လောက် သွင်းသွင်း Ballon d'Or ဆုမရနိုင်ဘူးဆိုတာပါပဲ။ ဒါကြောင့် ဟယ်ရီကိန်းအနေနဲ့ ကျန်ရှိနေတဲ့ အသက်အရွယ်အတွင်း Ballon d'Or ဆုရဖို့ဆိုရင် အသင်းကနေထွက်ခွာမှသာ ရလာနိုင်ဖို့ရှိပါတယ်။

ဒါကြောင့်လည်း ကိုရိုနာဗိုင်းရပ်စ်အလွန်မှာ တိုက်စစ်မှူးဟယ်ရီကိန်းရဲ့ အနာဂတ်ဟာ ဘာဖြစ်မယ်ဆိုတာဟာ မပြောနိုင်သေးပေမယ့် သူ့အနေနဲ့စပါးအသင်းကနေ စွန့်ခွာဖို့ အချိန်တန်ပြီလို့တော့ သုံးသပ်မိပါတယ်။ ။



## လက်တွဲခဲ့ဖူးသည့် နည်းပြများ အနက်မှ အကောင်းဆုံးနည်းပြများ၏ အမည်ကို ဖာဘရီဂက်စ် ထုတ်ဖော်ပြောဆို

ပြင်သစ်ကလပ် မိုနာကိုအသင်းတွင် ပါဝင်ကစားနေသူ ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်က ၎င်း၏ ကစားသမားဘဝသက်တမ်းအတွင်း လက်တွဲခဲ့ဖူးသည့် နည်းပြများအနက် အာဆင်ဝင်းဂါးနှင့် မော်ရင်ညိုတို့သည် အကောင်းဆုံးနည်းပြများဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၃၂ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်သည် ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အာဆင်နယ်အသင်းတွင် အာဆင်ဝင်းဂါး၏ လက်အောက်၌ ပါဝင်ကစားခဲ့သူဖြစ်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ် ဘောလုံးရာသီ၌ ချယ်လ်ဆီးအသင်းတွင် မော်ရင်ညိုနှင့် လက်တွဲခဲ့ဖူးသူဖြစ်သည်။ ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်သည် ၂၀၁၁-၂၀၁၂ ခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်း၌ နာမည်ကျော် နည်းပြတစ်ဦးဖြစ်သူ ဂွါဒီယိုလာနှင့် လက်တွဲခဲ့ဖူးသော်လည်း ၎င်းနှင့် လက်တွဲခဲ့ဖူးသည့် နည်းပြများအနက် အကောင်းဆုံးနည်းပြများစာရင်းတွင် ဂွါဒီယိုလာအား ထည့်သွင်းပြောဆိုခဲ့ခြင်း မရှိခဲ့ပေ။ ထို့အပြင် ဖာဘရီဂက်စ်သည် စပိန်လက်ရွေးစင်အသင်းတွင် နာမည်ကျော်နည်းပြတစ်ဦးဖြစ်သူ ဗင်ဆင့်ဒဲလ်ဘော့စကေးနှင့် လက်တွဲခဲ့ဖူးသော်လည်း ၎င်းရွေးချယ်ပြောဆိုခဲ့သည့် အကောင်းဆုံးနည်းပြများအနက် ဒဲလ်ဘော့စကေးကိုလည်း ချန်လှပ်ထားခဲ့သည်။

ဖာဘရီဂက်စ်သည် ၎င်း၏ ကစားသမားဘဝအတွင်း အဓိက ဆုဖလား ၁၂ ကြိမ် ရရှိခဲ့ဖူးကာ အဆိုပါဆုဖလားများအနက်မှ လေးကြိမ်မှာ ဂွါဒီယိုလာ၏ လက်အောက်တွင် ပါဝင်ကစားခဲ့စဉ်အတွင်း ရရှိခဲ့ခြင်းဖြစ်သည်။

လူမှုရေးစာမျက်နှာတစ်ခု၏ တိုက်ရိုက်မေးမြန်းမှုအစီအစဉ်တစ်ခုတွင် လက်တွဲခဲ့ဖူးသည့် နည်းပြဟောင်းများအနက် မည်သည့်နည်းပြသည် အကောင်းဆုံးဖြစ်ပါသလဲဟု မေးမြန်းမှုကို ဖာဘရီဂက်စ်က "ကျွန်တော်ဟာ ကမ္ဘာ့အကောင်းဆုံးနည်းပြတွေနဲ့ လက်တွဲခဲ့ဖူးပါတယ်။ ဒါကြောင့် ရွေးထုတ်ပြဖို့ ခက်ပါတယ်"ဟု ကနဦးတွင် ရှောင်လွှဲဖြေဆိုခဲ့သော်လည်း အတိအကျဖြေကြားပေးရန် တောင်းဆိုလာခြင်းကြောင့် ဖာဘရီဂက်စ်က "ဝင်းဂါးနဲ့ မော်ရင်ညို"ဟု အမည်ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်သည်။

စပိန်ကစားသမား ဖာဘရီဂက်စ်သည် လက်ရှိအချိန်တွင် မိုနာကို အသင်း၌ စပိန်လူမျိုးနည်းပြ ရောဘတ်မိုရီနို၏ လက်အောက်တွင် ပါဝင်ကစားနေသူဖြစ်သည်။ **အောင်က**



## မန်ယူအသင်းတွင် ဆန်ချိုနှင့် လက်တွဲကစားလိုကြောင်း ရက်ရှ်ဖို့ဒ် ဖွင့်ဟ

မန်ယူအသင်းတိုက်စစ်မှူး မားကပ်စ်ရက်ရှ်ဖို့ဒ်က လာမည့်ဘောလုံးရာသီတွင် မန်ယူအသင်း၌ အင်္ဂလန်တောင်ပံကစားသမား ဂျာဒန်ဆန်ချိုနှင့်အတူ လက်တွဲကစားခွင့်ရရှိရန် မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် မန်ယူအသင်း၏ တိုက်စစ်ကစားသမားသုံးဦးအဖြစ် ၎င်းနှင့်အတူ ဆန်ချို၊ မာတီရယ်တို့နှင့် လက်တွဲကစားခွင့်ရရှိရန် မျှော်လင့်ထားခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်မှစတင်ကာ ဒေ့ါမွန် ပထမအသင်းတွင် ပါဝင်ကစားနေသူ တောင်ပံကစားသမား ဆန်ချိုသည် ဒေ့ါမွန်အသင်းအတွက် စုစုပေါင်း ပွဲ ၉၀ ပါဝင်ကစားထားကာ ၃၁ ဂိုး သွင်းယူထားသူဖြစ်ပြီး ဆန်ချိုအား ခေါ်ယူလိုသည့်အသင်းများအနေဖြင့် ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၉၅ သန်း ပေးချေရဖွယ်ရှိနေသည်။ ဒေ့ါမွန်အသင်း တာဝန်ရှိသူများက ဆန်ချိုအနေဖြင့် နွေရာသီဈေးကွက်ကာလအတွင်း အင်္ဂလန်သို့ ပြန်လည်ပြောင်းရွှေ့မည်ဆိုပါက တားမြစ်ပိတ်ပင်သွားမည်မဟုတ်ကြောင်း ပြောဆိုထားသည်။ တောင်ပံကစားသမား ဆန်ချိုသည် ၂၀၁၇ ခုနှစ်တွင်မန်စီးတီးလူငယ်အသင်းမှ ဒေ့ါမွန်လူငယ်အသင်းသို့ ပြောင်းရွှေ့လာပြီးနောက် အဆိုပါနှစ်အတွင်း၌ပင် ဒေ့ါမွန်ပထမအသင်းတွင် ပါဝင်ခွင့်ရရှိခဲ့သူဖြစ်သည်။

တောင်ပံကစားသမား ဆန်ချိုအား မန်ယူ၊ ချယ်လ်ဆီးတို့အပြင် လီဗာပူးအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ဆန်ချိုအား ခေါ်ယူရေး ကြိုးပမ်းမှုမှ နုတ်ထွက်ကြောင်း လီဗာပူးအသင်းက ကြေညာခဲ့ပြီးနောက် မန်ယူအသင်းသည် ဆန်ချိုအား ခေါ်ယူနိုင်ရန် အလားအလာ အကောင်းဆုံးအသင်းအဖြစ် ရှိနေသည်ဟု ဆိုသည်။

တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပရိသတ်တစ်ဦးက မန်ယူအသင်း၏ တိုက်စစ်သုံးဦးနေရာတွင် မာတီရယ်၊ ဆန်ချိုတို့နှင့်အတူ လက်တွဲကစားလိုပါသလားဟု မေးမြန်းမှုကို ရက်ရှ်ဖို့ဒ်က "အဲဒီလိုဖြစ်လာရင် သိပ်ကောင်းမှာပါ။ ဆန်ချို၊ မာတီရယ်တို့နဲ့အတူ မန်ယူအသင်းမှာ အတူလက်တွဲကစားခွင့်ရဖို့ မျှော်လင့်ပါတယ်"ဟု ဖြေဆိုခဲ့သည်။ **အောင်က**

## အနာဂတ်နှင့်ပတ်သက်ပြီး မဆုံးဖြတ်ရသေးကြောင်း အီဘရာဟီမိုဗစ် ပြောဆို

နာမည်ကျော် ဆွီဒင်တိုက်စစ်မှူး ဇလေတန်အီဘရာဟီမိုဗစ်က ၎င်း၏ အနာဂတ်နှင့်ပတ်သက်၍ မဆုံးဖြတ်ရသေးကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းတွင် အေစီမီလန်အသင်းနှင့် ခြောက်လသက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သူဖြစ်ပြီး လာမည့် ဇွန်လအကုန်တွင် ပြီးဆုံးမည်ဖြစ်သည်။ အီဘရာဟီမိုဗစ်သည် အေစီမီလန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အေစီမီလန်အသင်းမှ ထွက်ခွာကာ ကစားသမားဘဝမှ အနားယူဖြစ်လိမ့်မည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။ ယခုနှစ်ဘောလုံးရာသီတွင် တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် အေစီမီလန်အသင်းအတွက် စုစုပေါင်း ၁၀ ပွဲ ပါဝင်ကစားထားကာ လေးဂိုး သွင်းယူထားသူဖြစ်သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်က ၎င်း၏ အနာဂတ်နှင့်ပတ်သက်၍ "စောင့်ကြည့်ရဦးမှာပါ။ လက်ရှိအချိန်မှာတော့ ကျွန်တော်ဘာလုပ်ချင်သလဲဆိုတာ ကျွန်တော်ကိုယ်တိုင်တောင် မသိသေးပါဘူး။ နေ့စဉ်နေ့တိုင်းအဖြစ်အပျက်အသစ်တွေ ဖြစ်ပျက်နေတာပါပဲ။ အခုဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့ကူးစက်နေမှုတွေနဲ့ပတ်သက်ပြီး ဘယ်သူက ကြိုတင်ဟောကိန်းထုတ်နိုင်မှာလဲ။ ကျွန်တော်တို့ဟာ ဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ ရှင်သန်နေထိုင်သွားဖို့ ကြိုးစားရမှာပါ"ဟု ပြောဆိုခဲ့သည်။

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၁၀၀၀၀ ကျော်နှင့် သေဆုံးသူ ၁၃၁၀၀ ကျော်ရှိနေပြီ ဖြစ်သည်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် အေစီမီလန်အသင်းနှင့် ကာလတို စာချုပ်မချုပ်ဆိုမီတွင် အင်္ဂလန်လိဂ်ချန်ပီယံရှစ်ကလပ် လိဒ်စ်ယူနိုက်တက်အသင်းနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ဖူးကြောင်း လိဒ်စ်အသင်းပိုင်ရှင် ရက်ဒ်ရီဇာနီက အီတလီသတင်းစာတစ်စောင်သို့ ပြောဆိုခဲ့သည်။

ဝါရင့်တိုက်စစ်မှူး အီဘရာဟီမိုဗစ်သည် အိုင်းယက်စ်၊ ဂျူဗင်တပ်၊ အင်တာမီလန်၊ ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ မန်ယူ၊ အယ်လ်အေဂလက်ဆီစသည့် အသင်းများတွင် ပါဝင်ကစားခဲ့ဖူးသူဖြစ်သည်။

**အောင်က**

# မြန်မာရေးရာအမှတ် ၁၅ ထွက်ရှိ




**သုံးလတစ်ကြိမ်ထုတ် မြန်မာရေးရာ(Myanmar Affairs)အမှတ် ၁၅၊ ဧပြီ ၂၀၂၀ ထွက်ရှိလာသည်။**

ယခုစာစောင်တွင် ခေတ်သစ် တရုတ်-မြန်မာဆက်ဆံရေးကို အထူးကဏ္ဍဖော်ပြထားပြီး ဒေါက်တာ ကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)၊ အေးမောင်ကျော်၊ ရဲရင့်လင်းလက်၊ မုံရွာအောင်ရှင်၊ နီမော် စသည့် စာရေးဆရာများ ဝိုင်းဝန်းရေးသားထားသည်။ ဆရာကျော်အောင် ဘာသာပြန် **'ရာဇမည်သောကျား'** စာအုပ်အပေါ် ဒေါက်တာအောင်ကြီး၏ဝေဖန်ချက်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တွေ့ဆုံခြင်း၊ ရုရှားပညာရှင် ခင်ငြိမ်၏ အမြင့်သို့ပျံချီနေသောဒေါင်း၊ ကျော်စောဟန်၏ ကိုရိုနာနတ်ဆိုးနှင့် ကင်ဘာရာမှအလွမ်း၊ ရဲမြင့်ကျော်၏ ကိုရိုနာဗိုင်းရပ်စ်နှင့် ဂလိုဘယ်လိုက်ဖေးရှင်းပြိုလဲမှု၊ ပြေလွင်မြင့်၏ ရွေးကောက်ပွဲဆိုင်ရာအမှုအခင်း အငြင်းပွားမှု၊ ကျော်နိုင်တင့်၏ ရွေးကောက်ပွဲများအပေါ် လူမှုမီဒီယာလွှမ်းမိုးမှု၊ ဒေါက်တာဇော်စိုးမင်း၏ မြန်မာ့ ပထမဆုံးရွေးကောက်ပွဲ၊ ရဲထွန်း(သီပေါ)၏ မြန်မာရင်ဆိုင်နေရသောစိန်ခေါ်ချက်များ၊ မောင်တင်ထွန်း(နတ်မောက်)၏ လူမျိုးစုအခြေပြုဖက်ဒရယ်စနစ်၏ အားနည်းချက်များ၊ ဇော်အောင်၏ အသွင်ကူးပြောင်းရေးကာလ ဆယ်စုနှစ်မြန်မာ့စီးပွားရေး ပြန်လည်တည်ဆောက်မှု၊ ဦးအောင်ကြည်ဝင်း(စာရင်းစစ်အရာရှိ-ငြိမ်း)၏ ရန်ကုန်တိုင်း စာရင်းစစ်ချုပ်အစီရင်ခံစာအပေါ် သုံးသပ်ချက်၊ မောင်ဇေယျာ၏ ဗုဒ္ဓအဘိဓမ္မာကို ကမ္ဘာနှင့် မိတ်ဆက်ပေးသူ ဦးရွှေဇံအောင် စသည့် ဆောင်းပါးများပါဝင်သည်။ Professor Chaw Chaw Sein,Li Chenyang, Myo Nyuint (Macroeconomic expert),Michael G Breen တို့၏ အင်္ဂလိပ်ဘာသာစာတမ်းများလည်း ပါဝင်သည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်းမှာယူလိုသူများအတွက် ဓူဝံစာပေ၊ အမှတ် ၂၁၂၊ ၃၁လမ်း(အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်သို့ မှာယူနိုင်ပါသည်။ နယ်မှတစ်ဦးချင်း မှာယူလိုသူများအတွက် စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များသို့ နေ့ချင်းအရောက် ပေးပို့သွားမည်ဖြစ်ပါသည်။ စာပေဗိမာန်အရောင်းဆိုင်များ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်တို့တွင်လည်း ဝယ်ယူနိုင်ပါသည်။

**မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈**
**ဓူဝံစာပေ ဖုန်း-၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၃၂**
**နေပြည်တော်စာပေဗိမာန် -၀၆၇-၃၄၁၄၆၈၁**
**မန္တလေးစာပေဗိမာန်-၀၂-၄၀၃၀၁၈၆**
**Email; duwunsarpay31apperst@gmail.com**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး တောင်ကြီးမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဆီဆိုင်မြို့နယ်၊ နောင်ထော်-ပွန်ချောင်းတံတား လမ်းပိုင်း(၃/၂)မိုင် ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း၊ (၁၀)ပေBox Culvert (၁)စင်း တည်ဆောက်ခြင်းနှင့် ပွန်ချောင်း-ဗန်းမတ် လမ်းပိုင်း(၆/၇)မိုင် လမ်းပေါ်တွင် (၁၀)ပေ Box Culvert (၁)စင်း တည်ဆောက်ခြင်းလုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၆-၄-၂၀၂၀ ရက်မှ စတင်ရောင်းချမည့်ဖြစ်ပြီး ၂၄-၄-၂၀၂၀ရက်တွင် တင်ဒါရောင်းချမှုပိတ်သိမ်းမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါများကို ၂၇-၄-၂၀၂၀ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန် ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါ ရောင်းချ/တင်သွင်းရမည့် လိပ်စာမှာရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ တောင်ကြီးမြို့(အေးသာယာမြို့) ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၂၀၈၅၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက (၃) နဝမတန်း (D)မှ မောင်မျိုးမင်းသန့်နှင့် အရှေ့ဘုန်းကန်ရွာ မူလတန်းလွန်ကျောင်း သတ္တမတန်းမှ မောင်ကျော်ဇင်သန့်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး ၈/ပခန(နိုင်) ၀၉၉၈၂၁ဖြစ်ပါကြောင်း။ **ဦးမြင့်ဦး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၆၁၉၄၅ ယာဉ်လက်ဝယ်ရှိသူ NCX Myanmar က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံမြို့)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တပ်ကုန်းမြို့၊ အထက(၂)မှ အလပြ ဆရာမ ဒေါ်စန်းစန်းအေး(ခ)ဒေါ်စန်းအေး ၉/တကန (နိုင်) ၀၉၈၆၃၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးလှိုင်၏ သမီး မြိတ်မြို့၊ အထက(၂)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်နွယ်နှင့် ဒေါ်မြတ်နွယ် ၆/ ကစန (နိုင်)၀၂၆၁၉၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မြတ်မြတ်နွယ်(ခ) ဒေါ်မြတ်နွယ်**

## အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြောက်ရွာရပ်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၇၄၁နေ ဦးတင်မောင် အမည်ပေါက် နေသော နေအိမ်နှင့် မြေသည် ဦးတင်မောင်၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်ကြည်(ခ)ဒေါ်ဘီ တစ်ဦးတည်းနေထိုင်ပိုင်ဆိုင်လျက်ရှိသော နေအိမ်နှင့် မြေဖြစ်ပါကြောင်းနှင့် မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်ကြည်(ခ)ဒေါ်ဘီ**




## အကျိုးတူပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းရှင်များ ဖိတ်ခေါ်ခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့အတွင်းရှိ ပင်လည်ဘူးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ မြို့မရပ်ကွက်၊ ကွင်းအမည်-ပင်လည်ဘူးကွင်း၊ ကွင်းအမှတ်-၁၆၃၈၊ လယ်မြေဧရိယာ(၁၀ဒသမ၁၅)ဧကတွင် ဗိုလ်ချုပ်ဈေးသစ်အား Steel Structure ဖြင့် ဆောက်လုပ်ခြင်းလုပ်ငန်းအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ် ပါသည်။

- (က) ပေ(၁၀x၁၂x၁၄)ဆိုင်ခန်းပေါင်း(၁၄၄)ခန်း
- (ခ) မီးသတ်ရေငုတ်ပိုက်လိုင်းရေသွယ်တန်းခြင်း
- (ဂ) လျှပ်စစ်မီးလိုင်းသွယ်တန်းခြင်း
- (ဃ) ရေစင်တည်ဆောက်ခြင်းနှင့် ရေပိုက်များသွယ်တန်းခြင်း
- (င) (315 KVA)Transformer(၁)လုံးတပ်ဆင်ခြင်း
- (စ) ဈေးအဝင်လမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း
- (ဆ) ရေမြောင်းပြုလုပ်ခြင်း
- (ဇ) ပျံကျဈေးရုံတည်ဆောက်ခြင်းနှင့်အခြားလုပ်ငန်းများ

၂။ လျှောက်လွှာကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

- (က) လျှောက်လွှာရယူရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ မုံရွာမြို့
- (ခ) လျှောက်လွှာစတင်ရယူမည့်ရက်- ၁-၄-၂၀၂၀ရက်
- (ဂ) လျှောက်လွှာတင်သွင်းရမည့်ရက်- ၅-၅-၂၀၂၀ရက် ညနေ ၄နာရီ

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၀၂၂၂၄၈၊ ၀၇၁-၂၀၂၂၈၈၆၊ ၀၇၁-၂၀၂၃၁၅၂ ၊ ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးကော်မတီ-ဖုန်း၀၉-၂၅၆၀၅၉၈၆၅၊ ၀၉-၆၉၀၅၅၈၇၁၂တို့အားရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(M-093)၊ ဧရိယာ(၀ဒသမ၁၁၀)ဧကရှိ ဦးဝင်းကျော်ကျော်အောင် ၁၃/မဆတ(နိုင်) ၀၃၁၈၇၆ အမည်ပေါက် ပါမစ်မြေ ကွက်၏ မြေပေးမိန့်မူရင်းပျောက်ဆုံးသွားပါသဖြင့် အမည်ပေါက်သူမှ မြေပေးမိန့်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြပြီး မြေပေးမိန့်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (တစ်)လအတွင်း နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးဝင်းကျော်ကျော်အောင်အမည်ဖြင့် ထုတ်ပေးထားသည့် မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


## ဒေဝယက္ခအကျိတ်ကြေအဏုမြူမန်းဆေး

မိုးရာသီကာလ သရက်သီး၊ ဒူးရင်းသီး၊ ပိန္နဲသီးအစရှိသည့် ရာသီစာ အသီးအနှံတို့ကို လွန်ကဲစွာစားသုံးပါက ဝမ်းသွားခြင်း၊ ဝမ်းပျက်ခြင်း၊ အဖု အကျိတ်အနာများဖြစ်တတ်ပါသည်။

ယင်းသို့ဖြစ်ပေါ်လာပါက အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးထွက်ဆိုးကျိုးကင်းသည့် **ဒေဝယက္ခအကျိတ်ကြေအဏုမြူမန်းဆေး** ကို လိုအပ်သလိုသုံးစွဲနိုင်ရန် လက်ကားဆိုင်များသို့ အလုံအလောက်ဖြည့်ဆည်းထားပါသည်။

အတုအပဆင်တူများပေါ်ပေါက်နေ၍ အစစ်အမှန်ရရှိနိုင်ရန် သတိပြုဝယ်ယူသုံးစွဲကြပါ။

**ဒေဝယက္ခဆေးတိုက်၊ ပဲခူးမြို့။ ဖုန်း-၀၉၅၃၀၀၁၄၁**


## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၁၁)ရပ်ကွက်၊ အကွက်အမှတ်(၁၉၅၊ လုပ်စာကွင်း)၊ ဦးပိုင်အမှတ်(၈၀-ဃ+၈၃-ခ)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဓနုဖြူမြို့၊ (၅)ရပ်ကွက်၊ ဈေးဦးကျောင်းလမ်းနေ ဦးမြဝင်း ၁၄/ဓနဖ(နိုင်)၀၈၅၃၀၃ မှ မြေငှားဂရန်သက်တမ်းတိုး အမည်ပြောင်းရရှိရေးအတွက် မြေအရောင်းအဝယ်စာချုပ်၊ မြေငှားဂရန်စာချုပ်၊ မြို့နယ်တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်းထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(M-097)၊ ဧရိယာ၀ဒသမ၁၁၀ ဧကရှိ ဦးဝင်းကျော်ကျော်အောင်၊ ၁၃/မဆတ(နိုင်)၀၃၁၈၇၆အမည်ပေါက် ပါမစ်မြေကွက်၏ မြေပေးမိန့်မူရင်းပျောက်ဆုံးသွားပါသဖြင့် အမည်ပေါက်သူမှ မြေပေးမိန့်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြပြီး မြေပေးမိန့်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးဝင်းကျော်ကျော်အောင် အမည်ဖြင့် ထုတ်ပေးထားသည့် မြေပေးမိန့်မူရင်းအား ပယ်ဖျက်၍ ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်မိတ္တူမှန် ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

မူဆယ်မြို့နယ်၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၆၃)၊ မြေဧရိယာ ၀ဒသမ ၁၁၂ ဧကရှိ မြေနေရာအား ဦးတွန်ဆန်း ၁၃/ကခန (နိုင်)၀၃၂၃၀၅ အမည်ဖြင့် မြို့မြေချထားရေးကော်မတီမှ မြေနေရာချထားပေးခဲ့ကြောင်း၊ ယခုအခါတွင် ၎င်းအမည်ဖြင့် ရရှိထားသည့် မြေပေးမိန့်မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မိတ္တူမှန် ထပ်မံထုတ်ပေးနိုင်ပါရန် ဦးတွန်ဆန်းမှ တင်ပြလာပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ တင်ပြမြေနေရာနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များမှ ခိုင်လုံသည့် အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တင်ပြမြေနေရာအား ဦးတွန်ဆန်းအမည်ဖြင့် မြေပေးမိန့်မိတ္တူမှန် ထပ်မံထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့**
**ဖုန်း-၀၈၂-၅၀၅၀၃၊ ၅၀၆၉၀**

## သတိပေးကြေညာခြင်း

၁။ မူဆယ်မြို့နယ်၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၆၉)၊ မြေဧရိယာ(၀ဒသမ ၁၁၂)ဧကရှိ မြေနေရာအား ဒေါ်ရင်ဆုံ(ခ) ဒေါ်ပေါက်ဆိုင် ၁၃/ကခန(နိုင်)၀၃၂၇၅၆အမည်ဖြင့် မြို့မြေချထားရေးကော်မတီမှ မြေနေရာချထားပေးခဲ့ကြောင်း၊ ယခုအခါတွင် ၎င်းအမည်ဖြင့် ရရှိထားသည့် မြေပေးမိန့်မူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မိတ္တူမှန် ထပ်မံထုတ်ပေးနိုင်ပါရန် ဒေါ်ရင်ဆုံ(ခ) ဒေါ်ပေါက်ဆိုင်မှ တင်ပြလာပါသည်၊

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ တင်ပြမြေနေရာနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များမှ ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တင်ပြမြေနေရာအား ဒေါ်ရင်ဆုံ(ခ) ဒေါ်ပေါက်ဆိုင်အမည်ဖြင့် မြေပေးမိန့်မိတ္တူမှန် ထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့**
**ဖုန်း-၀၈၂-၅၀၅၀၃၊ ၅၀၆၉၀**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစိုးကျော် ၁၂/အစန (နိုင်)၁၃၇၇၁၅၏ သင်္ဘောသား မှတ်တမ်းစာအုပ် CDC 14680 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)

**ဖုန်း-၀၉-၄၅၄၈၉၄၅၆၀**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၇၈၊ ရွာသစ်)၊ ဦးပိုင်အမှတ်(၃၀/၁၈)ဧရိယာ ၀ဒသမ၄၀ဧကရှိမြေအား ဦးကြည်သန်းအမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# မူပိုင်ခွင့်ဆိုင်ရာ ခွင့်ပြုချက်တောင်းခံခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့် အခမ်းအနားအတွက် ''တက္ကသိုလ်ရာပြည့်အစီအစဉ်" အဖြစ် တက္ကသိုလ်ဆိုင်ရာ တေးသီချင်းများထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရိုက်ကူးခဲ့ပြီး ယနေ့အထိ ထုတ်လွှင့်လျက်ရှိသော ရန်ကုန်တက္ကသိုလ်နှင့် သက်ဆိုင်သည့် အောက်ပါကာလပေါ်/စတီရီယိုတေးသီချင်း(၄၈)ပုဒ်နှင့်ပြင်ပတွင် ထုတ်လွှင့်နေသည့် စတီရီယိုတက္ကသိုလ် တေးသီချင်း (၂၀)ပုဒ်တို့အား သက်ဆိုင်သည့်မူပိုင်ခွင့်ရှိသူများထံမှ သုံးစွဲခွင့်ပြုနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အကယ်၍ သဘောမတူပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ဖုန်း- ၀၆၇-၇၉၄၇၇/ ၇၉၀၈၆)၊ ဒုတိယညွှန်ကြားရေးမှူး၊ ဒေါ်ခင်မိုးဥ-ဖုန်း-၀၉-၅၁၉၆၈၅၀သို့ ဆက်သွယ်အကြောင်းပြန်ကြားပေးနိုင်ပါရန်အသိပေးကြေညာအပ်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်နေသောသီချင်းများ

| စဉ် | သီချင်းအမည် | တေးရေး | သီဆိုသူ |
|---|---|---|---|
| ၁ | တက္ကသိုလ်ကျောင်းတော်သားကြီးသို့ | ထွန်းအေးလေး | တင်တင်လှ |
| ၂ | ကိုယ်တို့တက္ကသိုလ် | - | ကေတုဝင်းထွဋ် |
| ၃ | မမတက္ကသိုလ်ကျောင်းသူ | ကိုတင်ကိုး | ခင်မောင်သန်းလေး |
| ၄ | အိုကံ့ကော်တော | မောင်ယဉ်မော် | လီလီကြာညွန့် |
| ၅ | သီလာကျွန်းမြတက္ကသိုလ်ဝယ် | စန္ဒရားကွန်းဇော် | စန္ဒရားကွန်းဇော် |
| ၆ | လွမ်းကြွေးဆပ်ရင်းရောက်ခဲ့သည် | စန္ဒရားကွန်းဇော် | တက္ကသိုလ်လဲ့လဲ့ |
| ၇ | ပန်းတိုင်းပွင့်လှိုင်ကံ့ကော်မြိုင် | မောင်မောင်လတ် | တက္ကသိုလ်အနုပညာအသင်း |
| | | တက္ကသိုလ်တင့်လွင် | အဖွဲ့သူ/သားများ |
| ၈ | ကံ့ကော်တောမှာသာတဲ့လ | စန္ဒရားနီနီ | ခင်ထွေးလှိုင် |
| ၉ | တက္ကသိုလ်နန်း | ကိုဘိုခင် | တက္ကသိုလ်သန်းသန်းရှိန် |
| ၁၀ | တက္ကသီလာထဲကစောင့်နေမယ် | ဟသ်ာတမြင့်ငွေ | အောင်ဟိန်း |
| ၁၁ | ချမ်အလွမ်းလေးများပန်းသို့ခြွေ | ဟသ်ာတမြင့်ငွေ | တက္ကသိုလ်ချိုလတ် |
| ၁၂ | တက္ကသီလာမှလွမ်းတေးတစ်ပုဒ် | ဟသ်ာတမြင့်ငွေ | တက္ကသိုလ်ချိုလတ် |
| ၁၃ | ကံ့ကော်တောမှဝေးခဲ့လေမှ | တက္ကသိုလ်သွင် | တက္ကသိုလ်နွေလှိုင်း |
| ၁၄ | ကံ့ကော်မြေသို့အလွမ်းပြေ | မောင်လူမြင့် | ပျဉ်းမနားမောင်မောင်မြင့်လွင် |
| ၁၅ | တခါတုန်းကတက္ကသိုလ်မှာ | သိန်းလှမောင် | ချမ်းဟိန်း |
| ၁၆ | တက္ကသိုလ်မှာသာတဲ့လ | မောင်လူမြင့် | ဥသာမြင့်ကျော်လေး |
| ၁၇ | နှုးညံ့တဲ့ တက္ကသိုလ် | ကိုင်ဇာ | နေရဲမာန်၊ ချောစုခင် |
| ၁၈ | မေတ္တာကန်မွန် | တက္ကသိုလ်မြတ်စိုး | စိမ်းမို့မို့ |
| | ॥ | ॥ | ပန်းအိဖြူ |
| ၁၉ | ချစ်ရက်ရှည်ရှည်အင်းလျားမြေ | ပုသိမ်မောင်စိမ်းသူ | ခင်ညွန့်ရည် |
| | ॥ | ॥ | စိုးစန္ဒာထွန်း |
| | ॥ | ॥ | အိဖြူ |
| | ॥ | ॥ | ခိုင်ဝါ |
| | ॥ | ॥ | တွံတေးသိန်းတန် |
| ၂၀ | စိန်ပန်းပြာနဲ့ဝေးသူရေ | စန္ဒရားချစ်ဆွေ | ကိုတင်လှိုင် |
| ၂၁ | တစ်ချိန်တုန်းကတက္ကသိုလ် | - | အောင်နိုင် |
| ၂၂ | ကံ့ကော်ပွဲတော် | - | စိုးထွဋ်ခိုင်၊ ပုဏ္ဏဝတီစိုးစိုးလွင် |
| ၂၃ | နှလုံးသားထဲတက္ကသိုလ် | - | မောင်သိန်းဝင်း၊ တက္ကသိုလ်လဲ့လဲ့ |
| ၂၄ | တက္ကသိုလ်ရင်ခွင် | - | သျှန်ကြီကေခိုင် |
| ၂၅ | ဘွဲ့နှင်းသဘင် | - | ခိုင်ခိုင်မော် |
| ၂၆ | အင်းလျားဆည်းဆာ | - | စံလင်း |
| ၂၇ | အဓိပတိလမ်းကလူ | - | တူးတူး |
| ၂၈ | နွေဦးကံ့ကော် | - | ထူးအိမ်သင် |
| ၂၉ | အဓိပတိလမ်းကခြေရာများ | - | ထူးအိမ်သင် |
| | | | ကဗျာဘွဲ့မှူး |
| ၃၀ | ဂျပ်ဆင်ထိပ်က လရိပ်ပြာ | - | ထူးအိမ်သင် |
| ၃၁ | တို့သတိရနေမှာပါ | လူမောင် ဆေး(၁) | ရှင်ဖုန်း၊ ဖြိုးပြည့်စုံနှင့်အဖွဲ့ |
| ၃၂ | အရင်အတိုင်းကျောင်းတော်ကြီး | ကောင်းကောင်း | ကောင်းကောင်း၊အိုင်ရင်းဇင်မာမြင့် |
| ၃၃ | ကျောင်းပုံပြင် | ကိုလတ်(OASIS) | တွယ်တာ |
| ၃၄ | တစ်ခါက တက္ကသိုလ် | လွှမ်းပိုင် | လွှမ်းပိုင် |
| ၃၅ | ရာဇူးကမမ | ကိုင်ဇာ | ကိုင်ဇာ |
| ၃၆ | နေဝင်မှာစိုးတယ် | - | ကိုင်ဇာ |
| ၃၇ | ကျောင်းသီချင်း | - | မေဆွိ |
| ၃၈ | အချစ်ကိုယ်ရံတော် | - | မြန်မာပြည်သိန်းတန်၊ မေဆွိ |
| ၃၉ | အင်းလျားအဆောင်သူလေး | ထူးအိမ်သင် | စိုးထက် |
| ၄၀ | အင်းလျားကိုလွမ်းတယ် | ကိုလေးလွင် | ခင်မောင်ထူး |
| ၄၁ | ကံ့ကော်မြို့တော် | - | လွှမ်းမိုး |

## ပြင်ပတွင်ရှိသောတက္ကသိုလ်တေးသီချင်းများ

| စဉ် | သီချင်းအမည် | သီဆိုသူ | တေးရေး | မှတ်ချက် |
|---|---|---|---|---|
| ၁ | ချစ်ရက်ရှည်ရှည်<br>အင်းလျားမြေ | လွှမ်းမိုး<br>တွံတေးသိန်းတန်<br>စိုးစန္ဒာထွန်း<br>ခင်ညွန့်ရည် | ပုသိမ်-<br>မောင်စိမ်းသူ | Audio<br>VCD Karaoke<br>VCD Karaoke<br>VCD Karaoke |
| ၂ | တို့သတိရနေမှာပါ | မီမီဝင်းဖေ၊ ရန်အောင်<br>စိုးမြတ်နန္ဒာ၊ ဖြိုးပြည့်စုံ<br>Jewel၊ Lလွန်းဝါ၊ သွန်း | လူမောင်<br>(ဆေး-၁) | Audio<br>Live Show<br>(Karoke)<br>Live Show<br>(Karoke)Insert |
| ၃ | တစ်ချိန်တုန်းကတက္ကသိုလ် | မေခလာ၊ အောင်နိုင်<br>ချမ်းချမ်း၊ အိမ့်ချစ် ၊ Jewel<br>ခင်စုစုနိုင်၊ ဂေးဂေး | ကိုင်ဇာ | Live Show<br>(Karoke)<br>VCD Karoke<br>Live<br>Show(Karoke) |
| ၄ | အဓိပတိလမ်းကခြေရာများ | ကဗျာဘွဲ့မှူး<br>ထူးအိမ်သင်<br>ကျော်ဇင်မင်း၊ ခင်စုစုနိုင် | | Audio<br>VCD Karoke<br>Live Show<br>(Karoke) |
| ၅ | ဂျပ်ဆင်ထိပ်ကလရိပ်ပြာ | မေဆွိ<br>ထူးအိမ်သင်<br>ချမ်းချမ်း | ထူးအိမ်သင် | Audio<br>VCD Karoke<br>Live Show<br>(Karoke) |
| ၆ | တစ်ခါကတက္ကသိုလ် | လွှမ်းပိုင် | လွှမ်းပိုင် | VCD Karoke |
| ၇ | အဆောင်သူအလွမ်းပြေ | အောင်နိုင်<br>Mဇော်ရိန် | ညီညီစံ | Live Show<br>(Karoke)<br>Live Show<br>(Karoke) |
| ၈ | အင်းလျားအဆောင်သူလေး | အောင်ရင် | ထူးအိမ်သင် | Audio |
| ၉ | အဆောင်သူရဲ | ဖိုးချို<br>ဂရေဟမ် | ဆလိုင်းသွအောင်<br>စောဘွဲ့မှူး<br>ဂျွန်သင်ဇမ်း | Audio<br>Live Show<br>(Karoke) |
| ၁၀ | ကံ့ကော်မြို့တော် | လွှမ်းမိုး<br>မေဆွိ | | Audio<br>Audio |
| ၁၁ | ကံ့ကော်အိပ်မက်ရှည် | မီမီဝင်းဖေ | | Audio |
| ၁၂ | အဓိပတိလမ်းကလူ | စိန်လွင်<br>အောင်ရင်<br>အောင်ထက် | သုခမိန်လှိုင် | Audio<br>VCD Karoke<br>Live Show<br>(Karoke) |
| ၁၃ | အင်းလျား | စိုးလွင်လွင်<br>ရိန်မိုး<br>မွန်းအောင် | ဒဲနစ် | VCD Karoke<br>VCD Karoke<br>Live Show<br>(Karoke) |
| ၁၄ | အင်းလျားအသိဆုံးပါ | အောင်ထက် | စောခူဆဲ | Live Show<br>(Karoke) |
| ၁၅ | ခွဲခွာရမည့်နွေရက်များ | ထူးအိမ်သင်<br>ဒီယံ<br>Lဆိုင်းဇီ | Lခွန်းရီ | VCD Karaoke<br>Live Show<br>(Karaoke)<br>VCD Karaoke |
| ၁၆ | မေအဆောင်သူ | ဗလ | ဗလ | Audio |
| ၁၇ | နွေကျောင်းပိတ်ရက်မလိုချင် | စိန်လွင်၊ Jewel | မောင်ဆွေနွယ် | Audio |
| ၁၈ | သစ်ပုတ်ပင်၏ဝေဒနာ | ကိုင်ဇာ | | Audio |
| ၁၉ | မှတ်မိသေးရဲ့လားအချစ်ရယ် | ကိုင်ဇာ | | Audio |
| ၂၀ | သီချင်းဧည့်သည် | ဂေးဂေး၊ အေးချမ်းမေ<br>ဘီလီလမင်းအေး | စတုန်း | Live Show<br>(Karaoke)<br>(Live Show)<br>(Karaoke)<br>Live Show<br>(Karaoke) |

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဤဌာနသို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်မိမိခိုင် | ၁၂/ဗဟန(နိုင်)၀၀၂၉၅၉ | ၆၁၂/ခ၊ မဟာမြိုင်လမ်း၊ ၉-ရပ်ကွက်၊ ရွှေပြည်သာ | ၃ | ၆၁၂/ခ | ဒေါ်အေးလှ |
| ၂ | ဒေါ်တိုးတိုးလွင် | ၁၂/တကန(နိုင်)၀၀၄၄၆၂ | ၈၁၊ ရာဇသင်္ကြန်လမ်း၊ ၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) | ၁ | ၈၁ | ဦးစောဒ်နစ် |
| ၃ | ဒေါ်မြင့်မြင့်သိန်း | ၁၂/ရကန(နိုင်)၀၄၂၅၂၅ | ၅၈၊ ကာယသုခလမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်း | ၃၆/ကံဘဲ့ | ၂၃ | PLKM<br>ပါလာနီရုပ္ပချွတ်ရေး |
| ၄ | ဦးသူရထိုက်+၁ | ၁၂/သဃက(နိုင်)၁၆၅၆၈၉ | ၄၆၈၊ ရွှေအင်းဝလမ်း၊ ၅၅-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၅၅ | ၄၆၈ | ဦးခင်မောင်သန်း |
| ၅ | ဦးရဲနိုင်အောင် | ၁၂/ဥကမ(နိုင်)၂၀၂၈၇၈ | ၈၇၇၊ ညောင်ရမ်းလမ်း၊ ရွှေပေါက်ကံမြို့သစ်ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၁၆ | ၈၇၇ | ဒေါ်တင်မေ |
| ၆ | ဦးလှဆွေ | ၅/အရက(နိုင်)၈၂၃၂၃၀ | ၈၉၈/က၊ ပုသိမ်လမ်း၊ ၂၀-ရပ်ကွက်၊ ရွှေပြည်သာ | ၄၆/သံဒင်း | ၈၉၈ | ဦးတင်မြင့် |
| ၇ | ဒေါ်ခင်ငွေရီ | ၁၂/မဂတ(နိုင်)၀၉၀၄၇၁ | ၂၉၀/ခ၊ မဟာဗန္ဓုလလမ်း၊ ၉-ရပ်ကွက်၊ ရွှေပြည်သာ | ၂ | ၂၉၀/ခ | ဒေါ်တင်ကြည် |
| ၈ | စောအယ်မူးသော | ၁၄/လပတ(နိုင်)၀၄၆၉၀၉ | ၇၇၀/ခ၊ ပုသိမ်(၁)လမ်း၊ ၂၀-ရပ်ကွက်၊ ရွှေပြည်သာ | ၄၅ | ၇၇၀ | ဒေါ်တင်အေး |
| ၉ | ဦးသန်းလှိုင် | ၁၂/မဂတ(နိုင်)၀၁၂၆၄၈ | ၇၀၇/ခ၊ ဘိုကလေး(၂)လမ်း၊ ၂၀-ရပ်ကွက်၊ ရွှေပြည်သာ | ၄၆ | ၇၀၇/ခ | ဒေါ်ခင်စန်းကြိုင် |
| ၁၀ | ဦးချစ်ဆွေ | ၁၄/ကလန(နိုင်)၀၆၄၂၃၅ | ၆၄၈/က၊ မိုးကောင်းလမ်း၊ ၁၄-ရပ်ကွက်၊ ရွှေပြည်သာ | ၄၀ | ၆၄၈/က | ဦးကျင်ငွေ |
| ၁၁ | ဦးညီညီအောင် | ၇/ပခန(နိုင်)၁၇၃၆၈၇ | ၃၃၉/ခ၊ လှိုင်ရတနာလမ်း၊ ၁၃-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၆ | ၃၃၉/ခ | ဦးသန်းထိုက် |
| ၁၂ | ဒေါ်စပါယ် | ၁၂/မဂတ(နိုင်)၀၇၃၈၀၈ | ၃၃၉/က၊ လှိုင်ရတနာလမ်း၊ ၁၃-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၆ | ၃၃၉/က | ဦးတင်ဦးမောင် |
| ၁၃ | ဦးထွန်းလှိုင် | ၁၂/ကခက(နိုင်)၀၀၁၈၀၂ | ၃၁၄/ခ၊ တေးဥယျာဉ်(၂၀)လမ်း၊ ၇-ရပ်ကွက်၊ လှိုင်သာယာ | သကတ-၁တိုးချဲ့ | ၃၁၄ | ဒေါ်မြင့်မြင့်ကြည် |
| ၁၄ | ဦးခင်မောင်လွင် | ၁၂/ရကန(နိုင်)၀၁၇၅၈၂ | ၃-A ၊ လူငယ်သစ္စာလမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်း | ၃၆/ကံဘဲ့ | ၂၃ | မမယ်ပန်း |
| ၁၅ | ဒေါ်တိုးထွန်းကြွယ် | ၁/မအန(နိုင်)၁၀၆၉၅၉ | ၁၀၃၆၊ ရာဇဓိရာဇ်လမ်း၊ ၄၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၁ | ၁၀၃၆ | ဒေါ်မြတ်သဇင် |
| ၁၆ | ဦးအန်နသား(ခ)ဦးစိန်ဝင်း | ၁၂/ရကန(နိုင်)၀၄၅၅၅၄ | ၉၈၅၊ ရွှေယင်းမာလမ်းနှင့်ရွှေယင်းမာ(၅)လမ်းထောင့်၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၄ | ၉၈၅ | ဦးတောကျော် |
| ၁၇ | ဦးစိုးမိုးဇော် | ၁၂/ဒဂတ(နိုင်)၀၃၄၂၄၃ | ၃၈၈/ခ၊ တံတားဖြူလမ်း၊ ၂၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | ၂၆ | ၃၈၈/ခ | ဦးခင်ထွေး |
| ၁၈ | ဒေါ်ယဉ်မေသန်း | ၁၂/ဗဟန(နိုင်)၀၀၇၅၈၀ | ၄/က၊ မြသီရိ(၁)လမ်း၊ ၃၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၀ | ၆၅၂ | ဒေါ်လှရီ |
| ၁၉ | ဦးကျော်ကျော်စံ | ၁၃/တကန(နိုင်)၁၅၀၁၆၇ | ၈၃၀/က၊ ရွှေဗဟိုပတ်လမ်း၊ ၁-ရပ်ကွက်၊ ရွှေပြည်သာ | ၃၆ | ၈၃၀/က+ခ | ဦးဇော်ဇော်လင်း |
| ၂၀ | ဒေါ်အေးအေးသင်း | ၁၂/ဒဂမ(နိုင်)၀၁၅၇၆၇ | ၈၃၁/ခ၊ ရွှေဗဟိုပတ်လမ်း၊ ၁-ရပ်ကွက်၊ ရွှေပြည်သာ | ၃၆ | ၈၃၁/က+ခ | ဦးဇော်ဇော်လင်း |
| ၂၁ | ဒေါ်ဇင်မာထွေး | ၁၂/မဂတ(နိုင်)၀၈၅၂၉၇ | ၁၂၄၈/ခ၊ ကျွန်စစ်သားလမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်သာယာ | သကမ-၁၃ | ၁၂၄၈/ခ | ဦးထွန်းအောင် |
| ၂၂ | ဒေါ်ခင်ဝင်း | ၁၃/မဆတ(ဧည့်)၀၀၀၁၃၂ | ၁၃၉၀၊ ကျောင်းလမ်း၊ ကစင်ကျေးရွာအုပ်စု၊ လှိုင်သာယာ | ရလပ-၂၃ | ၁၃၉၀ | ဦးကျော်မင်း |
| ၂၃ | ဒေါ်ခင်မေရီ | ၁၁/ကမန(နိုင်)၀၄၁၅၁၄ | ၉၄၆၊ သီလ(၁၂)လမ်း၊ ၄-ရပ်ကွက်၊ တောင်ဥက္ကလာပ | ၄ | ၉၄၆ | ဦးထွေး |
| ၂၄ | ဦးပေါင်ကမ်မန် | ၄/ကပလ(နိုင်)၀၁၂၇၅၄ | ၅၇၃၊ ပုလဲလမ်း၊ ၇၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) | ၇၈ | ၅၇၃ | ဒေါ်သန်းသန်းလွင် |
| ၂၅ | ဒေါ်မေသန္တာစိုး | ၁၂/သကတ(နိုင်)၁၆၂၆၇၁ | ၁၀၂၇/ခ၊ ရန်ပြေ(၁၇)လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတ | ၃/ရန်ပြေ | ၁၀၂၇/ခ | ဦးမောင်အေး |

အတွင်းရေးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## မွေးသက္ကရာဇ်အမှန်

မိုးကောင်းမြို့၊ နေခင်ကိုင်တော်ရပ်ကွက်၊ အနောက်ပြင်အုပ်စု အမှတ် န.က.တ(၈၆)နေ ဦးမြင့်အောင်၏ သမီးများ ဖြစ်ကြသော မနီလာမြင့်အောင်(ခ) မထက်ထက်အောင်၏ မွေးသက္ကရာဇ် အမှန်မှာ ၂-၆-၁၉၉၃ နှင့် မဥမ္မာမြင့်အောင်၏ မွေးသက္ကရာဇ် အမှန်မှာ ၁၀-၆-၁၉၉၇တို့ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ မြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၄ ရှောက်ခါးတောင်)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ (၀ဒသမ၀၅၁)ကေအား ဦးကျော်အေး အမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့၊ အောင်မင်္ဂလာရပ်ကွက်နေ ဦးမြင့်ဆွေမှ အကွက်အမှတ်(၁၆၄၇-အလယ်ရပ်) ဦးပိုင်အမှတ် ( A-၂/က)၊ ဧရိယာ ၀ဒသမ ၀၇၉ ဧကရှိ မြေကွက်ကို ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား များဖြင့် (၁-က) စာ ရင်းရေးသွင်းပေးပါရန် မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကော်လိတ္တော်အရာရှိ)ထံ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားဖြင့် မကွေးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် လည်းကောင်း၊ မကွေးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် လည်းကောင်း ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မကွေးမြို့၊ အောင်စေတနာရပ်ကွက်၊ အမှတ်(၅၉)နေ (ဦးအောင်ခင်ညွန့်)-ဒေါ်ခင်လှ ၇/ပမန(နိုင်)၀၁၃၈၈၁ တို့၏သား မောင်ဟိန်းထွန်းညွန့် (ခ) သားငယ် ၇/ပမန(နိုင်)၀၀၈၂၃၃ သည် မိခင်ဖြစ်သူက ၎င်းနှင့်သက်ဆိုင်သော အမွေပစ္စည်းများအား ခွဲဝေပေးပြီး ဖြစ်သော်လည်း မောင်ဟိန်းထွန်းညွန့်က မိခင်ကြီးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြော်ငြာသည့်ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**မိခင်-ဒေါ်ခင်လှ**
**(မကွေးမြို့)**

စာအုပ်
စာပေ
လူ့မိတ်ဆွေ

## မူပိုင်ခွင့်ဆိုင်ရာ ခွင့်ပြုချက်တောင်းခံခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ သင်္ကြန်ကာလအတွင်း မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်တွင် အောက်ပါ တေးသီချင်းများထုတ်လွှင့်လိုပါသဖြင့် သုံးစွဲခွင့်ပြုနိုင်ပါရန် သီချင်းများ နှင့်ပတ်သက်သည့် မူပိုင်ခွင့်ရှိသူများအား မေတ္တာရပ်ခံအပ်ပါသည်။ အကယ်၍ သဘောမတူပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း-၀၆၇-၇၉၀၈၆၊ လ/ထညွှန်မှူး ဦးအောင်ကျော်ညွှန့် ဖုန်း-၀၉-၂၅၄၅၀၂၂၇၉ နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးမင်း ဖုန်း-၀၉-၄၂၉၃၁၄၆၆၂ ထံသို့ ဆက်သွယ်အကြောင်း ပြန်ကြားပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | သီချင်းအမည် | တေးရေး |
|---|---|---|
| (က) | နွေဦးကဗျာ | အဥ္ဇလီမောင်မောင် |
| (ခ) | သင်္ကြန်မိုး | အဥ္ဇလီမောင်မောင် |
| (ဂ) | မမကိုယ်တိုင်က | ကိုအုန်းမင်း(ရွှေစွန်ညို-မုံရွာ) |
| (ဃ) | ပိုက်စုတ်ကြီး | အောင်ကောင်းသစ် |
| (င) | နွေမ | စန္ဒရားငြိမ်းထက်(မြို့မ) |

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## နိုင်ငံခြားသင်္ဘောကြီးများသို့ ရိက္ခာပေးသွင်းရန်အိတ်ဖွင့်တင်ဒါကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနမှ ကိုင်တွယ်ရသော နိုင်ငံခြားသင်္ဘောကြီးများအတွက် လိုအပ်သော ရိက္ခာပေးသွင်းခြင်း လုပ်ငန်းကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပေးသွင်းနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာနရှိ ရှင်း/ပို့ရိက္ခာဌာနစုတွင် ရုံးချိန်အတွင်း အမျိုးသား မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ထားသူ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံသားများ လာရောက်ဝယ်ယူတင်သွင်းနိုင်ပြီး သိရှိလိုသောအချက်များရှိပါက တယ်လီဖုန်းနံပါတ် ၀၁-၂၃၀၁၁၇၈၊၀၁-၂၃၀၁၉၃၇ တို့ကို စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၄-၂၀၂၀ ရက်မှ ၁၃-၅-၂၀၂၀ရက်ထိ ရုံးဖွင့်ရက်(ရုံးချိန်အတွင်း)

၄။ **တင်ဒါပိတ်မည့်ရက်** - ၁၄-၅-၂၀၂၀ ရက်/အချိန် ၁၃:၀၀ နာရီ

၅။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို နှစ်သစ်ကူးရုံးပိတ်ရက်များဖြစ်သော ၂၀၂၀ပြည့်နှစ် ဧပြီ ၁၀ ရက်မှ ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၇ရက်အထိ ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ကွင်းအမှတ်နှင့်အမည် (၆၈၃၊ ကူးတို့ကုန်း)၊ ဦးပိုင်အမှတ်(၁၈-က)၊ ဧရိယာ ၀ဒသမ၁၉၅ ဧကရှိ မြေကို ဒေါ်မြင့် ၅/မရန(နိုင်)၀၄၄၅၆၃ အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်

၂၀၂၀ ပြည့်နှစ် ဧပြီ ၈ ရက်မှ ဧပြီ ၁၀ ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ၀၁ ပေခန့်မှ ၂၀ ဒသမ ၃၁ ပေခန့်အထိ သာမန်ထက်ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၂ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ ရန်ကုန်မြစ်၏ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့် ၂၀ ပေ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီး နေထိုင်ကြသော လုပ်သားပြည်သူများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရန်အလို့ငှာ ယခုကဲ့သို့ သတိပေးသတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အသိပေးအကြောင်းကြားအပ်ပါသည်။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

MYANMAR SUGAR DEVELOPMENT PUBLIC CO., LTD
မြန်မာသကြား ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်

## အသိပေးကြေညာခြင်း

မြန်မာသကြားဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MSD)၏ (24.3.2020)နေ့တွင် ကျင်းပသော ဒါရိုက်တာအဖွဲ့ **အစည်းအဝေးအမှတ်စဉ် 6th/2/2020** ဆွေးနွေးချက်အပိုဒ်(၅)၊ ဆုံးဖြတ်ချက် အပိုဒ်(၆)အရ **(ဆဋ္ဌမအကြိမ်) နှစ်ပတ်လည် အစုရှယ်ယာရှင်များ အထွေထွေအစည်းအဝေးအား** ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ***COVID-19 Virus*** သံသယ ရှင်းလင်းသည် အထိ ကြေညာချက်ကို စောင့်ဆိုင်းပြီးမှ ကျင်းပရန် ဆုံးဖြတ်လိုက်ကြောင်း ရှယ်ယာရှင်များ သိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**မြန်မာသကြားဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်**
**၆၃လမ်းနှင့်ပိတောက်လမ်းထောင့်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။**
**09-402511195၊ 09-402511193**

" နန်းမြခမ်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် "
**(NANG MYA KHAM TRADING COMPANY LIMITED)**
**ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း**
**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ-၃၄၈ အရ**

(က) ၂၀၂၀ခုနှစ်၊ ဧပြီလ၊ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေ အစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) " နန်းမြခမ်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် " (NANG MYA KHAM TRADING COMPANY LIMITED)အား ၂၀၂၀ခုနှစ်၊ ဧပြီလ၊ (၁) ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်ကြပါသည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ**

| | |
|---|---|
| ဦးအိနုစ် ( တရားလွှတ်တော်ရှေ့နေ ) | ဒေါ်မိုးမိုးအေး ( B.Com, Dip I.F.R , Diploma in Business Law ) |
| YE NOOS & ASSOCIATES ( Law Firm ) | အမှတ်-၁၇၆ ( ပထမထပ် )၊ ဗိုလ်တထောင်ဘုရားလမ်း၊ |
| | ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။ |
| | ဖုန်း-၀၁-၈၂၉၆၁၃၂၊ ၀၁-၈၃၉၇၂၃၄၊ ၀၁-၈၃၉၇၂၃၅။ |

(ခ) " နန်းမြခမ်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် " (NANG MYA KHAM TRADING COMPANY LIMITED) မှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၀ ခုနှစ်၊ မေလ၊ (၁) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နန်းမြခမ်း (မန်နေဂျင်းဒါရိုက်တာ)
NANG MYA KHAM TRADING
COMPANY LIMITED

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့ အမက(၉)မှ အလယ်တန်းပြဆရာမ ဒေါ်မြတ်မြတ်ထွေး၏ ဖခင် ဦးစဝ်ထွန်းကြည်(ခ)ဦးစောထွန်းကြည်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/5377 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သထုံခရိုင်တရားရုံးတော်၌
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၂၄

| | | |
|---|---|---|
| ဒေါ်အေးအေးမာ | **နှင့်** | ၁။ ဦးနေမျိုးသီဟ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်အေးဝင်း) | | ၂။ ဒေါ်ပြည့်မွန်စိုး |
| **တရားလို** | | **တရားပြိုင်များ** |

အမှတ် (၁၀၅၂/က)၊ ကျွန်းတောအရှေ့၊ ဘားအံလမ်း၊ ဘင်လှိုင်ရပ်ကွက်၊ သထုံမြို့နေ ဦးနေမျိုးသီဟနှင့်ဒေါ်ပြည့်မွန်စိုး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မေ ၄ရက် (၁၃၈၂ ခုနှစ် ကဆုန်လဆန်း ၁၃ရက်) နံနက် ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာအထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် မတ် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဝင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**သထုံခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၀၆/၄)ရပ်ကွက်၊ သုမန(၃)လမ်း၊ အမှတ် (၈၈၅/က)နေ ဒေါ်ဟန်နီငယ် ၁၂/ဥကမ(နိုင်)၂၂၇၄၄၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခြင်းဖြစ်ပါသည်။

(၁)ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟန်နီငယ်သည် အမရာဖက်ရှင် (Amara Fashion) Logo ကုန်အမှတ်တံဆိပ်ဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်လုပ်ကိုင်နိုင်ရန်အတွက် ၁၅-၆-၂၀၁၇ရက်တွင် စာချုပ်အမှတ် ၇၁၃၂/၂၀၁၇ ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

(၇၁၃၂/၂၀၁၇)

အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြုပြီး အမျိုးသမီးဝတ်၊ မိန်းကလေးဝတ်(ကလေးဝတ်) အဝတ်အထည်အမျိုးမျိုးတို့ကို မြန်မာပြည်တစ်ဝန်းသို့ မိမိ၏ကုန်အမှတ်တံဆိပ် Amara Fashion အမည်ဖြင့် တံဆိပ်တုံးများ၊ ဘောက်ချာများ၊ Facebook Page အင်တာနက်ဝက်ဆိုက်တို့တွင် အရွယ်အစားအမျိုးမျိုး အရောင်အမျိုးမျိုးတို့ဖြင့် ရောင်းချနေသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

မှတ်ပုံတင်စဉ်ကလည်း ကျွန်ုပ်၏မိတ်ဆွေ၏ Logo ကုန်အမှတ်တံဆိပ် အမှတ်အသားကို မှတ်ပုံတင်သည့်ရက်မှစ၍ အခြားသူတစ်ဦးမှ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှားထင်ယောင်ထင်မှားမပြုလုပ်ရန်အတွက် ၁၅-၇-၂၀၁၇ ရက် ကြေးမုံသတင်းစာတွင် ကြေညာထားပြီးဖြစ်ပါသည်။

သို့သော်ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ၏ မှတ်ပုံတင်သွင်းထားသည့် Amara Fashion ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် Facebook တွင် Online Shopping ဖြင့် ကျွန်တော့်မိတ်ဆွေ ရောင်းချသည့်အဝတ်အထည်များကို ထင်ယောင်ထင်မှားဖြစ်အောင် ရောင်းချနေကြောင်း သိရပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှာလည်း တယ်လီဖုန်းဖြင့်ဆက်သွယ်၍ အတန်တန်တားမြစ်သည့်ကြားမှ ဆက်လက်၍ Logo တံဆိပ်ဖြင့် ရောင်းချနေခြင်းကြောင့် ယခုကဲ့သို့ ကြေညာခြင်းဖြစ်ပါသည်။

အကယ်၍ မြန်မာ့အလင်းသတင်းစာတွင် ကြေညာပြီးနောက်ပိုင်း Amara ကုန်အမှတ်တံဆိပ်ဖြင့် Online ပေါ်တွင် ရောင်းချခြင်းတွေ့ရှိပါက တရားမကြောင်းရသော်လည်းကောင်း၊ ပြစ်မှုကြောင်းရသော်လည်းကောင်း အရေးယူဆောင်ရွက်ပြီး ကျွန်ုပ်၏မိတ်ဆွေ နစ်နာမှုအရပ်ရပ်တို့ကို တရားရုံးမှတစ်ဆင့် တောင်းဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်တင်တင်လှိုင် (LL.B)** | **ဦးကျော်သူရဟိန်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **အမှတ်(၄၀)၊၃(ခ)၊အရှေ့မြင်းပြိုင်ကွင်းလမ်း၊** | **(စဉ်-၅၂၀၅၈)-(၃၀-၁၂-၂၀၁၉)** |
| **တာမွေမြို့နယ်၊ ရန်ကုန်မြို့** | **အမှတ်(၂၂၂-၂၂၄)၊၇လွှာ၊** |
| **ဖုန်း-၀၉-၇၃၀၇၁၇၉၂၊၀၉-၉၆၄၄၇၁၇၉၂** | **ဆိပ်ကမ်းသာလမ်း** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့** |
| | **(Mother land Condo)** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ညောင်ရမ်းလမ်း၊ မြေတိုင်းရပ်ကွက်(၁၆)၊ လူနေရပ်ကွက်အမှတ်-ရွှေပေါက်ကံ၊ မြေကွက်အမှတ်(၁၀၂၈)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးတင်ရှိန်အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်းရှိ အကျယ်အဝန်း (၁၀x၆၀)ပေရှိ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းဖြင့် ပြောဆိုဝန်ခံသူ ဒေါ်တင်မာလွင် ၁၂/ဒဂန(နိုင်)၀၁၂၇၅၉နှင့် ဒေါ်သီတာလွင် ၁၂/ဒဂန (နိုင်)၀၀၂၇၃၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဖြိုးကြည် ၁၂/ဥကမ(နိုင်)၁၈၇၀၃၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ (LL.B)၊တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၄၅)**
**တိုက်အမှတ်(B6)၊ အခန်း(၄၀၁)၊မင်းဓမ္မလမ်း၊(၃)ရပ်ကွက်၊ရွှေကမ္ဘာအိမ်ရာ၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

## NOTICE PURSUANT TO THE SECTION 348 OF THE MYANMAR COMPANIES LAW
## SOUTH BAY MANUFACTURING COMPANY LIMITED (MEMBERS' VOLUNTARY WINDING UP)
## (Company Registration No.108629207)

The Special Resolution of the General Meeting of SOUTH BAY MANUFACTURING COMPANY LIMITED on 31st March 2020, and it was resolved;-

(1) that SOUTH BAY MANUFACTURING COMPANY LIMITED be wound up voluntary with effect from 31-3-2020.

(2) that be appointed the following persons as Liquidators of the Company for by members' voluntary winding up.

LIQUIDATORS

| | |
|---|---|
| U YE NOOS (Supreme Court Advocate) | MR. QIAN FEI (Director) |
| YE NOOS & ASSOCIATES (Law Firm) | SOUTH BAY MANUFACTURING COMPANY LIMITED |
| No.176(First Floor),Botahtaung Pagoda Road, | Unit 1305, 13/F, 6 Shing Yip Street, |
| Pazundaung Township, Yangon Region. | Prosperity Place, |
| 01-8397234, 01-8397235 | Kwun Tong, Kowloon, Hong Kong |

The creditors of SOUTH BAY MANUFACTURING COMPANY LIMITED are, therefore, requested to submit their claims together with supporting legal documents to the liquidators at the addresses given above, latest by 30th April 2020.

MR.QIAN FEI
SOUTH BAY MANUFACTURING COMPANY LIMITED

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ်-၆၃၁၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၁ ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ် (၆၃၁)ဟုခေါ်တွင်သော နှစ် (၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက် လက်ဝယ်ထားရှိ ပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်သိန်း(ဘ)ဦးရန်သိန်း ၁၂/မရက(နိုင်)၀၃၀၁၀၈၄ ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်နန်းချယ်ရီအောင်(ဘ)ဦးတင့်တင့် ၁၂/သလန(နိုင်)၀၉၂၆၆၇ က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနေမျိုးထွဋ် အထက်တန်းရှေ့နေ(စဉ်-၂၉၉၄၃)** | **ဦးရန်နိုင် အထက်တန်းရှေ့နေ(စဉ်-၄၆၁၆၆)** |
| **(LL.B.,Diploma in Business Law)** | **(LL.B.,Diploma in Business Law) Pioneer Law Firm** |
| | **Ph:09-420046216, 09-796282044** |

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက်
### ပဓာန နာယက ဆရာတော်
## ဘဒ္ဒန္တကုန္ဒဝံသ
### (ဓမ္မာစရိယ) ဂန္ထဝါစက ပဏ္ဍိတ
### သက်တော် (၅၄)နှစ် သိက္ခာတော် (၃၄)ဝါ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ နှင်းဆီလမ်း၊ အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုန္ဒဝံသ(ဓမ္မာစရိယ)ဂန္ထဝါစက ပဏ္ဍိတသည် ၂-၄-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၄:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၆-၄-၂၀၂၀ ရက် (စနေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ အန္တိမ အဂ္ဂိစျာပန ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**မိခင်ကြီးနှင့် သားသမီး၊ မြေးတစ်စု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက်
### ပဓာန နာယက ဆရာတော်
## ဘဒ္ဒန္တကုန္ဒဝံသ
### (ဓမ္မာစရိယ) ဂန္ထဝါစက ပဏ္ဍိတ
### သက်တော် (၅၄)နှစ် သိက္ခာတော် (၃၄)ဝါ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ နှင်းဆီလမ်း၊ အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုန္ဒဝံသ(ဓမ္မာစရိယ)ဂန္ထဝါစကပဏ္ဍိတသည် ၂-၄-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၄:၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၆-၄-၂၀၂၀ရက် (စနေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ အန္တိမ အဂ္ဂိစျာပန ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှတပည့်ဒါယကာ၊ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးကြီး ဘစု(ငြိမ်း)
### O.T.Sအပတ်စဉ်(၂၅)
### ပင်မခဲယမ်းမီးကျောက်တပ်၊ တပ်မှူး(ငြိမ်း)၊ မင်္ဂလာဒုံတပ်နယ်မှူး(ငြိမ်း)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၁၀)နေ ဒေါ်လှသိန်း၏ခင်ပွန်း၊ ဦးမောင်သန်းမြင့်- ဒေါ်ခင်သန်းဦး၊ ဦးသက်လွင်-ဒေါ်စုစုဖြူ၊ ဒေါ်ခင်သန်းစု၊ ဦးသိန်းအောင်-ဒေါ်အေးအေးသန့်၊ ဦးထွန်းအောင်-ဒေါ်တင်တင်ဝင်း၊ ဦးကျော် အောင်-ဒေါ်သဇင်ခိုင်၊ ဦးကိုကိုဟိန်း-ဒေါ်ခင်စိုးစိုးတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၃၁-၃-၂၀၂၀ရက် (အင်္ဂါနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ ငြိမ်းအေးဇရပ်တွင် တရားနာပြီးမွန်းလွဲ ၂နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၂၀ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**



## Professor Dr. ဦးကိုကိုသိန်း(USA)
### Graduate School of Business Administration
### Fordhan University, New York
### Ph.D(Econ.),Ph.D(History)(USA)
### J.D(Dissertation),D.B.A.(Dissertation)(USA)
### R.A(C.A),C.I.M.A.(Land),C.P.A.(Myanmar),
### C.P.A.LUTC, B.A.,B.L, B.Com.
### အသက်(၈၀)

ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နေ (ဦးသိန်းဟန်-ဒေါ်သိန်းတင်)တို့၏သား၊ USA, New York, Brooklyn Township,(6 th) Street,No (1403/W)နေ ဒေါ်ခင်လှဲ့လှဲ့ဝင်း(B.Ed)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုချမ်းသာ၊ ဒေါ်ခင်မမျိုးမြတ်တို့ ၏ချစ်လှစွာသောဖခင်၊ မောင်ကောင်းမြတ်ကိုကို၏ ချစ်လှစွာသောအဘိုးသည် ၁-၄-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)အမေရိကန်နိုင်ငံ စံတော်ချိန် ည ၇:၁၅ နာရီတွင် USA New York Community Hospital ၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ဦးသန်းဌေး(တောင်ကြီးမြို့)
### သစ်တောမင်းကြီး(ငြိမ်း)
### အသက်(၉၀)

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အမှတ်(၈၄/၈၅)၊ အကွက်ကြီး(၃၆)နေ (ဦးမြင့်သန်းဌေး)၊ (ဦးညီညီသန်းဌေး)၊ ဒေါ်လှလှသန်းဌေး၊ ဦးမောင်မောင်ဌေး၊ ဦးမောင်မောင်သန်းဌေး၊ ဦးမောင်မောင်စိန်ဌေး၊ ဒေါ်နုနုသန်းဌေး၊ ဦးအေးမြင့်သန်းဌေး၊ ဦးဇော်မြင့်သန်းဌေးတို့၏ဖခင်၊ မန္တလေးမြို့နေ ဒေါ်ခင်ထူး၊ ဒေါ်ခင်အေးတို့၏အစ်ကို၊ မြေး ၂၄ ယောက်၊ မြစ် ခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ဆွေမြင့်၏ခင်ပွန်းသည် ၂-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇:၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တကုန္ဒဝံသသည် ၂-၄-၂၀၂၀ရက် (ကြာသပတေးနေ့) ညနေ ၄:၃၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခြင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်သုခကျောင်း ဂေါပကအဖွဲ့နှင့် ဝေယျာဝစ္စအဖွဲ့**
**ဦးခင်စိုး(ဘန်ကောက်)၊ ဦးစိုးသူအောင်(မြဝတီမြို့)**
**ဦးတင်မိုး(မြဝတီမြို့)၊ ဦးမင်းသူ(မြဝတီမြို့)**
**ဦးသာချော မိသားစု(မြဝတီမြို့)**

## ဒေါ်သန်းမြိုင်
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၇)လမ်း၊ အမှတ်(၇၆၁)နေ (ဦးမောင်ဉာဏ်-ဒေါ်သန်း)တို့၏ သမီး၊ (ဦးသန်းဖေ)၏ဇနီး၊ ဦးသန်းညို-ဒေါ်ခင်စန်းနွဲ့၊ ဒေါ်လှလှသန်း၊ ဦးသန်းဇော်-(ဒေါ်ကြည်ကြည်ဦး)၊ ဦးစိုးလင်း-ဒေါ်သန်းသန်းကျော့၊ (ဦးလွင်အောင်)၊ ဒေါ်သန်းသန်းနွယ်၊ ဒေါ်ဆွေမြသူတို့၏မိခင်၊ မြေး ကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွား၊ ရွှေသဇင်(ခ)FEC ဘော်ဒါမိသားစု၏မိခင်ကြီးသည် ၁-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါ မည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ် သာဌေး(ငြိမ်း)
### အသက်(၈၇)နှစ်

၂၈-၃-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ စစ်ကိုင်း၊ရန်ကုန်တွင် တွေ့ဆုံခဲ့ရသည်များကို သတိရလျက်-

**ဦးခင်မောင်ဌေး(ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီး)၊**
**ဇနီး ဒေါ်ခင်ခင်အေး မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## Professor Dr.ဦးကိုကိုသိန်း
### အသက်(၈၀)

USA, New York, Brooklyn Township, (6 th)Street, No (1403/W)နေ ဒေါ်ခင်လှဲ့လှဲ့ဝင်း(B.Ed) ၏ ခင်ပွန်း Professor Dr.ဦးကိုကိုသိန်းသည် ၁-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) အမေရိကန်နိုင်ငံ စံတော်ချိန် ည ၇:၁၅နာရီတွင် USA, New York Community Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကျန်ရစ်သူ(ညီအစ်ကိုမောင်နှမများ)**
**ယုဝတီရွှေဆိုင်မိသားစု(မြိတ်)**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်ဝင်း
### ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၂)
### အသက်(၅၈)နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ မိုင်းလွေကျေးရွာနေ ဒေါ်နန်းတို့၏ ခင်ပွန်း၊ ကိုစိုင်းလုံထွန်း-မနန်းရှဲန်ဖူး၊ ကိုစိုင်းဝင်းတစ်-မနန်းယွေဆွတ်၊ မနန်းစံခမ်းတို့၏ဖခင် ဦးတင်ဝင်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (မိုင်းယန်းမြို့နယ်မဲဆန္ဒနယ် အမှတ်-၂)သည် ၁-၄-၂၀၂၀ရက် ည ၁၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**ဝန်ကြီးချုပ်၊ အတွင်းရေးမှူး၊ ဝန်ကြီးများနှင့်ဝန်ထမ်းမိသားစု**

## ဒေါ်သန်းသန်းအေးမောင်
### သူနာပြုဆရာမကြီး(ငြိမ်း)
### အသက်(၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်း၊ တိုက်အမှတ် ၁၄၄၊ အခန်း ဘီ- ၃ နေ (ဦးသန်းမောင်-ဒေါ်တင်ကြိုင်)တို့၏သမီး၊ ဥူးပဏ္ဍိတ (ဦးမျိုးဇော်ဇော်မောင်)၏မိခင်၊ ဒုတိယဗိုလ်မှူးကြီး ရဲထွန်း(ငြိမ်း) ဦးဆောင်ညွှန်ကြားရေး မှူး(ငြိမ်း)မွေး/ရေဘဏ်၏ ချစ်လှစွာသောဇနီးသည် ၁-၄-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅:၁၈ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြား အပ်ပါသည်(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၇-၄-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်မြင့်မြင့်
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ (ဦးဘစိန်-ဒေါ်သန်းခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၁၁၂)နေ (ဗိုလ်မှူးကြီး မြင့်ဝေ)(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးအေးကျော်-ဒေါ်ခင်စန္ဒာ မြင့်၊ (ဦးအောင်ဇော်မြင့်)-ဒေါ်ခင်စန္ဒာ၊ ဦးသိန်းထွန်းအောင်-ဒေါ်သူဇာမြင့်၊ ရဲမှူးချုပ်သန်းတင်အောင်(ငြိမ်း)-ဒေါ်ဇင်နွယ်မြင့်၊ ဦးကျော်စွာမြင့်-ဒေါ်သူဇာစိန်၊ ဗိုလ်မှူးကြီး ခင်မောင်လှိုင်-ဒေါ်ယမင်းမြင့်၊ ဒုတိယဗိုလ်မှူးကြီး မင်းလတ်-ဒေါ်ခင်စန္ဒီမြင့်တို့၏ မိခင်၊ ဦးမောင်မောင်ခင်(BPI-ငြိမ်း)၏ညီမ၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်တိုးတိုးခင်၊ ဒေါ်နွယ်နွယ်စိန်တို့၏အစ်မ၊ မြေး ၁၆ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည်၂-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၄-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးသန်းဝင်း
### R.T.C ဘုရင့်နောင်(ငြိမ်း)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ ၂၅ လမ်း၊ အမှတ် ၁၅၉နေ (ဗိုလ်ကြီး ဝင်းမောင်-ဒေါ်ညိုညို) တို့၏သား၊ ဒေါ်သန်းစိန်၏ခင်ပွန်း၊ ဦးသန်းထွဋ်အောင်-မအေးပွင့်ဖြူ၊ ဦးဇော်မင်းထွန်း(ညီညီ)-ဒေါ်တိုးတိုးမြင့်၊ ကိုရဲသီဟနိုင်တို့ ၏ ဖခင်၊ ဒေါ်ခင်ဝင်းမြင့်(စက်မှု-၂၊ မြန်မာ့တာရာနှင့် ရော်ဘာ၊ ငြိမ်း)၏မောင်၊ ဦးစံမြင့်(ပါမောက္ခ၊ ငြိမ်း)-ဒေါ်ဝင်းမာ(ထ-၁၊ ဒဂုံ၊ ငြိမ်း)၊ ဦးအောင်မြင့်(ကညန၊ ငြိမ်း)-ဒေါ်ခင်သန်းနွဲ့တို့၏အစ်ကို၊ မသက်ထားစံ(သဲသဲ)၏ဘကြီး၊ မောင်ဒီပါထွန်း၊ မချယ်ရီထွန်းတို့၏ အဘိုးသည် ၂-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၂:၅၀ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၀ရက် (စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

( နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဒါယကာကြီး
## ဦးဉာဏ်မြင့်
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ပြည်တွင်းအခွန်များ ဦးစီးဌာန
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊အမှတ် ၃၀၊ ROSE Garden ၊ ရွှေပင်လုံအိမ်ရာ၊ (၂၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်တင်နွဲ့၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး ခွန်ထွန်းလှိုင်(ဌာနမှူး၊ တပ်မတော်ဆေးတက္ကသိုလ်)-ဒေါ်စန္ဒာမြင့်(Shwe Pyi Sakyar C.,Ltd)၊ ဦးအောင်မြိုင်-ဒေါ် သူဇာမြင့်မြတ်(ဒုတိယဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဗိုလ်မှူးအောင်ဖြိုး(ငြိမ်း)(လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်သဇင်မြင့်မြတ်(လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဦးရဲမင်းအောင်-ဒေါ်ဝတ်ရည်မွန်တို့၏ဖခင်၊ မောင်ခွန်ထွန်းတင်၊ မောင်ထူးမြတ်လှိုင်၊ မမြတ်သီရိနွယ်၊ မောင်သော်ထူးဆက်၊ မောင်ကောင်းဆက်လင်း၊ မောင်လင်းပြည့်မောင်မောင်၊ မောင်ဝေယံချမ်းမင်းတို့၏ အဘိုးသည် ၂-၄-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၀ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

( အမှတ် ၃၀၊ ၊ ROSE Garden ၊ ရွှေပင်လုံအိမ်ရာ၊ (၂၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) ရက် နံနက် ၈နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဦးတင်မောင်
### ဒု-ညွှန်မှူး(ငြိမ်း)ရှေ့နေချုပ်ရုံး
### အသက်(၇၄)နှစ်

မန္တလေးမြို့၊၂၃လမ်း၊၆၃x၆၄လမ်းကြား၊ အမှတ် ၁၀၆(ဘ/၄)နေ ဒေါ်တင်တင်၏ခင်ပွန်း၊ ဗိုလ်မှူး ဝင်းထွန်းအောင်(ငြိမ်း)-ဒေါ်လှိုင်မင်းသော်၊ ကိုနေဖြိုးဟန်၊ ဒေါက်တာ နှင်းသဇင်အောင်၊ ဒေါက်တာ ထက်အောင်ကျော်- ဒေါက်တာ နှင်းစံပယ်အောင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂-၄-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၂၀ရက်တွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ကိုဗစ် - ၁၉ ရန်ပုံငွေမှထုတ်ပေးမည့် အတိုးနှုန်းသက်သာသောချေးငွေအတွက် လျှောက်လွှာများကို ဧပြီ ၉ ရက်နေ့အထိ ဆောင်ရွက်ပေးလျက်ရှိ



ရန်ကုန် ဧပြီ ၂

ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရ၏ ကိုဗစ်-၁၉ ရန်ပုံငွေမှထုတ်ပေးမည့် အတိုးနှုန်းသက်သာသော ချေးငွေအတွက် လျှောက်လွှာများကို ဧပြီ ၉ ရက်အထိ ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတ်မှတ်ထားသည့်အချက်အလက်နှင့်ပြည့်စုံသော ကိုဗစ်- ၁၉ ချေးငွေလျှောက်လွှာများကို မတ် ၃၀ ရက်မှ စတင်၍ နံက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၉ ရက်အထိ လျှောက်လွှာများကို လက်ခံသွားမည်ဖြစ်ပြီး သတ်မှတ်ထားသည့် အချက်အလက်များပြည့်စုံမှုမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။

"ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာပြည်မှာလည်း အခြားနိုင်ငံများနည်းတူ ခရီးသွားလုပ်ငန်းတွေ ထိခိုက်မှု

*စာမျက်နှာ ၈ ကော်လံ ၁* ❐

## မြန်မာ့ရိုးရာမဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အထူးအစီအစဉ်များ ထည့်သွင်းပြသသွားမည်

နေပြည်တော် ဧပြီ ၂

၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက်မှ ၁၉ ရက်အထိ မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက် ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူအပန်းဖြေကြမည့် မိဘပြည်သူများအတွက် ထိုင်းရုပ်သံဇာတ်လမ်းတွဲ (နတ်ဆိုးမလေးရဲ့ကိုယ်ရံတော်) ရုပ်သံဇာတ်လမ်းတွဲကို ညနေ(၄)နာရီခွဲအချိန်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ ထုတ်လွှင့်ပြသမည် ဖြစ်သည့်အတွက် နိုင်ငံခြားဇာတ်လမ်းတွဲများကို ကြိုက်နှစ်သက်သည့် ပရိသတ်များအတွက် အကြိုက်တွေ့စေမည် ဖြစ်သည်။ *စာမျက်နှာ ၈ ကော်လံ ၄* ✪

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုလေးမျက်နှာ ပါရှိ

ဆောက်လုပ်ရေးဝန်ကြီးဌာန၏စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များ အချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## ရွှေဘိုမြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ လိုအပ်ပါက ဆေးရုံအဖြစ် ပြည်ရွှေသိင်္ဃဟိုတယ်ကိုအသုံးပြုခွင့်နှင့် အလှူငွေများလှူဒါန်း

ရွှေဘို ဧပြီ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ လိုအပ်ပါက ဆေးရုံအဖြစ် အသုံးပြုနိုင်ရန် ပြည်ရွှေသိင်္ဃဟိုတယ်(**အောက်ပုံ**)နှင့် အလှူငွေလှူဒါန်းမှုကို ဧပြီ ၁ ရက်က လာရောက်လှူဒါန်းခဲ့ကြောင်း ရွှေဘိုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစောသက်လျာ အောင်ထံမှ သိရသည်။

ပြည့်ကုဋေဆောက်လုပ်ရေး ကုမ္ပဏီပိုင်ဖြစ်သော ပြည်ရွှေသိင်္ဃဟိုတယ်ကို ကိုဗစ်-၁၉ ရောဂါအတွက် လူနာများထား၍ ကုသရန်အတွက် ဧပြီ ၁ ရက် နံနက်ပိုင်းက မိသားစုဝင်များနှင့် မန်နေဂျာများ အစည်းအဝေးလုပ်၍ ဟိုတယ်ကို လိုအပ်ပါက ဆေးရုံအဖြစ် အသုံးပြုခွင့်ကို လှူဒါန်းရန် ဆုံးဖြတ်ခဲ့ပြီး *စာမျက်နှာ ၈ ကော်လံ ၅* ❀



## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

နေပြည်တော် ဧပြီ ၂

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည် ဖြစ်ပါသည်။

ဧပြီ ၁၅၊ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်းတိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီလ ၁၂ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ဗုဒ္ဓဟူးနေ့)တိုင်း ရခိုင်ဘာသာဖြင့် ထုတ်ဝေသည့် ရှီပြည်ရခိုင်ပုံရိပ်အချပ်ပိုကို ဧပြီလ ၁၅ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရခိုင်ရွှေမြေအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာအချပ်ပိုကို ဧပြီလ ၁၆ ရက်နေ့တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီလ ၁၈ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## အမျိုးသမီးလိဂ်ပြိုင်ပွဲကို ပိုမိုအဆင့်မြင့်စွာကျင်းပနိုင်ရန် ဆောင်ရွက်နေ

ရန်ကုန် ဧပြီ ၂

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် အမျိုးသမီးလိဂ်ပြိုင်ပွဲကို ပိုမိုအဆင့်မြင့်စွာ ကျင်းပနိုင်ရန်နှင့် လိဂ်ပြိုင်ပွဲမှ လူငယ်ကစားသမားများ ထွက်ပေါ်လာရန် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲကို ယခင်က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမျိုးသမီးလိဂ် ကော်မတီက တာဝန်ယူ ကျင်းပခဲ့သော်လည်း ယခုနှစ်မှစတင်ကာ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ပြောင်းလဲတာဝန်ယူကျင်းပမည် ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် အမျိုးသမီးလိဂ်ပြိုင်ပွဲကျင်းပရန် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများ ရေးဆွဲနေပြီး ပရိုပုံစံဖြင့် ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်တွင်းပြိုင်ပွဲများ ကျင်းပမှုကို *စာမျက်နှာ ၁၁ ကော်လံ ၄* ●

COVID-19 **ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၂-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ၁၅

Quarantine **ထားရှိတဲ့သူတွေသည် လူနာတွေ မဟုတ်ပါဘူး၊ ရောဂါသည်တွေ မဟုတ်ပါဘူးဆိုတာ ပြောချင်ပါတယ်**

စာ ၁၆

မြန်မာ့အလင်း
သောကြာ၊ ဧပြီ ၃၊ ၂၀၂၀

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များ

ရှင်မင်း၊ ဓာတ်ပုံ - ကေကေ



ဦးဟန်ဇော်
ပြည်ထောင်စုဝန်ကြီး

**မြန်မာနိုင်ငံမှ မြို့ပေါင်း ၃၃၀ ကျော်ကို စနစ်ကျသောမြို့ပြ Urban Planning အဖြစ် အကွက်ချတည်ဆောက်ပြီးဖြစ်သည့် မြို့များဖြစ်စေရန်၊ မြန်မာနိုင်ငံရှိ ကျေးရွာများ၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်း ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန်နှင့် ကီလိုမီတာ ၄၂၀၀၀ ကျော်ရှိ လမ်းများကို ASEAN Class III ၁၈ ပေအကျယ် ကတ္တရာလမ်း/ကွန်ကရစ်လမ်းအဆင့် အနည်းဆုံးရောက်ရှိရန်၊ တံတားအားလုံး ၂၄ ပေအကျယ် နှစ်လမ်းသွား RC သံကူကွန်ကရစ် တံတား/ PC ကြိုတင်အားဖြည့်ကွန်ကရစ်တံတား/ သံပေါင်တံတားအဆင့် အနည်းဆုံးရောက်ရှိရန်တို့ကို ၂၀၃၀ ပြည့်နှစ် နောက်ဆုံးထားကာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည့် လမ်း၊ တံတားနှင့် မြို့ပြဆိုင်ရာ ရည်မှန်းချက်များ ဖြစ်သည်။**

ထိုသို့ တစ်နိုင်ငံလုံး အတိုင်းအတာအရ လမ်း၊ တံတားနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းတို့ကို တွေ့ဆုံမေးမြန်းခဲ့သည် -

**ဦးဟန်ဇော်**
**(ပြည်ထောင်စုဝန်ကြီး၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန)**

**မေး ။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းဆောင်ရွက်ရာမှာ ချမှတ်ထားတဲ့ မူဝါဒ၊ ရည်မှန်းချက်နဲ့ တာဝန်ဝတ္တရားတွေ၊ မဟာဗျူဟာ၊ နည်းဗျူဟာတွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ပြည်သူတစ်ရပ်လုံးရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားလာစေဖို့အတွက် လမ်းတွေ၊ တံတားတွေနဲ့ လူနေထိုင်ဖို့ အဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ တိုင်းဒေသကြီး /ပြည်နယ်တွေအလိုက် လမ်း၊ တံတားနဲ့ မြို့ပြဒေသတွေ အချိုးညီ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ မြန်မာနိုင်ငံရဲ့ GDP တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုတဲ့ သယ်ယူပို့ဆောင်ရေးစရိတ်ကို အနည်းဆုံးလျှော့ချနိုင်ဖို့၊ သွားလာမယ့်အချိန် အတိုဆုံးဆောင်ရွက်နိုင်ရေးအတွက် လမ်း၊ တံတားတွေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းနဲ့ အတားအဆီးတွေ ဖယ်ရှားဖို့၊ နိုင်ငံသားတွေအားလုံး လူနေမှုဘဝမြှင့်တင်စေမယ့် သင့်လျော်ကောင်းမွန်တဲ့ အိမ်ရာတွေမှာ နေထိုင်နိုင်ဖို့၊ ကျေးလက်လမ်း၊ တံတားတွေ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးဖို့နဲ့ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့တို့ ဖြစ်ပါတယ်။

**မေး ။ ။ ရည်မှန်းချက်နဲ့ တာဝန်တွေကို ပြောပြပေးပါ။**

ဖြေ ။ ။ ရည်မှန်းချက်နဲ့ တာဝန်ဝတ္တရားတွေက ၂၀၃၀ ပြည့်နှစ်မှာ လက်ရှိ ကီလိုမီတာ ၄၂၀၀၀ ကျော်ရှိ လမ်းတွေကို ASEAN Class III (၁၈ ပေအကျယ် ကတ္တရာလမ်း/ ကွန်ကရစ်လမ်း) အဆင့်အနည်းဆုံးရောက်ရှိဖို့၊ ၂၀၃၀ ပြည့်နှစ်မှာ တံတားတွေအားလုံး ၂၄ ပေအကျယ် နှစ်လမ်းသွား RC သံကူကွန်ကရစ် တံတား/ PC ကြိုတင်အားဖြည့် ကွန်ကရစ်တံတား/သံပေါင်တံတားအဆင့် အနည်းဆုံးရောက်ရှိဖို့ ဖြစ်ပါတယ်။

၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံက မြို့ပေါင်း ၃၃၀ ကျော်ကို စနစ်ကျသော မြို့ပြ Urban Planning အဖြစ် အကွက်ချ တည်ဆောက်ပြီးဖြစ်တဲ့ မြို့တွေဖြစ်ဖို့နဲ့ ဒီမြို့တွေမှာ အစိုးရပိုင်းနဲ့ ပုဂ္ဂလိကပိုင်းဆိုင်ရာတွေက တည်ဆောက်မယ့် အိမ်ခန်းပေါင်းတစ်သန်း တည်ဆောက်ပြီးစီးဖို့၊ ၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရှိ ကျေးရွာတွေအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းနဲ့ နိုင်ငံတွင်းက ကျေးလက်လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေး သွားလာနိုင်တဲ့ ကျေးလက်လမ်းတွေအဖြစ် အသုံးပြုနိုင်ဖို့အတွက် နှစ်စဉ်အဆင့်မြှင့်တင် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

အလားတူ ၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံအတွင်းက ကျေးလက်လမ်း စုစုပေါင်းမိုင် ၅၅၀၀၀ ကျော်ရှိသည့်အနက် Class A အဆင့်ရှိ လမ်းမိုင် ၂၅၆၀၀ ကျော်ကို ၁၂ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း၊ Class B အဆင့်ရှိ လမ်းမိုင် ၁၇၀၀၀ ကျော်ကို ၁၂ ပေ အကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်လမ်း၊ Class C အဆင့်ရှိ လမ်းမိုင် ၁၂၄၀၀ ကျော်ကို ၁၂ပေ အကျယ် ကျောက်လမ်းသို့မဟုတ် အမာခံလမ်းအဖြစ် ဆောင်ရွက်သွားဖို့ ပါဝင်ပါတယ်။

**မေး ။ ။ မဟာဗျူဟာ၊ နည်းဗျူဟာတွေကို ဘယ်လိုထားရှိပြီး လုပ်ငန်းဆောင်ရွက်တယ်ဆိုတာလည်း ရှင်းပြပေးပါ။**

ဖြေ ။ ။ နိုင်ငံတော်ရန်ပုံငွေ (Government Budget) နဲ့ အကောင်အထည်ဖော်ဆောင်ရွက်တာ၊ လုပ်ငန်းတွေအနက် ဖြစ်နိုင်ခြေရှိတဲ့ လုပ်ငန်းတချို့ကို Public Private Partnership (PPP) Program စနစ်နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်တာ၊ နိုင်ငံတကာအကူအညီ Development Partner တွေဖြစ်တဲ့ JICA, ADB, WB, KOICA နဲ့ TICA စတဲ့ အဖွဲ့အစည်းတွေနဲ့ အလှူရှင်တွေရဲ့ ကူညီထောက်ပံ့ငွေ (Grant)/ ချေးငွေ(Loan) တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**မေး ။ ။ ဥပဒေစည်းမျဉ်းတွေ ရေးဆွဲဆောင်ရွက်လျက်ရှိတဲ့ အခြေအနေတွေကိုလည်း ပြောပြပေးပါ။**

*အချပ်ပို (ခ) သို့*

**ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ နောက်ပိုင်းမှာ လုပ်ငန်းတွေကို ကိုယ်တိုင်မဆောင်ရွက်တော့ဘဲ (Regulatory Body) ထိန်းသိမ်းကွပ်ကဲသောအဖွဲ့ ဖွဲ့စည်းပြီး လိုအပ်တဲ့ စည်းမျဉ်း/စည်းကမ်းတွေနဲ့အညီ နည်းပညာပိုင်းနဲ့ အရည်အသွေးပိုင်းတွေ မှန်ကန်ပြည့်မီဖို့ ကြပ်မတ်ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိ**



မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ) တံတားအား တည်ဆောက်ပြီးစီးပါက တွေ့မြင်ရမည့်ပုံစံ



ပဲခူးမြစ်ကူး ရန်ကုန်-သန်လျင်တံတားအမှတ်-၃ သရုပ်ဖော်ပုံစံ။

*အချပ်ပို (က) မှ*

ဖြေ ။ ။ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းတွေ (Myanmar National Building Code – MNBC) ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး UN – Habitat နဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့ ပူးပေါင်းဆောင်ရွက်သလို ဆက်နွှယ်ဝန်ကြီးဌာနတွေနဲ့ အစိုးရအဖွဲ့အစည်းတွေရဲ့ ပံ့ပိုးကူညီမှုနဲ့ ၂၀၁၆ ခုနှစ်မှာ အင်္ဂလိပ်ဘာသာနဲ့ ပြုစုနိုင်ခဲ့ပြီး ရုံးသုံးစာ(မြန်မာစာ)အဖြစ် ဘာသာပြန်ဆိုခြင်းကို ၂၀၂၀ ပြည့်နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိပါတယ်။

အဆောက်အအုံ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (Building Construction Industry Development Law) (BCID Law) (မူကြမ်း)ကို ၂၀၁၈ ခုနှစ်မှာ စတင်ရေးသားပြုစုခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတွေကို သဘောထားမှတ်ချက် တောင်းခံဆောင်ရွက်ခဲ့ရာမှာ အပြီးသတ်မှတ်ချက်ကို ရရှိထားပြီးဖြစ်ပါတယ်။

ဥပဒေအပိုင်းအနေနဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်မှာ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေ၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှာ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေနဲ့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်မှာ ထပ်မံပြင်ဆင်တဲ့ နည်းဥပဒေတွေကို ထုတ်ပြန်နိုင်ခဲ့ပါတယ်။ အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း)နဲ့ အမျိုးသားအဆင့် မြို့ပြစီမံကိန်းဥပဒေ(မူကြမ်း)တွေကို အတည်ပြု ပြဋ္ဌာန်းနိုင်ဖို့ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

အဓိက စီမံကိန်းကြီးတွေဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှာ New Mandalay Resort City စီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှာ Eco Green City စီမံကိန်းနဲ့ Korea–Myanmar Industrial Complex (KMIC) စီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်မှာ Smart District နဲ့ ရောဝဏ်နှင့် ရတနာ တန်ဖိုးမျှတအိမ်ရာ စီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း) မြို့နယ်မှာ Yangon Amata Smart and Eco City စီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ နောက်ပိုင်းမှာ လုပ်ငန်းတွေကို ကိုယ်တိုင်မဆောင်ရွက်တော့ဘဲ (Regulatory Body) ထိန်းသိမ်းကွပ်ကဲသောအဖွဲ့ ဖွဲ့စည်းပြီး လိုအပ်တဲ့ စည်းမျဉ်း/စည်းကမ်းတွေနဲ့အညီ နည်းပညာပိုင်းနဲ့ အရည်အသွေးပိုင်းတွေ မှန်ကန်ပြည့်မီဖို့ ကြပ်မတ်ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပြီး အဂတိကင်းရှင်းစွာနဲ့ လုပ်ငန်းတွေ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆောက်လုပ်ရေး လုပ်ငန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေက တာဝန်ယူဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ အစိုးရရဲ့ စတုတ္ထ(၁)နှစ် တာကာလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုတွေကို ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာကျော်လင်း**
**(ဒုတိယဝန်ကြီး၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန)**

**မေး ။ ။ ဆောက်လုပ်ရေး ဝန်ကြီးဌာနကနေ စတုတ္ထ (၁) နှစ်တာအတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေနဲ့ ဆောင်ရွက်ဆဲလုပ်ငန်းတွေကို အရင်ဆုံးသိပါရစေရှင့်။**

ဖြေ ။ ။ ပထမဦးစွာ ကျွန်တော်တို့ဝန်ကြီးဌာနက အဆောက်အဦ ဦးစီးဌာနရဲ့ လုပ်ငန်းတွေကို ပြောပြချင်ပါတယ်။ အဆောက်အဦ ဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်တွေက မြန်မာတစ်နိုင်ငံလုံးမှာ ဆောင်ရွက်နေတဲ့ အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး အားလုံး စံချိန်စံညွှန်းပြည့်မီရေး၊ အရည်အသွေးကောင်းမွန်ရေးနဲ့ အချိန်မီပြီးစီးရေးတို့နဲ့ ပတ်သက်ပြီး လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ညွှန်ကြားချက်တွေ ထုတ်ပြန်ဖို့ အဆောက်အဦဦးစီးဌာနရဲ့ လုပ်ငန်းတာဝန်တွေ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး အဆောက်အဦ ဦးစီးဌာနအနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာအရ စံချိန်စံညွှန်းတွေ တစ်ပြေးညီဖြစ်ဖို့၊ လက်ရာလက်သားတွေနဲ့ အရည်အသွေးတွေ ကောင်းမွန်ဖို့အတွက် အဆောက်အအုံ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ Building Construction Industry Development Law (BCID–Law) ကို ရေးဆွဲတင်ပြထားပါတယ်။ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပြီးရင် BCID – Law ဟာ တစ်နိုင်ငံလုံးအတိုင်းအတာအရ လွှမ်းခြုံပြီး စံချိန်စံညွှန်းတွေကို တစ်ပြေးညီ ထုတ်ပြန်သွားဖို့ ရှိပါတယ်။

ဒီနေရာမှာ BCID–Law ကို အတည်ပြုပြီးတဲ့အချိန်မှာ လက်ကိုင်ပြုရမယ့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းတွေ Myanmar National Building Code (MNBC) ကို UN–Habitat အကူအညီနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့ ပူးပေါင်းရေးဆွဲတာ အင်္ဂလိပ်ဘာသာနဲ့ ပြုစုတာပြီးနေပါပြီ။ မြန်မာဘာသာပြန်နေတာလည်း ၉၅ ရာခိုင်နှုန်းလောက်ပြီးနေပြီဖြစ်တဲ့အတွက် မကြာခင်မှာ ကျွန်တော်တို့ တစ်နိုင်ငံလုံးကို ဖြန့်ဝေသွားမှာ ဖြစ်ပါတယ်။

ဒ့ါပြင် ကျွန်တော်တို့ BCID–Law ထွက်လာပြီးရင် ဆောက်လုပ်ရေးလုပ်ငန်းတွေ လက်ကိုင်ထားရမယ့် ဆောက်လုပ်ရေး၊ မီးသတ်၊ ဘေးကင်းလုံခြုံရေးတွေနဲ့ ပတ်သက်တဲ့ Manual တွေရှိပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး ကိုရီးယားနိုင်ငံ KOICA ရဲ့ အကူအညီနဲ့ ရေးဆွဲပြီးဖြစ်ပါတယ်။ BCID–Law ထွက်လာပြီးရင် ညွှန်ကြားချက်တွေ ထုတ်ပြန်ဖို့ အတွဲလိုက်ပြုစုထားပြီး ဖြစ်ပါတယ်။

**မေး ။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ISO ဓာတ်ခွဲခန်းက ဘယ်လိုအပိုင်းကို စစ်ဆေးပေးတယ်ဆိုတာလည်း သိပါရစေရှင့်။**

ဖြေ ။ ။ အဆောက်အဦဦးစီးဌာနမှာ ဓာတ်ခွဲခန်း ရှိပါတယ်။ ဒီဓာတ်ခွဲခန်းမှာ အဆောက်အဦ အရည်အသွေးစစ်ဆေးခြင်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ အခုဆိုရင် ဓာတ်ခွဲခန်းကလည်း ISO/ IEC 17025 : 2017 ရရှိပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ISO က 9001 Quality Management System နဲ့ ပတ်သက်ပြီး ရတာများပါတယ်။ အခု အဆောက်အဦ အရည်အသွေး စစ်ဆေးတာနဲ့ ပတ်သက်ပြီး ISO/ IEC 17025 : 2017 က ပထမဦးဆုံးရတာ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ ရေရှည်မှာ အဆောက်အဦတွေ အရည်အသွေး တစ်ပြေးညီဖြစ်ဖို့၊ အရည်အသွေးကောင်းမွန်ဖို့နဲ့ အချိန်မီပြီးစီးဖို့ လမ်းညွှန်ချက်တွေကို ဆက်လက် ထုတ်ပြန်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ လမ်းဦးစီးဌာနနဲ့ တံတားဦးစီးဌာနရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်းမှာ ဆောင်ရွက်ခဲ့တာတွေကိုလည်း ပြောပြပေးပါ။**

ဖြေ ။ ။ စတုတ္ထ (၁) နှစ်တာ ကာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ လမ်းလုပ်ငန်းတွေနဲ့ ပြီးခဲ့တဲ့ ၃ နှစ်တာ ကာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ လမ်းလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပြောတဲ့အခါ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ပြောချင်ပါတယ်။

ပထမဦးဆုံး ကချင်ပြည်နယ်မှာ လမ်းမိုင်ပေါင်း ၂၀၀၀ ကျော်ရှိပါတယ်။ ဒီ ၂၀၀၀ ကျော်အနက် ကတ္တရာလမ်း/ ကွန်ကရစ်လမ်း မဟုတ်တာက ၂၆ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ကျန်တဲ့ ၇၄ ရာခိုင်နှုန်းက ကတ္တရာလမ်း/ ကွန်ကရစ်လမ်းနဲ့ ရာသီမရွေး သွားလာလို့ရတဲ့ လမ်းတွေဖြစ်ပါတယ်။

ထူးခြားချက်အနေနဲ့ မြစ်ကြီးနား – ဆွမ်ပရာဘွမ် – ပူတာအိုလမ်းဆိုရင် မိုင်ပေါင်း ၂၂၀ ရှိပါတယ်။ အရင်တုန်းက ကမ္ဘာကျော် ဗွက်တန်းလမ်းဆိုပြီး သုံးညအိပ်၊ လေးညအိပ် သွားခဲ့ရတဲ့ ခရီးလမ်းတွေဖြစ်ပါတယ်။ မိုးရွာသီဆိုရင် လမ်းပြတ်တောက်သွားပါတယ်။ ဒီလိုဆိုးဝါးတဲ့အခြေအနေက သုံးနှစ်တာကာလ အတွင်းမှာ ကွန်ကရစ်လမ်း၊ ကတ္တရာလမ်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ပြီးစီးလို့ လာမယ့် မေလမှာ ဆောင်ရွက်ပြီးစီးမှု အထိမ်းအမှတ်ဖွင့်ပွဲကို ဆောင်ရွက်သွားဖို့ စီစဉ်လျက်ရှိပါတယ်။ အခုလို လမ်းကောင်းမွန်သွားပြီ ဖြစ်တဲ့အတွက် မြစ်ကြီးနားကနေ မနက် ၆ နာရီသွားရင် ပူတာအိုကို ညနေ ၆ နာရီဆို ရောက်ပါတယ်။ နေ့ချင်းရောက်သွားလာနိုင်နေပါပြီ။ ပူတာအိုကနေ အထက်ဆက်သွားရင် ခါကာဘိုရာဇီ တောင်ခြေမှာ ပန်နန်းဒင်မြို့၊ ဒီကနေ ဆက်သွားရင် နောင်မွန်မြို့ ဒီမြို့တွေကို အရင်က လေးညအိပ်လောက် သွားရပါတယ်။ ခြေလျင်ခရီးပဲရှိတဲ့ နေရာတွေ ဖြစ်ပါတယ်။ အခုဆိုရင် ကားလမ်းပေါက်သွားပြီး ဒီလမ်းပေါ်က တံတားတွေ တည်ဆောက်ပြီးဖြစ်တဲ့အတွက် အခုဆိုရင် ပူတာအိုကနေ ပန်နန်းဒင်နဲ့ နောင်မွန်မြို့တွေကို နေ့ချင်းပြန်သွားလို့ ရပါပြီ။

မြစ်ကြီးနား – ဗန်းမော်လမ်းဆိုရင် အရင်က လမ်း၊ တံတားတွေ မကောင်းတော့ တစ်နေကုန်သွားရတဲ့ ခရီးလမ်းတွေ ဖြစ်ပါတယ်။ အခုဆိုရင် မြစ်ကြီးနားကနေ ဗန်းမော်ကို နှစ်နာရီနဲ့ သွားနိုင်ဖို့ ရည်ရွယ်ပြီး ကတ္တရာလမ်း/ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ရွှေဘို – မြစ်ကြီးနားလမ်းပိုင်းတစ်ခုလုံးကို ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းပြီး ဒီလမ်းပိုင်းပေါ်က တံတားတွေကို ကွန်ကရစ်တံတားတွေအဖြစ် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ကယားပြည်နယ်မှာ စုစုပေါင်းလမ်းမိုင် ၅၀၀ ကျော်ရှိတဲ့အနက် လမ်းရဲ့ ၈၀ ရာခိုင်နှုန်းအထိကို ကတ္တရာလမ်း/ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျန် ၂၀ ရာခိုင်နှုန်းကို ကတ္တရာလမ်း/ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ဖို့ ကျန်ပါတယ်။ ရာသီမရွေး လမ်းအဖြစ်က ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ကယားပြည်နယ်က ကန္တာရဝတီ တံတားဖွင့်ပွဲကို စတုတ္ထ(၁)နှစ်တာ ကာလအတွင်းမှာ ကျင်းပခဲ့ပါတယ်။ ကယားပြည်နယ်မှာ သုံးနှစ်တာကာလအတွင်း လိုအပ်နေတဲ့ လမ်း၊ တံတားတွေကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကရင်ပြည်နယ်မှာရှိတဲ့ လမ်းမိုင်ပေါင်း ၈၀၀ ကျော်အနက် ၂၀ ရာခိုင်နှုန်းကို ကတ္တရာလမ်း/ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ဖို့ ကျန်ပါတယ်။ လမ်းရဲ့ ၈၀ ရာခိုင်နှုန်းအထိကို ကတ္တရာလမ်း/ ကွန်ကရစ်လမ်းနှင့် ရာသီမရွေး သွားလာလို့ရတဲ့ လမ်းတွေအဖြစ် အဆင့်မြှင့်တင်ပြီး ဖြစ်ပါတယ်။ ကရင်ပြည်နယ်မှာ ထူးခြားတာက ထိုင်းနိုင်ငံနဲ့ အဓိက ကုန်သွယ်တဲ့ ပြည်နယ်တစ်ခုဖြစ်တဲ့အတွက် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး တိုးတက်မှုဟာ မြန်မာနိုင်ငံရဲ့ ကုန်သွယ်စီးပွားတိုးတက်ဖို့နဲ့ ဆက်နွှယ်နေပါတယ်။ ဒါကြောင့် ကရင်ပြည်နယ် မြဝတီမြို့မှာ မြန်မာ – ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီတံတားနဲ့ ဆက်စပ်နေတဲ့ အိန္ဒူ – ကော့ကရိတ်လမ်းပိုင်း ရှိပါတယ်။ အိန္ဒူ–ကော့ကရိတ် လမ်းပိုင်းကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ရဲ့ ချေးငွေဒေါ်လာသန်း ၁၂၀ နဲ့ အဆင့်မြှင့်တင် ဆောင်ရွက်နေပါတယ်။

*အချပ်ပို (ဂ) သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ

*အချပ်ပို(ခ)မှ*

လာမယ့်ပွင့်လင်းရာသီမှာ ပြီးစီးအောင် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီလမ်းပိုင်း ပြီးသွားရင် ဘားအံကနေ မြဝတီအထိ လမ်းပန်းဆက်သွယ်ရေးဟာ တိုးတက်ဖွံ့ဖြိုး လာတော့မှာ ဖြစ်ပါတယ်။ ဒ့ါပြင် ဒီလမ်းပေါ်မှာ ကော့ကရိတ်တံတား ရှိပါတယ်။ ဒီကော့ကရိတ် တံတားကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ(JICA) အကူအညီနဲ့ အရင်ကြိုးတံတားအဖြစ်ကနေ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။

ချင်းပြည်နယ်မှာ လမ်းမိုင်ပေါင်း ၁၃၀၀ ကျော်ရှိတဲ့အနက် ကတ္တရာလမ်း/ ကွန်ကရစ် လမ်းမဟုတ်တာ ၁၆ ရာခိုင်နှုန်းပဲ ရှိပါတော့ တယ်။ လေးနှစ်တာကာလအတွင်း ၈၄ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါ တယ်။ ချင်းပြည်နယ်နဲ့ ပတ်သက်ပြီး အစိုးရ တက်လာကတည်းက ရခိုင်ပြည်နယ်နဲ့ ချင်း ပြည်နယ် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖို့ အလေးပေး မှာကြားထားတာ ရှိပါတယ်။ ဒါကြောင့် ဒီပြည်နယ် နှစ်ခုရဲ့ လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေး(၁) အနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ချင်းပြည်နယ်ရဲ့ မြောက်ဘက်အစွန် ကျီခါးနဲ့ တွန်းဇံမြို့ကို သွားမယ်ဆိုရင် လမ်းမှာ နှစ်ညအိပ်၊ သုံးညအိပ် သွားရပါတယ်။ တောင်ဘက်အစွန်ဖြစ်တဲ့ ပလက်ဝမြို့ကို သွားမယ်ဆိုရင် အချိန် တော်တော် ယူရပါတယ်။ ဒီလိုအခြေအနေ ကနေ အခုလေးနှစ်တာ ကာလအတွင်းမှာ မြောက်ဘက်အစွန်ဆုံး ကျီခါးကနေ တောင်ဘက်အစွန်ဆုံး တွန်းဇံမြို့အထိ ကားလမ်းပေါက်အောင် ဖောက်လုပ်နိုင်ခဲ့ ပါတယ်။

ချင်းပြည်နယ်မှာ လေယာဉ်ကွင်း တည်ဆောက်နေတဲ့ ဖလမ်းမြို့ကို ဗဟိုပြုပြီး ဖလမ်း – ဟားခါးလမ်း၊ ဖလမ်း–ရိခ်၊ ဖလမ်း– တီးတိန် စတဲ့ လမ်းပိုင်းတွေကို ကတ္တရာလမ်း/ ကွန်ကရစ်လမ်းဖြစ်အောင် လေးနှစ်တာ ကာလအတွင်း ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ အခု ကလေး – ဖလမ်း – ဟားခါးလမ်း ၁၂၄ မိုင်ကို ကမ္ဘာ့ဘဏ်(World Bank) ချေးငွေနဲ့ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။ အခုဆိုရင် ဖြစ်နိုင်စွမ်း တိုင်းတာမှုတွေကို ဆောင်ရွက်နေပါပြီ။ မကြာခင် အဆင့်မြှင့်တင် သွားတော့မှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးမှာ လမ်းမိုင် ၂၈၀၀ ကျော်အနက် ၉၅ ရာခိုင်နှုန်းကို ရာသီမရွေး လမ်းတွေအဖြစ် ဆောင်ရွက်နိုင်ခဲ့ ပါတယ်။ အထူးပြောချင်တာက လဟယ်မြို့ကို အရင်က လဟယ်မြို့ကို သွားဖို့ခက်ခဲပါတယ်။ အခုဆိုရင် လဟယ်နဲ့ ခန္တီးက သုံးနာရီခွဲနဲ့ ခရီးပေါက်အောင် ကားလမ်းဆောင်ရွက် ပြီးပါပြီ။ လဟယ်ဆိုတာ ဝေးလံတဲ့ဒေသတစ်ခု မဟုတ်ပါဘူး။ ပြီးတော့ လေရှီးကိုသွားတဲ့ ၄၂ မိုင်ခရီးကိုလည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ဖြစ်ပါတယ်။ နန်းယွန်း မြို့ကို အရင်က ကချင်ပြည်နယ်ကနေ သွားရ တာ ဖြစ်ပါတယ်။ အခု လေးနှစ်တာ ကာလ အတွင်းမှာ နန်းယွန်းကို ကားလမ်းဖောက်လုပ် ပြီးသွားပါပြီ။ နွေရာသီဆိုရင် လဟယ်နဲ့ နန်းယွန်းက နေ့ချင်းပြန် သွားလို့ရပါတယ်။ မိုးရာသီမှာ တစ်ဆင့်နားပြီးသွားရတဲ့ အနေ အထားပါ။ စစ်ကိုင်းတိုင်းဒေသကြီးထဲက တခြားနေရာတွေမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းဖို့အတွက် ဆောင်ရွက်လျက် ရှိပါ တယ်။ ရေဦးမြို့ ဒေသခံတွေ လိုလားနေတဲ့ မူးမြစ်ကူးတံတား(ရေဦး)ကိုလည်း တည် ဆောက်နေပါပြီ။

တနင်္သာရီတိုင်းဒေသကြီးမှာ လမ်းမိုင် ပေါင်း ၁၇၀၉ မိုင်ရှိတဲ့အနက် ကတ္တရာလမ်း/ ကွန်ကရစ်လမ်း မဟုတ်တဲ့ လမ်းက ၁၆ ရာခိုင်နှုန်းပဲ ရှိပါတော့တယ်။ အရင်က ထားဝယ် – ကော့သောင်းကို နှစ်ညအိပ်သွားရ ပေမယ့် အခုနေ့ချင်းပေါက် ခရီးရောက်နေပါပြီ။ လမ်းရဲ့ တချို့နေရာတွေမှာ AC လမ်းအဆင့် အထိ မြှင့်တင်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်နေတဲ့ ၁၆ ရာခိုင်နှုန်းက အဓိကလမ်းပိုင်းကနေ ထိုင်းနိုင်ငံကို ဆက်သွယ်တဲ့ လမ်းတိုလေးတွေ ကျန်နေခဲ့တာပါ။ ဒါကိုလည်း ဆက်ပြီး အဆင့် မြှင့်တင်သွားမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်း ဒေသကြီးမှာ ဆောက်လုပ်နေတဲ့ တံတား သုံးစင်းရှိပါတယ်။ သမုတ်လွတ်လွတ်၊ ပုလုံး တုံးတုံးနဲ့ တနင်္သာရီ တံတားတို့ ဖြစ်ပါတယ်။ ဒီသုံးစင်းလုံးကို ၂၀၂၀ ပြည့်နှစ်အတွင်းမှာ အပြီးတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွက် လိုအပ်နေတဲ့ တံတားတွေအားလုံး တည်ဆောက်ပြီး ဖြစ်သွားမှာ ဖြစ်ပါတယ်။



ဒေါက်တာကျော်လင်း
ဒုတိယဝန်ကြီး

ပဲခူးတိုင်းဒေသကြီးအနေနဲ့ လမ်းမိုင်ပေါင်း ၁၃၄၂ မိုင်အနက်မှ ၅ ရာခိုင်နှုန်းပဲ ကတ္တရာ လမ်း/ကွန်ကရစ်လမ်းမဟုတ်တဲ့ လမ်းတွေ ဖြစ်ပါတယ်။ ကျန်တာတွေက ကတ္တရာလမ်း/ ကွန်ကရစ်လမ်းတွေ ဖြစ်ပါတယ်။ အမာခံလမ်း တွေအဖြစ် ဖောက်လုပ်ပြီးသား ဖြစ်ပါတယ်။ အဓိက ပဲခူးတိုင်းဒေသကြီးမှာ ဆောင်ရွက် နေတာက ပဲခူးအနောက်ခြမ်း ပြည်နဲ့ အရှေ့ခြမ်း တောင်ငူကို ဆက်သွယ်တဲ့ ရိုးမ ဖြတ်လမ်းကို ဖောက်လုပ်နေပါပြီ။ ရိုးမ ဖြတ်လမ်း ခုနစ်လမ်း ရှိပါတယ်။ ဒါကြောင့် ရိုးမဖြတ်လမ်းတွေ တိုးတက်ဖို့ အဲဒီလမ်းပေါ်က တံတားတွေ RC ဖြစ်ဖို့လည်း ဆောင်ရွက် နေတာရှိပါတယ်။

မကွေးတိုင်းဒေသကြီးမှာ လမ်းမိုင် ၂၀၀၀ ကျော်ရှိတဲ့အနက် ၉၉ ရာခိုင်နှုန်းအထိ ရာသီမရွေးလမ်း၊ ကတ္တရာလမ်းတွေအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပါပြီ။ မြေသားလမ်းအဖြစ် နဲ့က ၁ ရာခိုင်နှုန်းလောက်ပဲ ကျန်ခဲ့တာပါ။ ဒါကို ရာသီမရွေးလမ်းအဖြစ် အဆင့်မြှင့်တင်သွားမှာ ဖြစ်ပါတယ်။ ဒီလမ်းနဲ့အတူ လိုအပ်နေတဲ့ မုန်းချောင်း တံတားကိုလည်း RC အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ သရက်–အောင်လံ ဧရာဝတီမြစ်ကူး တံတားကို မကွေးတိုင်း ဒေသကြီးမှာ စတင်တည် ဆောက်နေပါပြီ။

မန္တလေးတိုင်း ဒေသကြီး မှာ ၃ ရာခိုင်နှုန်းလောက် ကတ္တရာလမ်းအဖြစ် အဆင့် မြှင့်တင်ဖို့ ကျန်နေပါတယ်။ ဒီနှစ်ထဲမှာ ဆောင်ရွက်သွား မှာ ဖြစ်ပါတယ်။ မန္တလေးတိုင်း ဒေသကြီးက တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှု အချက်အချာကျတဲ့အတွက် တိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးကောင်းဖို့ကိုလည်း အဓိကထား ဆောင်ရွက်နေပါတယ်။ မွန်ပြည်နယ်ကလည်း ထိုင်းနိုင်ငံနဲ့ ဆက်စပ်နေတဲ့အတွက် ပြည်နယ် လမ်းတွေ ကောင်းမွန်အောင် ဆောင်ရွက်နေ သလို ပြည်နယ်တံတားတွေဖြစ်တဲ့ အတ္တရံ တံတားနဲ့ ဇာသပြင်တံတားတွေကို အဆင့် မြှင့်တင် ဆောင်ရွက်နေပါတယ်။

**မေး ။ ။ နိုင်ငံတော်အကြီးအကဲတွေ မှာကြား ထားတဲ့ ဦးစားပေးပြည်နယ်ဖြစ်တဲ့ ရခိုင်ပြည်နယ်မှာ ဆောင်ရွက်နေတာတွေ ကိုလည်း ပြောပြပေးပါ။**

ဖြေ ။ ။ ရခိုင်ပြည်နယ်ဆိုရင် ဦးစားပေး ဆောင်ရွက်ဖို့ မှာကြားထားတဲ့ ပြည်နယ်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဝင်ပေါက် လမ်းမကြီးတွေ ရှိပါတယ်။ အရင်က ရန်ကုန် ကနေ ငပလီကို ၁၂ နာရီလောက် သွားရပါ တယ်။ အခုလေးနှစ်တာအတွင်းမှာ အဆင့် မြှင့်တင် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ရှစ်နာရီနဲ့ ငပလီကို ရောက်တဲ့ အနေအထား ဖြစ်နေပါပြီ။ မင်းဘူးကနေ အမ်းကို အရင်က ၁၈ နာရီ လောက်သွားရပေမယ့် အခုဆိုရင် ၁၀ နာရီ လောက်နဲ့ ကားလမ်းကနေ သွားလာနိုင်နေ ပါပြီ။ ဒီလမ်းပေါ်မှာရှိတဲ့ တံတားတွေ အားလုံး ကိုလည်း RC အဆင့်မြှင့်တင်လျက်ရှိပါတယ်။ အငူမော်ကနေ မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောအထိ လမ်းအားလုံးကို ကွန်ကရစ် လမ်းအဖြစ် UEHRD အစီအစဉ်နဲ့ အဆင့် မြှင့်တင်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ မေယုတောင် ကျော်လမ်း လေးလမ်းကိုလည်း လေးနှစ် အတွင်း လမ်းပေါက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

**မေး ။ ။ ကျန်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် တွေက စတုတ္ထ (၁) နှစ်တာအတွင်း ဆောင်ရွက်ခဲ့တာတွေကိုလည်း သိချင်ပါ တယ်။**

ဖြေ ။ ။ ကျန်တဲ့ ရှမ်း၊ ရန်ကုန်နဲ့ ဧရာဝတီတို့က လမ်းတံတားတွေ ဖွံ့ဖြိုးတိုးတက် အောင် ပြီးခဲ့တဲ့ လေးနှစ်တာကာလအတွင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးမှာ ပုသိမ်တံတားကို လာမယ့်ဇွန်လမှာ ဖွင့်လှစ်နိုင်အောင် ဆောင် ရွက်နေပါတယ်။ မြောင်းမြတံတားသစ်နဲ့ လပွတ္တာတံတားတို့ကို ဖွင့်လှစ်ပြီးပါပြီ။ ရွှေလောင်းကြိုးတံတားကို RC တံတားအဖြစ် အဆင့်မြှင့်တင်နေပါပြီ။ ဝါးခယ်မတံတားကို ဖွင့်လှစ်နိုင်ဖို့ စီစဉ်နေပြီး စော်ကဲတံတားနဲ့ ကျွန်းပြသာဒ်တံတားတွေ ဆက်လက်ပြီး ဖွင့်လှစ်သွားဖို့ရှိပါတယ်။ ဒါက လမ်း၊ တံတား တွေနဲ့ပတ်သက်ပြီး ဆောင်ရွက်ချက်တွေပါ။ လမ်း၊ တံတားနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့ကာလ အတွင်းမှာ ထူးထူးခြားခြား တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး ။ ။ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့တာရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ ရန်ကုန် – မန္တလေး အမြန်လမ်းပေါ်မှာ ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားတာ ရှိပါတယ်။ ဒီလို ဖြစ်ပွားတာတွေအတွက် လမ်းနဲ့ ပတ်သက်ပြီး ပြည်သူတွေကြားမှာ သတင်း ဖြစ်ပေါ်ခဲ့တာလည်း ရှိပါတယ်။ ၂၀၁၆ ခုနှစ်အထိ လမ်းအသုံးပြုတဲ့ ယာဉ်အစီးရေ ၃၀၀၀ ကျော်လောက်ရှိပြီး တစ်နှစ်လုံးမှာ ယာဉ်မတော်တဆမှု ၇၀၀ ကျော် ဖြစ်ပွားခဲ့ပါ တယ်။

*အချပ်ပို (ဃ) သို့*



ချင်းပြည်နယ် ဟားခါးမြို့ မြို့ပတ်လမ်း ဖောက်လုပ်ထားမှုကို တွေ့ရစဉ်။

*အချပ်ပို(ဂ)မှ*

လူသေဆုံးမှု ၁၇၀ ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်တွေအတွင်းမှာ အဆင့်မြှင့်တင်ခဲ့တာ ရှိပါတယ်။ လမ်းလယ်ကျွန်းတွေကို အမြင့်ကနေ နိမ့်အောင် ဆောင်ရွက်လိုက်တဲ့အတွက် လမ်းလယ်ကျွန်းကို ပွတ်ပြီးဖြစ်တဲ့ ယာဉ်တိမ်းမှောက်မှုတွေ အများကြီးလျော့သွားပါတယ်။

အခု ကတ္တရာလမ်းကနေ AC ခင်းတဲ့လမ်းတွေ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်အတွင်းမှာ ယာဉ်အစီးရေ ၅၀၀၀ လောက် ဖြတ်သန်းသွားလာခဲ့ရာမှာ ယာဉ်မတော်တဆမှု ၅၀၀ ခန့် ဖြစ်ပွားခဲ့ပါတယ်။ ယာဉ်စီးရေ တိုးလာပေမယ့် ယာဉ်တိုက်မှုက ၇၀၀ ကနေ ၅၀၀ ကို လျော့ကျသွားသလို ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုက ၁၀၈ ယောက်အထိ လျော့ကျသွားပါတယ်။ ဆက်လက်ပြီး အမြန်လမ်း အဆင့်မြှင့်တင်တဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ဝန်ကြီးဌာနရဲ့ ဦးစီးဌာနတစ်ခုဖြစ်တဲ့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ဆောင်ရွက်မှုက ဘာတွေဖြစ်မလဲ။**

ဖြေ ။ ။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ လုပ်ငန်းက မြို့ပြစီမံကိန်းတွေ အဓိကရေးဆွဲတာပါ။ ဒီလို မြို့ပြစီမံကိန်းရေးဆွဲတဲ့နေရာမှာ ဒီနှစ်ထဲ မြို့ပေါင်း ၂၁ မြို့ရဲ့ စီမံကိန်းတွေ ရေးဆွဲနိုင်ခဲ့ပါတယ်။ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး မြို့ပြဖွံ့ဖြိုးရေးကိစ္စတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အိမ်ရာတွေအနေနဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ အခန်းပေါင်း ၁၁၄၄ ခန်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ အခန်းပေါင်း ၆၇၆ ခန်းကို အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ဝန်ထမ်းအိမ်ရာအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဝန်ထမ်းအခန်းပေါင်း ၂၅၃၈ ခန်း တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမှာ ဝန်ထမ်း အငှားအိမ်ရာဆိုပြီး အခန်းပေါင်း ၆၇၆ ခန်းကို တည်ဆောက်ပြီး ဝန်ထမ်းတွေကို နေရာချ ထားပေးနိုင်ခဲ့ပါတယ်။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ကိုရီးယားနိုင်ငံ Land and Housing Corporation(LH) နဲ့ ပူးပေါင်းပြီး Korea Myanmar Industrical Complex(KMIC) ဆိုပြီး ဆောင်ရွက်နေတာရှိပါတယ်။



ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်နှင့် ဒလမြို့နယ်တို့ကို ရန်ကုန်မြစ်အား ဖြတ်သန်း၍ ဆက်သွယ်တည်ဆောက်နေသော မြန်မာ-ကိုရီးယားချစ်ကြည်ရေး (ဒလ) တံတား စီမံကိန်းကို တွေ့ရစဉ်။

**မေး ။ ။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ကျေးလက်လမ်း ဖော်ဆောင်ခဲ့မှုနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦးရှင်။**

ဖြေ ။ ။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျေးလက်လမ်း မိုင်ပေါင်း ၅၅၀၀၀ ကျော်ရှိတဲ့အနက် ၂၀၃၀ ပြည့်နှစ်မှာ ရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းကို ရာသီမရွေးလမ်း၊ ကတ္တရာ လမ်း/ကွန်ကရစ်လမ်းတွေအဖြစ် ဆောင်ရွက်ဖို့အတွက် Class A – B – C ခွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလ ၁၇ ရက်က နိုင်ငံတော်သမ္မတကြီးရဲ့ နှစ်သစ်ကူးမိန့်ခွန်းမှာ ကျေးလက်လမ်း မိုင်ပေါင်း ၆၀၀ ခန့် ဖောက်လုပ်ပေးမယ်လို့ ပြောကြားခဲ့တာရှိပါတယ်။

ဒီလို နိုင်ငံတော်သမ္မတကြီးရဲ့ ပြောကြားမှုအပေါ် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျောက်လမ်း ၄၆၄ မိုင်နဲ့ ဂဝံလမ်း ၁၀၆၈ မိုင် စုစုပေါင်း ၁၅၃၂ မိုင်၊ ပြီးတော့ ကွန်ကရစ်လမ်းမိုင် ၁၀၀၀ ဆောင်ရွက်ပေးမယ်ဆိုတဲ့နေရာမှာ ကွန်ကရစ်လမ်းပေါင်း ၃၅၁ မိုင်၊ ကတ္တရာလမ်း ၃၇၄ မိုင် စုစုပေါင်း ၇၂၅ မိုင်၊ ဒီနှစ်ခုပေါင်း မိုင်ပေါင်း ၁၆၀၀ ဆိုပြီး သမ္မတကြီးက ဆောင်ရွက်ဖို့ ပြောတဲ့အပေါ် ၂၂၅၇ မိုင် ဆောင်ရွက်ပြီးစီးခဲ့တဲ့အတွက် လျာထားချက်ထက် ၆၅၇ မိုင် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ စတုတ္ထ (၁) နှစ်တာအတွင်းမှာ ကွန်ကရစ်တံတား အစင်း ၅၄၀ ၊ သစ်သားတံတား ၂၂ စင်း၊ ဘေလီကြိုးတံတား ၁၇ စင်း၊ ရေကျော်ကြိုးတံတားပေါင်း ၈၆ စင်းနဲ့ Box Culvert အစင်း ၁၄၁၀ ကို တည်ဆောက်ခဲ့ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနမှာရှိတဲ့ ဦးစီးဌာနငါးခုအနေနဲ့ သက်ဆိုင်ရာကဏ္ဍအလိုက် လမ်း၊ တံတားနဲ့ မြို့ပြအိမ်ရာတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ။

**စတုတ္ထ (၁)နှစ်တာအတွင်းမှာ ကွန်ကရစ်တံတားအစင်း ၅၄၀ ၊ သစ်သားတံတား ၂၂ စင်း၊ ဘေလီကြိုးတံတား ၁၇ စင်း၊ ရေကျော်ကြိုးတံတားပေါင်း ၈၆ စင်းနဲ့ Box Culvert အစင်း ၁၄၁၀ ကို တည်ဆောက်ခဲ့**



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော် လမ်းပေါ်ရှိ မြောင်းမြတံတားသစ်ကို တွေ့ရစဉ်။